www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

**စီစဉ်သူ**
ကိုမိုး (တောင်ကြီး)
ဆင္ဒမအာရုံ မဂ္ဂဇင်း (အယ်ဒီတာချုပ်)

**စီမံ အုပ်ချုပ်ရေးမှူး**
ဒေါ်ဌေးဌေးလှိုင်

**မျက်နှာဖုံး ဒီဇိုင်း**
ဆင္ဒမ အာရုံ

**ပန်းချီ သရုပ်ဖော်**
ဖိုးအောင်

**ထုတ်ဝေသူ**
ဦးဟန်စိန် (၀၁၀၃၅)
ကျီတော် ရုပ်ပြ

**ပုံနှိပ်သူ**
ဦးကျော်သင်း (၀၀၆၂၆)
(သံလွင်ဦး ပုံနှိပ်တိုက်)

**ပုံနှိပ်ခြင်း**
၂၀၁၆ ခုနှစ်

**တန်ဖိုး**
၁၅၀၀ ကျပ်

**ဖြန့်ချိရေး**
ဆင္ဒမအာရုံ စာပေတိုက်
အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း (၅၀) အထက်၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀၊ ၀၉ ၃၀၀ ၅၀ ၁၆၀။

www.burmeseclassic.com

www.burmeseclassic.com



# စေတန်

# ကဝေ နဲ့ တစ္ဆေ

..ဓာ - ဖြမှ၄၂

- ဝမ်းတွင်းပါကဝေရှင်ဆရာဝန်တစ်ဦးနှင့်
- တစ္ဆေဖြစ်သွားသည့် မိန်းကလေးတစ်ဦးတို့၏

ထိတ်လန့်ချောက်ချားဖွယ်ရာ အဖြစ်အပျက်များကို

"ကဝေနဲ့ တစ္ဆေ" ဇာတ်လမ်းအဖြစ်

ပုံဖော်လိုက်သော အခါ..။

www.burmeseclassic.com

www.burmeseclassic.com

# စေတန်

## ကလေး သရဲ



။ ။စာ - ၄၇ မှ ၉၈

- လူကြီးအတတ်များကို အရွယ်နှင့် မလိုက်အောင် တတ်သိနားလည်နေသော ကလေးငယ်တစ်ဦး သေဆုံးပြီး "ကလေးသရဲ"ဖြစ်သွားသောအခါ။ ။

# စေတန်

## ဗိုက်ပူမ သရဲ



။ ။စာ - ၉၉ မှ ၁၅၈

- မင်္ဂလာဆောင်ချိန်တွင် အံ့အားသင့်ဖွယ် ဗိုက်ကြီးပူထွက်လာသော သတို့သမီးလောင်း၏ အဖြစ်အပျက်များနှင့် "ဗိုက်ပူမ သရဲ"၏ ကလဲ့စား။ ။

www.burmeseclassic.com

www.burmeseclassic.com

# SATAN

## Ghost Book

ယခု စာအုပ်တွင် စေတန်၏ အကောင်းဆုံး လက်ရာ သရဲဝတ္ထု (၃)ပုဒ်ကို စုစည်းပြီး ထုတ်ဝေထားပါကြောင်း ..။



## မာတိကာ

Content




ကဝေ နဲ့ တစ္ဆေ — စာ - ၆ မှ ၄၂

ကလေး သရဲ — စာ - ၄၃ မှ ၉၈

ဗိုက်ပူမ သရဲ — စာ - ၉၉ မှ ၁၅[illegible]




www.burmeseclassic.com

www.burmeseclassic.com

# ကဝေ နဲ့ တစ္ဆေ



www.burmeseclassic.com

www.burmeseclassic.com





# SECTION (1)

"ရွတ်"

နူးညံ့ နွေးထွေးလွန်းလှသည့် အနမ်းလေးတစ်ပွင့်ကြောင့် ဆလိုင်း မျက်လုံး ဖွင့်ကြည့်မိလိုက်သည်။

ချစ်ဇနီးချောလေး "ဆွိတီ"။

"ကိုကို အိပ်ပုပ်ကြီး ထတော့ . . ဒီနေ့ ဂျူတီဝင်ရမယ့်နေ့ နော်"

ဟု ပြောလိုက်သံလေးက ဆလိုင်းနားထဲ ဆည်းလည်းလေး များ ပွတ်တိုက်နေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

"နိုးနေတာကြာပြီလား . . ဆွိ"

"ငါးနာရီကတည်းက ဆွိ နိုးနေတာ၊ ကဲပါ ထတော့ . . ရေမိုးချိုး၊ ပြီးရင် ဆွိပြင်ပေးထားတဲ့ Breakfast စားပြီး သွားတော့ . . နောက်ကျနေမယ် ကိုကို"

ဆလိုင်းလည်း ချစ်ဇနီးလေးရဲ့ အမိန့်တော်အတိုင်း ရေချိုးခန်းထဲဝင်ပြီး ရေကို တဝကြီး ချိုးပစ်လိုက်တော့သည်။ ရေချိုး၊ အဝတ်စားလဲပြီးသည်နှင့် ဇနီးဖြစ်သူပြင်ပေးထားတဲ့ Breakfast ကို စားလိုက်သည်။

"လာမယ့် Coming Sunday က ဘာနေ့လဲ . . ကိုကို သိလား"

ဆွိတီက ကော်ဖီတစ်ခွက် ငှဲ့သောက်ရင်းမှ ဆလိုင်းအား မေးလိုက်ခြင်း ဖြစ်သည်။

"ဘာနေ့လဲ ဆွိ . . Sunday ဆိုတော့ ကိုကို့ Holiday ရက် မဟုတ်လား"

ဟု ဆလိုင်းက ပြောလိုက်ရာ ဆွိတီတစ်ယောက် နှုတ်ခမ်းလေးစူ မျက်စောင်းလေးထိုးပြီး –

"ကိုကို . . သူများ အချစ်ပေါ့အောင် မလုပ်နဲ့နော်၊ လာမယ့် Coming Sunday က ကိုကိုနဲ့ ဆွိတို့ အိမ်ထောင်သက်(၂)နှစ်ပြည့်တဲ့နေ့"

ဆိုပြီး ပြောလိုက်ရာ ဆလိုင်း မျက်လုံးပြူးသွားကာ –

"ဟာ! . . ဟုတ်ပါရဲ့ ကြည့်စမ်း၊ ကိုကို မေ့နေလိုက်တာ . . Sorry ပါ ဆွိရယ်၊ ကိုကိုလည်း ဒီရက်ပိုင်းအလုပ်တွေ များနေတော့



www.burmeseclassic.com

www.burmeseclassic.com



အပဲ်ိး . .”

“ပြော . . အဲဒီနေ့ ဆွိတို့ ဘယ်သွားမှာလဲ”

မေးလာပါပြီ။

ဆလိုင်း ဘာပြန်ဖြေရမလဲ မသိ။

“အဲဒီနေ့ကျရင် ဆွိ စိတ်ကျေနပ် ပျော်ရွှင်စေရမယ်ကွာ။ ကိုကို ကတိပေးတယ် ဟုတ်ပြီလား။ အခုတော့ ကိုကို သွားတော့မယ်။ နောက်ကျနေပြီ”

ဆလိုင်း လက်ကော့ချ်ကိုယူ ဇနီးသည်အား အနမ်းလေးပေးပြီး ကမန်းကတန်းနှင့် ထွက်လာခဲ့တော့သည်။

ပျာပျာသလဲနှင့် ထွက်သွားသည့် ဆလိုင်းကို ကြည့်ပြီး ဆွိတီတစ်ယောက် မပြုံးဘဲမနေနိုင်။

“အလုပ်တွေ အရမ်းများနေတဲ့ ကိုကို့ကို ဆွိတီ အပြစ်မမြင်ဘဲ နားလည်ပေးပါတယ် ကိုကိုရယ်”

ဟု စိတ်ထဲမှပြောနေသံကိုတော့ ဆလိုင်း ကြားနိုင်မည် မဟုတ်။

စွယ်တော်ရွက်ဆိုတာ ‘နှစ်လွှာပေါင်းမှတစ်ရွက်’ ဖြစ်တာ မဟုတ်လား။ ဆလိုင်းနှင့် ဆွိတီရဲ့ဘဝကလည်း ထိုအတိုင်းပါပဲ။

အိမ်ထောင်သက် (၂)နှစ်ပြည့်ခါနီးအထိ တစ်ယောက်နှင့်တစ်ယောက် နားလည်မှုရှိစွာနှင့် ဘဝကို ခိုင်ခိုင်မာမာ တည်ဆောက်လာခဲ့ကြတာ မဟုတ်လော။

နောက်ပြီး နှစ်ယောက်လုံးမှာလည်း မိဘများက ရှိကြတော့သည် မဟုတ်။ ဒါကြောင့် သူတို့နှစ်ယောက်ရဲ့ဘဝကို စွယ်တော်ရွက်



www.burmeseclassic.com

www.burmeseclassic.com



လေးလို အဖြစ်မျိုးနဲ့ပဲ။

ဆိုရပါလျှင်မူ ဆလိုင်းက ဆရာဝန်တစ်ယောက်ပါ။ သူ တာဝန်ကျရာ ဒီမြို့လေးကို ဇနီးဖြစ်သူ ဆွိတီနှင့်အတူ ပြောင်းလာပြီး ဒီမြို့လေးမှာရှိတဲ့ ဆေးရုံမှာ တာဝန်ထမ်းဆောင်နေခြင်းလည်း ဖြစ်သည်။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com





# SECTION (2)

တိုက်ဆိုက်ငြိမ်သက်ခြင်းနှင့် အေးအေးဆေးဆေး နေချင်သည့် ဆလိုင်းက မြို့ပြင်မှာရှိတဲ့ အိမ်လေးတစ်အိမ်မှာပဲ ငှားရမ်းနေထိုင်သည်။ ထိုအိမ်လေးကနေပြီး ဆလိုင်းတစ်ယောက် တာဝန်ကျရာဆေးရုံကို သွားလိုက်၊ ပြန်လိုက်လုပ်သည်။

သူတို့နေထိုင်သည့် အိမ်လေးမှာ ဘန်ဂလိုပုံစံ ထပ်ခိုးနှင့်ဖြစ်ပြီး တောင်ကုန်းလေးအပေါ်မှာ တည်ရှိလေသည်။ တောင်ကုန်းလေးအောက်မှာ စိမ်းစိုအုံ့မှိုင်းလှသည့် ရော်ဘာခြံများလည်း ရှိနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## စေတန်

အနီးအနားပတ်ဝန်းကျင်မှာ သူလို ကိုယ်လိုအိမ် လေး၊ ငါးအိမ်ရှိပြီး တစ်အိမ်နှင့် တစ်အိမ်က အတန်ငယ် အလှမ်းဝေး လွန်းလှသည်။

မည်သို့ဆိုစေကာမူ ဆလိုင်းက သူတို့နှစ်ယောက် နေထိုင်သည့် အိမ်လေးနှင့်ခြံကို အထူးပင် ကြိုက်နှစ်သက် သဘောကျလေရာ (Love Home) 'အချစ်အိမ်လေး'ဆိုပြီး အမည်ပင် ပေးထားသေးသည်။

ဆလိုင်း . . နံနက်ပိုင်း အလုပ်သွားလျှင်တော့ ဆွိတီ တစ်ယောက်တည်း အိမ်မှာကျန်ခဲ့သည်။ ဒါပေမယ့် သူမအဖို့ အားလပ်ချိန်ဆိုတာ မရှိ။ အိမ်လေးကို နေ့စဉ်နှင့်အမျှ သန့်ရှင်းရေး လုပ်သည်။ ဆလိုင်းက သန့်ရှင်းသပ်ရပ်တာကို ကြိုက်နှစ်သက်သည် မဟုတ်လော။

ယောကျ်ားဖြစ်သူ ကိုယ့်အပေါ် ငြူစူမှု လုံးဝမရှိစေရ။ မယားတစ်ယောက်ရဲ့တာဝန်ကို အတတ်နိုင်ဆုံး ကျေပွန်အောင် ထမ်းဆောင်ရမှာ အိမ်ထောင်ရှင်မ မိန်းမသားတိုင်းရဲ့ တာဝန်ပဲဖြစ်သည်။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com





# SECTION (3)

Sunday။

ဒီနေ့က ဆလိုင်းနှင့် ဆွိတီ အိမ်ထောင်သက် (၂)နှစ်ပြည့်တဲ့နေ့။

ဆလိုင်း၏ Holiday ရက်နှင့် ထပ်တူကျသည်မို့ မနက်ပိုင်း လျှောက်လည် ဖြစ်ခဲ့ကြသည်။ ညပိုင်းကျတော့ အိမ် အနောက်ဘက် တောင်ကုန်းလေးပေါ်မှာ ထိုင်ကာ လမင်းကြီးကို ကြည့်ကြယ်တွေကိုရေတွက်ရင်း ဆလိုင်းက ဝိုင်ပုလင်းကို ထုတ်ကာ



www.burmeseclassic.com

www.burmeseclassic.com

## စေတန်

ဖောက်လိုက်ပြီး –

“ကိုကိုတို့ အိမ်ထောင်သက်မှာ ကိုကိုက ဆွိတီကို ဂုဏ်ပြုတာ”

ဟု ဖန်ခွက်ထဲ ဝိုင်အနည်းငယ်ထည့်ပြီး ဆွိတီအား ပေးလိုက်သည်။ ဆလိုင်းပေးသည့် ဖန်ခွက်ကို ဆွိတီကယူရင်း–

“ကိုကိုနဲ့ ဆွိတို့ဘဝ တစ်သက်လုံး ခိုင်မြဲတဲ့ အိမ်ထောင်ရေးဖြစ်ပါရစေနော်”

ဟု ဆုတောင်းပြီး ဝိုင်ကို သောက်လိုက်ကြတော့သည်။

သောက်ရင်း၊ စကားပြောရင်းမှ ဝိုင်လည်း ကုန်သွားခဲ့ချေပြီ။ နှစ်ယောက်လုံးသည် အတော်လေး ယစ်မူးနေကြသည်။ ဆလိုင်းက နာရီကို ကြည့်လိုက်တော့–

“ဆယ့်တစ်နာရီတောင် ထိုးနေပြီ။ ဆွိ အိမ်ထဲဝင်ကြရအောင်နော်”

ဟုပြောလိုက်ရာ –

“ကိုကို့ သဘောပါရှင်”

ဆွိတီ ဒယိမ်းဒယိုင်နှင့် ထရပ်လိုက်သည်။

သို့ပေမယ့် ဝိုင်ရဲ့တန်ခိုးအရှိန် ယစ်မူးနေမှုကြောင့် ဟန်ချက် ပျက်သွားကာ ဒလိမ့်ကောက်ကွေးနှင့် တောင်ကမူအောက်သို့ လိမ့်ကျသွားလေတော့သည်။

“ဟာ! . . ဆွိ”

ဆလိုင်း လှမ်းဆွဲချိန်ပင် မရလိုက်။ တောင်ကမူ အောက် ချက်ချင်း ပြေးဆင်းသွားပြီး ဆွိတီခန္ဓာကိုယ်ကို ပွေ့ဖက်လိုက်ချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ –

"ဆွိ . . ဆွိရေ ကိုကိုခေါ်နေတယ်လေ"

ဆွိတီ လက်ကောက်ဝတ်ကို စမ်းကြည့်လိုက်သည်။ သွေးခုန်မှုနှုန်း မရှိ။ ဆလိုင်း အရမ်းကို ထိတ်ထိတ်ပြာပြာ ဖြစ်သွားခဲ့ရပြီ။ လက်ကိုင်ဖုန်းဖလက်ချ်မီးနှင့် မျက်လုံးကို ဖြဲကြည့်လိုက်တော့လည်း မျက်လုံးသူငယ်အိမ်မှာ ကျယ်ပြီး မျက်တောင်ပင် မခတ်တော့။ ဘယ်လိုလုပ်လုပ် တုံ့ပြန်မှုမရှိ။

"ဟာ! . . သွားပြီ"

ဘယ်လိုလုပ်ရပါမည်နည်း။

ဆလိုင်း ချက်ချင်းဆိုသလို ဆွိတီခန္ဓာကိုယ်ကို မယူလိုက်ပြီး အိမ်ထဲကို သယ်လာခဲ့တော့သည်။ ခုတင်ပေါ်သို့ တင်ပြီးသည်နှင့် နားကြပ်နှင့် စမ်းသပ်ကြည့်လိုက်သည်။

Oh my God ! . . နှလုံးခုန်မှု တုံ့ပြန်သံပင် မကြားရ။ ဒါ . . ဒါဆို။

No No . . မဖြစ်ရဘူး။ ဒီလို မဖြစ်စေရဘူး။

ဆလိုင်း တုန်လှုပ်နေပြီ။

အား! . . ခေါင်းတွေ ကိုက်လိုက်တာ၊ သောက်ထားသည့် ဝိုင်အရှိန်ကလည်း ပြင်းလှသည်မို့ အတော်လေးလည်း မူးနေလေသည်။ ခုတင်ပေါ်မှာကလည်း သူ့မိန်းမရဲ့ Dead Body။

"ဒင် ဒင် ဒင် ဒင် ဒင် ဒင်"

ရုတ်တရက် နာရီအချက်ပေးမြည်သံ ထွက်ပေါ်လာရာ ဆလိုင်း အနည်းငယ် တုန်လှုပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



## စေတန်

အချိန်က ည ဆယ့်နှစ်နာရီတိတိ။

“ဆွိ . . ဆွိကို ပြန်ရှင်လာအောင်လုပ်တဲ့နည်း မရှိဘူးလား”

ဆလိုင်း တစ်ယောက်တည်း အရူးတစ်ယောက်လို ရေရွတ်နေရင်းမှ တစ်ခုခုကို သတိရသွားဟန် အဝတ်ဗီဒိုထဲ ဟိုရှာ၊ ဒီရှာ လုပ်လိုက်သည်။ ဒီ ဗီဒိုထဲမှာ တစ်ခုခုကို ထားထားသည်။

တွေ့ပါပြီ။ မှတ်စုစာအုပ် တစ်အုပ်။ စာအုပ်လေးက သော့လေးခတ်ထားသည်မို့ ဖွင့်လို့မရ။ သော့ကို ရှာကြည့်လိုက်ပြန်သည်။

မတွေ့။

ဝက်အူလှည့်နှင့် လှည့်ဖွင့်ချလိုက်သည်။

“ထောက်! . .”

“ဟင်! . . ”

ဆလိုင်း အံ့ဩသွားရသည်။

ဒါ . . ဒါ အမေ့ရဲ့ မှတ်စုစာအုပ်လေးပဲ။ ဆလိုင်း ဖတ်ကြည့်မိလိုက်သည်။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com





# SECTION (4)

“သား ဒီစာကို ဖတ်ကြည့်နေတဲ့အချိန်မှာ
မေမေရှိတော့မှာ မဟုတ်ပါဘူး။
နောက်ပြီး မေမေ ဒီစာအုပ်ထဲမှာ
မေမေ ရှာဖွေစီရင် ပြုလုပ်ထားတဲ့
အချက်အလက်တွေ ရှိနေတယ်။
တကယ်တော့ မေမေက
စုန်းပညာ၊ စုန်းအစီအရင်တွေကို
လေ့လာလိုက်စားပြီး အောင်မြင်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

မင်းဖေဖေနဲ့တွေ့တော့
မေမေ ဒီပညာရပ်တွေကို
အကုန် စွန့်လွှတ်ခဲ့ပြီး
သာမန်လူတစ်ယောက်ဘဝနဲ့ပဲ
နေထိုင်ခဲ့တယ်။ ဒါပေမယ့်
မေမေ့ရင်သွေး သားကိုမွေးဖွားပြီးတော့
သားဆီမှာ အဲဒီပညာရပ်တွေ သန္ဓေပါလာခဲ့တယ် သား၊
ဒါကို သားဖေဖေ လုံးဝမသိခဲ့ဘူး။
သား ကိုယ်တိုင်လည်း သိမှာ မဟုတ်ပါဘူး။
သန္ဓေတစ်ခု၊ ပညာရပ်တစ်ခုဆိုတာ
ကိုယ် အခက်ကြုံလာမှ ထုတ်သုံးရတာပါ သား။
အဲဒီပညာရပ်တွေ မေမေ ဒီစာအုပ်ထဲမှာ
အကုန် ရေးမှတ်ထားတယ်။
သား အလိုရှိလာတဲ့အခါ အသုံးချပါ။

သားကို ချစ်တဲ့
မေမေ

စာက ဒီလောက်ပဲဖြစ်သည်။ ဟင်! . . ဒီလိုဆိုရင် မေမေ ပြောခဲ့သလို သူ . . သူက တကယ်ပဲ စုန်းပညာသည်တစ်ယောက်ရဲ့သားပေါ့။ မိန်းမဆိုလျှင် စုန်း၊ ယောကျ်ားဆိုလျှင် ကဝေ။

“ငါ ငါက ကဝေတစ်ယောက်ပေါ့”

ဆလိုင်း ဇောချွေးများ ပြန်လာသည်။ စာအုပ်ကို ဆက်လှန်ကြည့်တော့ –



www.burmeseclassic.com

www.burmeseclassic.com



သရဲခေါ်နည်း၊ နတ်ဆိုး ဆင့်ခေါ်နည်းမန္တန်၊ အစီအရင် ကျင့်စဉ်များနှင့် သေသူကို ပြန်ရှင်လာအောင် အသက်သွင်းနည်းတို့ပင် ဖြစ်သည်။ ဒါတွေအကုန်လုံး သူ့အမေလက်ရေးနှင့် ရေးထားတာများပင်။

အဲဒီအထဲကမှ ဆလိုင်း အရမ်း စိတ်ဝင်စားသွားသည်က သေသူကို ပြန်လည် အသက်သွင်းနည်း။

ဟုတ်သည်၊ မဟုတ်သည်ကို အပထား၊ အခက်ကြုံနေပြီမို့ ဘာပဲဖြစ်ဖြစ် စမ်းသပ်ကြည့်တာ မမှားဟု ဆုံးဖြတ်ကာ ထိုနည်းအတိုင်း စတင်လုပ်ဆောင်တော့သည်။

၁) ပထမဦးဆုံး ငါးထောင့်ကြယ်စက်ဝိုင်းပုံကို ကြမ်းခင်းပေါ်မှာ မြေဖြူဖြင့် ဝိုင်းလိုက်သည်။ ကြယ်ထောင့်တွေမှာ ဖယောင်းတိုင်များ ထွန်းညှိလိုက်သည်။

၂) အပြုလုပ်ခံသူ၏သွေး (ညာဘက်ပေါင်မှ သွေး)ကို ရယူရမည်။

၃) ကြွက်သွေးနှင့် ရောရမည်။

ဆလိုင်း ကြွက်တစ်ကောင်ကို ရအောင်ဖမ်းပြီး သတ်၊ သွေးကို ခံယူရပြန်သည်။

၄) အပြုလုပ်ခံသူ၏သွေးနှင့် ကြွက်သွေးကိုရောပါ။

နည်းအတိုင်းပင် ဆွိတီသွေးနှင့် ကြွက်သွေးကို ဆလိုင်း ရောစပ်လိုက်သည်။

၅) အပြုလုပ်ခံသူ ပါးစပ်ထဲထည့်ပါ။

ရောစပ်ထားသည့်သွေးကို ဆွိတီပါးစပ်ထဲ ထည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



၆) ဤ မန္တန်ကို ရွတ်ပါ။

(((( Ade Due Damballa ))))

(((( Ade Due Damballa ))))

((( ငါ့ကို စွမ်းအားတွေ ပေးပါ )))

((( ငါ တောင်းဆိုပါတယ် )))

ထိုသို့ ရွတ်ဆိုလိုက်ချိန်၌ ရုတ်တရက်ဆိုသလို အပြင်ဘက်မှာ လေပြင်းများ တိုက်ခတ်လာပြီး မိုးခြိမ်းသံကြီးများလည်း မြည်ဟီးလာကာ လျှပ်စီးများပင် လက်လာချေတော့သည်။

"ဂျိမ်း! . ."

"ဒလိန်း! . ."

မိုးကြိုးပစ်သံကြီးက ဘာကို ဘယ်လို ပစ်ချလိုက်သလဲတော့ မသိ။ အသံကျယ်ကျယ်လောင်လောင် မြည်သွားခဲ့သည်။

ထို့နောက် –

"အူ . . ဝူး . . ဝူး . . အူ"

မိုးခြိမ်းသံ၊ မိုးကြိုးပစ်သံများကြားမှ ထိတ်လန့်ဖွယ်ရာ ခွေးအူသံကြီးများလည်း ထွက်ပေါ်လာပြန်သည်။

ဆလိုင်းလည်း မန္တန်ကိုရွတ်ပြီး ခုတင်ပေါ်ရှိ ဆွဲတီကို ကြည့်မိလိုက်သည်။ လှုပ်ရှားမှု၊ တုန့်ပြန်မှုကတော့ အလျဉ်း မရှိ။

သို့သော် ဆလိုင်းတစ်ကိုယ်လုံးကတော့ ထင်မှတ်မထားလောက်အောင် နုံးချိလာပြီး မကြာမီမှာပင် ပစ်လဲကျသွားတော့သည်။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com





# SECTION (5)

မည်မျှကြာအောင် ဆလိုင်း အိပ်ပျော်သွားမှန်း မသိ။

တစ်စုံတစ်ယောက်က သူ့ကို လှုပ်နှိုးနေ၍ မျက်လုံးဖွင့်ကြည့်မိလိုက်သည်။

“ဟင်! . . ဆွိတီ”

ဆလိုင်း မအံ့သြဘဲ မနေနိုင်ပါ။ ဆွိတီက သူ့ကို ပြုံးပြီး–

“ကိုကို ထတော့လေ။ ဘယ်အချိန်ရှိပြီလဲ ထ ထ”

ဆိုပြီး လှုပ်နှိုးလေတော့ ဆလိုင်း သေချာအောင် မျက်လုံးကို ပွတ်သပ်ကြည့်လိုက်သည်။ သေချာပါတယ်။ ဆွိတီမှ ဆွိတီအစစ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ည . . ညက သူလုပ်ဆောင်ခဲ့တာ အောင်မြင်တာလား။ ဒါမှ မဟုတ် ဘာတွေလဲ . . ဘာတွေဖြစ်ခဲ့ပြီလဲ။

ကြည့်လိုက်တာ ဘာမှမရှိ။ တစ်အိမ်လုံး ရှင်းလင်းပြီး သပ်သပ်ရပ်ရပ် ရှိနေသည်ကိုပါ ဆလိုင်းတွေ့မြင်နေရသည်။

"ဆွိ မင်း ည . . ညက . ."

"ကိုကို ဘာဖြစ်နေတာလဲ။ ညက ဆွိနဲ့ကိုကို အိမ်ထောင်သက် (၂)နှစ်ပြည့် ဒင်နာလုပ်တယ်လေ။ ကိုကိုက ဝိုင်တွေ အရမ်းသောက်တော့ မူးပြီးအိပ်ပျော်သွားခဲ့တာ မမှတ်မိဘူးလား"

ဟု ရှင်းပြလေရာ ဆလိုင်းစိတ်ထဲ နားမလည်နိုင်အောင် ဖြစ်သွားသည်။ သူပဲ အမူးလွန်သွားသလား။

မဖြစ်နိုင်။

ည . . ညက --

"အား! . . ခေါင်းတွေ ကိုက်လိုက်တာကွာ"

"သိတယ် . . ရော့ . . ကိုကို သံပုရာရည်လေး သောက်လိုက်ဦး"

ဆွိတီက သံပုရာရည်ခွက်ကို လှမ်းပေးသဖြင့် ဆလိုင်း မငံ့မရဲနှင့် ယူပြီး သောက်လိုက်လေသည်။ ရေမိုးချိုးပြီး ထုံးစံအတိုင်း ဆွိတီပြင်ပေးထားသည့် Breakfast ကို စားသည်။

စားရင်း ညက အဖြစ်အပျက်တွေကို ထပ်စဉ်းစားပြန်သည်။

တကယ်လား။ အိပ်မက်လား။ သူ ဝေခွဲမရ။

ထို့ကြောင့် စိတ်ရှုပ်ရှုပ်ဖြင့် ထုံးစံအတိုင်း လက်ဆွဲအိတ်ကို ယူပြီး အိမ်မှထွက်လာခဲ့တော့သည်။

www.burmeseclassic.com

## ကဝေနဲ့ တစ္ဆေ



"ကိုကို ညကျ စောစောပြန်ခဲ့နော်"

ဟု နောက်ကနေ ထွက်ပေါ်လာသည့် ဆွိတီအသံက ဆလိုင်း စိတ်ထဲ ဇဝေဇဝါပိုမိုဖြစ်သွားစေသည်။

ညနေအိမ်ပြန်ရောက်တော့လည်း ဆွိတီအနေအထား ကို ဆလိုင်း အကဲခတ်ကြည့်မိသည်။ ဘာမှ ထူးခြားမှု မရှိ။ သူ့အလုပ် သူ လုပ်နေလျက်သား။

မီးဖိုချောင်ဝင် ချက်ပြုတ်ပြီး ထမင်းများပင် ခူးခပ်ကျွေး လိုက်သေးသည်။ အိပ်ရာဝင်တော့လည်း ထိုနည်းအတိုင်းပင်။ ယောက်ျားဖြစ်သူကို နှိပ်နယ်ပေးပြီးမှ အိပ်ရာဝင်လေသည်။

ဒါက . . ဆွိတီမအိပ်ခင် သူ့ကို အမြဲတမ်း လုပ်ဆောင် ပေးနေကျ။ ဆလိုင်းလည်း ဟိုဟိုဒီဒီတွေးတောရင်း အိပ်ပျော် သွားခဲ့လေတော့သည်။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကဝေ၌



# SECTION (၆)

ည တစ်ရေးနိုးလာ၍ အပေါ့အပါးသွားရန် ဆလိုင်း ခုတင်ပေါ်မှဆင်းရန် ဟန်ပြင်လိုက်ရာ ဘေးမှာ ဆွိတီမရှိသည်ကို သတိပြုမိလိုက်သည်။

ဆွိတီ . . ဘယ်များသွားသလဲ။ အပေါ့အပါး Toilet များဝင်နေသလား။

ဆလိုင်း ခုတင်ပေါ် ပြန်လှဲနေလိုက်သည်။ တော်တော်လေးကြာပြီးမှ ဆွိတီ ပြန်ရောက်လာသည်။ ဆလိုင်းက အခြေအနေသိရအောင် အိပ်ချင်ယောင် ဆောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

ဆွိတီက သူ့ဘေးနားမှာ ဝင်လှဲအိပ်ပြီး မကြာမီမှာ အိပ်ပျော်ခြင်းသို့ ရောက်ခဲ့ပြီ။ မျက်နှာချင်းဆိုင်အိပ်နေသည်မို့ ဆွိတီပါးစပ်မှ ညှီစို့စို့အနံ့ရနေသည်ကို ဆလိုင်း ထူးခြားစွာ သိရှိလိုက်သည်။ ဘာတွေ . . ဘာတွေလဲ ? . .။

"ဆွိတီ . . ဆွိတီ"

အသာ လှုပ်နှိုးကြည့်လိုက်တော့ ဆွိတီ အိပ်နေတာ သေချာပြီ။ ဆလိုင်း ခုတင်ပေါ်မှဆင်းပြီး Toilet ဝင်လိုက်သည်။ Toilet ဝင်ပြီးသည်နှင့် ရေခဲသေတ္တာကိုဖွင့်ပြီး ရေဘူး ထုတ်သောက်လိုက်ရာ−

"ဟာ! . ."

ဆိုပြီး အံ့အားသင့်သွားရလေသည်။ ညနေက သူဝယ်လာသည့် အသားတွေ လုံးလုံးမှမရှိတော့။ သူ ဝယ်လာတာ နည်းတာမဟုတ်။ ယခု လုံးဝ မရှိဆိုတော့ . .။

ဆလိုင်း ရေခဲသေတ္တာကို ပြန်ပိတ်ပြီး ခုတင်ပေါ် ပြန်တက်အသာလေးလှဲပြီး စဉ်းစားနေလိုက်သည်။

ဒီအသားတွေ ဘယ်ရောက်သွားသနည်း။

ဆလိုင်း အသာလေးထပြီး ဆွိတီပါးစပ်ကို နမ်းကြည့်လိုက်ပြန်သည်။ အညှီနံ့က နံနေတုန်း။

ဒါ . . ဒါဆိုရင် . .။

ထိုစဉ် မှတ်ဉာဏ်တစ်ခုက ဆလိုင်း အာရုံထဲ ရောက်လာခဲ့သည်။ သူ တစ်ခုခုကို သတိရသွားခဲ့သည်။ ထို့ကြောင့် ဆွိတီ ဂါဝန်ကို အသာလေးမကာ လှန်ကြည့်လိုက်တော့ သူ ရင်ထိတ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။

သေချာပြီ၊ Surely ပဲ။

ဒါ . . ဒါဟာ ဆွိတီကို သူကိုယ်တိုင် အသက်သွင်းပေးခဲ့စဉ်က ဒဏ်ရာ။ ဆွိတီ၏ ပေါင်ခြံက ဒဏ်ရာကို သူ မြင်သွားခဲ့လေပြီ။ ဒီဒဏ်ရာသည် သူကိုယ်တိုင်ပဲ ပြုလုပ်ခဲ့သည့်ဒဏ်ရာ။

Oh My God ! ဒါဆိုရင် ဒါတွေဟာ တကယ်ပဲလား။ ဘာတွေ ဖြစ်ကုန်ရသနည်း။ ဆွိတီကရော ဘာလို့ သူ့ကို အမှန်အတိုင်း မပြောရသနည်း။ ဆလိုင်း ဒီညအဖို့ အိပ်မပျော်နိုင်တော့။

မိုးလင်းခါနီးမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေသည်။ မျက်နှာပေါ် နေရောင်ထိုးနေမှ ဆလိုင်း နိုးလာသည်။ ဆွိတီကို မတွေ့ရပြန်။

နာရီကိုကြည့်တော့ မနက် (၁၀)နာရီတိတိ။

"ဆွိ . . ဆွိရေ"

ဆလိုင်း အော်ခေါ်လိုက်သည်။ တုန့်ပြန်သံ မကြားရ။ တော်ကြာမှ ရောက်ရှိလာပြီး –

"ကိုကို နိုးပြီလား ဟင်"

"မင်း ဘာလို့ ကိုကို့ကို မနှိုးလဲ ဆွိ . . အလုပ်နောက်ကျနေပြီကွ"

ဆလိုင်း စိတ်တိုစွာဖြင့် အော်လိုက်မိသည်။ ခါတိုင်း ဆွိက ဒီလိုမဟုတ်ဘူး။ သူ့ကို နှိုးတာတောင်မှ အနမ်းလေးနှင့် နှိုးသည် မဟုတ်လော။

"ဟိုလေ . . ဟို"



www.burmeseclassic.com

www.burmeseclassic.com



"တော်ကွာ . . တော်"

ဆလိုင်း ဒေါ်သတွေ ထွက်။ ရေပင်မချိုးနိုင် ဖြစ်ကာ မျက်နှာသစ်၊ သွားတိုက်ပြီး အိမ်မှထွက်လာခဲ့တော့သည်။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com





# SECTION (7)

ညနေ တာဝန်ချိန်ပြီးတော့ ဆလိုင်း အပြန်တွင် ဈေးမှ ဝက်သားနှင့် အမဲသားများကို ဝယ်လာခဲ့သည်။ အိမ်ရောက်တော့ ရေခဲသေတ္တာထဲ ထည့်လိုက်သည်။ ဆလိုင်း ဒါတွေကို ဝယ်လာတာ အကြောင်းရှိသည်။

ညသန်းခေါင်အထိ ဆလိုင်း အိပ်မပျော်သေး။ အိပ်ရာထဲ လှဲနေကာ အိပ်ချင်ယောင်,ဆောင်နေလိုက်သည်။

မကြာပါ။

ည သန်းခေါင်ကျော်တော့ ဆွဲတီ ခုတင်ပေါ်မှထပြီး ကုပ်



www.burmeseclassic.com

www.burmeseclassic.com

## စေတန်

ချောင်းချောင်းနှင့် Kitchen ထဲ ဝင်သွားသည်ကို ဆလိုင်းတွေ့ရသည်။ ဆွိတီနောက်ကနေ သူမ,မသိအောင် အသာလေး လိုက်ချောင်းကြည့်လိုက်မိသည်။

အားပါးပါး! . .။ မြင်ကွင်းက မသတီစရာ။

ဆွိတီတစ်ယောက် ရေခဲသေတ္တာကိုဖွင့်ပြီး သူဝယ်လာသည့် ဝက်သားများနှင့် အမဲသားများကို ဘီလူးသရဲမ တစ်ကောင်လို အစိမ်းလိုက်စားသည်။ အော်ဂလီဆန်စရာ ကောင်းလွန်းလှပါဘိ။

ဒါ . . ဒါဆိုရင် သေချာပြီ။

ဒါ . . ဆွိတီ မဟုတ်။

သူ ဆွိတီကို အသက်သွင်းပေးခဲ့စဉ်က ဆွိတီခန္ဓာကိုယ်ထဲ မကောင်းဆိုးဝါးတစ်ကောင်ကောင်ဝင်ပြီး ဒီလိုဖြစ်သွားခဲ့တာပဲ ဖြစ်ရမည်။

ဆလိုင်း ခြေကိုဖော့ပြီး ခုတင်ပေါ် ပြန်လှဲနေလိုက်သည်။

ဒီအတိုင်းဆို မလွယ်ရေးချ၊ မလွယ်တော့။ သူတစ်ခုခုတော့ လုပ်မှရတော့မည်။ ခြေသံကြား၍ အသာလေး ငြိမ်နေလိုက်သည်။ ဆွိတီ ပြန်ဝင်လာခြင်း ဖြစ်သည်။ ဆွိတီက သူ ဘာမှမလုပ်ခဲ့သလိုနှင့် ခုတင်ပေါ်တက်ပြီး ပြန်အိပ်သွားတော့သည်။

နောက်ပိုင်းတော့ ဆလိုင်းသည် ဘာအသားစိမ်းမှ အိမ်ကို အများကြီး မဝယ်လာတော့ဟု ဆုံးဖြတ်လိုက်တော့သည်။

သုံးရက်တာ ကြာပြီးနောက် . .

ဆလိုင်း ဆေးရုံမှာ Over Time ဆင်းနေရ၍ ည (၁၁)နာရီမှ အိမ်ပြန်ဖြစ်လေသည်။ တစ်အိမ်လုံးလည်း မှောင်အတိ ကျနေကာ



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်ကို တွေ့ရ၏။ တံခါးတွေ ပွင့်နေသည်မို့ အသာလေး ဝင်လာလိုက်သည်။

ထမင်းစားခန်းမှ ချိုးချိုးချွတ်ချွတ် အသံကြားရ၍ ချောင်းကြည့်လိုက်သည်။ အပြင်ဘက်က လရောင်အလင်းဖြင့် ဆလိုင်းတွေ့မြင်လိုက်ရသည်က ဆွိတီတစ်ယောက် ဆံပင်ကြီးဖားလျားချလျက် လက်ထဲမှာလည်း သတ္တဝါတစ်ကောင်ကို ကိုင်ထားပြီး ဘာလုပ်နေမှန်းမသိ။

ထိုသတ္တဝါက "တညောင်ညောင်"နှင့် အော်နေတော့မှ ကြောင်တစ်ကောင်မှန်း သိလိုက်ရသည်။

"ရွတ်! . . ရွတ်! . ."

ထိုသို့ မြည်သံများကြားမှ ထိုကြောင်ကို ဆွိတီက 'တရွတ်ရွတ်'နှင့် သွေးစုပ်နေမှန်း သိလိုက်တော့မှ ဆလိုင်းတစ်ကိုယ်လုံး ကြက်သီးမွေးညှင်းများကထကာ ခေါင်းမွေးများပင် ထ,ထောင်မတတ် ဖြစ်သွားရလေတော့၏ ။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





# SECTION (8)

"မနက်ဖြန် ကိုကို Holiday ရတယ် ဆွိ . . ကိုကိုတို့ လျှောက်လည်ကြရအောင်"

"မလည်ချင်ပါဘူး ကိုကိုရယ် . . အိမ်ထဲမှာပဲ အေးအေး နေစမ်းပါ"

"ဒါဆိုလည်း ဆွိ သဘောပဲ၊ ရော့ . . ဒါ ကိုကိုဖျော်ထားတဲ့ ကော်ဖီသောက်လိုက်ဦး"

ဆလိုင်းက ဆွိတီထံ ကော်ဖီခွက် လှမ်းပေးလိုက်သည်။ ဆွိတီကယူပြီး ကော်ဖီကို တစ်ကျိုက်ထဲ မော့ချပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီသောက်လိုက်ပြီး သိပ်မကြာလိုက်။

ဆွိတ်တီတစ်ယောက် ခေါင်းငိုက်စိုက် ကျသွားလေသည်။ ဆွိတ်တီသောက်သည့် ကော်ဖီခွက်ထဲ ဆလိုင်းက အိပ်ဆေးများခတ်ထားခြင်းကို ဆွိတ်တီတစ်ယောက် မသိလိုက်ချေ။

ကြိုတင် စီစဉ်ထားသည့်အတိုင်း ဆလိုင်း စတင် အကောင်အထည်ဖော်လေပြီ။ ဆွိတ်တီကို ကြိုးတုတ်ပြီး ကားပေါ်တင်လိုက်သည်။ ထို့နောက် ကားကို တရိုန်ထိုး မောင်းထွက်ကာ သွားရမည့် ဦးတည်ချက်က သင်္ချိုင်းရှိရာဆီသို့ . .။

ဒါပေမယ့် ဒီနေရာမှာ ဆလိုင်းတစ်ယောက် ဆွိတ်တီကို ကြိုးတုတ်ပြီး ကားပေါ်တင်သည်ကို မြင်တွေ့သွားသူက ဆလိုင်း၏လက်ထောက် သူနာပြုဆရာမလေး ရှယ်လီ။

သူမက အလည်လာခြင်းဖြစ်သည်။ ကံအားလျှော်၊ တိုက်ဆိုင်စွာ ဆလိုင်းလုပ်ဆောင်သမျှကို ရှယ်လီက အကုန်တွေ့မြင်သွားခဲ့ခြင်းပင် ဖြစ်သည်။ အခြေအနေက ထူးခြားသဖြင့် ရှယ်လီသည် ဆလိုင်း၏ ကားနောက်သို့ ချက်ချင်း နောက်ယောင်ခံလိုက်ခဲ့တော့သည်။

"ဟင်! . . သင်္ချိုင်းကုန်းကြီးပါလား"

ရှယ်လီ အံ့သြသွားသည်။

ဒေါက်တာဆလိုင်း ဘာအကြောင်းကြောင့် သင်္ချိုင်းကုန်းကြီးထဲ လာရသနည်း။

နောက်ပြီး သူ့မိန်းမ ဆွိတ်တီကိုရော ဘာကြောင့် ကြိုးတုတ်ပြီး ဒီသင်္ချိုင်းကြီးထဲ ခေါ်ဆောင်လာရသနည်း။



www.burmeseclassic.com

www.burmeseclassic.com

# ကဝေနဲ့တစ္ဆေ



သူနာပြုဆရာမလေး ရှယ်လီ၏ ခေါင်းထဲတွင် မေးခွန်းပေါင်း မြောက်များစွာ ပေါ်လာလေ၏။ အုတ်ဂူများကို အကာအကွယ်ယူပြီး ဒေါက်တာဆလိုင်း မမြင်အောင် ပုန်းလျှိုးကွယ်လျှိုးနှင့် ချောင်းကြည့်နေမိ၏။

ဒေါက်တာဆလိုင်း . . ကားပေါ်မှ ဆွိုတီကို မ,လိုက်ပြီး မြေပြင်ပေါ်သို့ ဘုန်းကနဲ ပစ်ချလိုက်သည်။

"မကောင်းတဲ့ နေရာကလာတဲ့ မကောင်းဆိုးဝါးမ . . ဒီတော့ နင်နဲ့ ထိုက်တန်တဲ့ ဟောဒီနေရာမှာပဲ နင့်ကို ငါကိုယ်တိုင် ဓာတ်သိမ်းပေးမယ်"

အရူးတစ်ယောက်လို ကြုံးဝါးလိုက်သံကြီးက ဒေါက်တာဆလိုင်းဆီမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

ထို့နောက် ဒေါက်တာဆလိုင်း လုပ်ဆောင်နေသည်က ကားပေါ်မှာ အသင့်ယူဆောင်လာတဲ့ ပေါက်တူး၊ ဂေါ်ပြားတွေနှင့် သင်္ချိုင်းကုန်းထဲမှာ ကျင်းတစ်ကျင်း တူးလေပြီ။ ယခုအချိန်အထိ ပြင်းထန်သော အိပ်ဆေးတန်ခိုးကြောင့် ဆွိုတီမှာ သတိပြန်မရလာသေးပေ။

ထိုသို့အဖြစ်အပျက်များကို မြင်တွေ့သွားရသော သူနာပြုဆရာမလေးရှယ်လီသည် အခြေအနေ မဟန်တော့မှန်း သိလိုက်၍ ဟန်းဖုန်းကို ထုတ်ကာ ရဲစခန်းသို့ ဖုန်းဆက် အကြောင်းကြားလိုက်သည်။

ထို့နောက် ရှယ်လီတစ်ယောက် အမှုမဲ့၊ အမှတ်မဲ့နိုင်လွန်းစွာဖြင့် သစ်ကိုင်းခြောက်တစ်ခုကို နင်းလိုက်မိရာ "ချွတ်"ခနဲ မြည်သံ



www.burmeseclassic.com

www.burmeseclassic.com



က တိတ်ဆိတ်နေသော သချိုင်းတစ်ခွင်နှင့် ဒေါက်တာဆလိုင်း၏ နားထဲသို့ ရောက်သွားစေ၏ ။

ချက်ချင်း အသံကြားရာ ပြေးသွားပြီး ကြည့်လိုက်တော့–

"ဟင်! . . ရှယ် . . ရှယ်လီ . . နင် . . နင်"

သူနာပြုဆရာမလေး ရှယ်လီခမျာ သူခိုးလူမိ ခံလိုက်ရသလို ဘာမှကို လုပ်လို့မရတော့။ ဆလိုင်းက ရှယ်လီကိုပါ ဖမ်းချုပ်ပြီး ကြိုးတုပ်လိုက်ကာ ဆွိတီအနားမှာ တွန်းလှဲပစ်လိုက်သည်။

"ရှင် . . ရှင် ရူးနေပြီလား ဒေါက်တာ"

ဒါက ရှယ်လီ အမေး။

"ငါ မရူးဘူး ရှယ်လီ . . ငါလုပ်ခဲ့တဲ့လုပ်ရပ်အတွက် ဟောဒီ မကောင်းဆိုးဝါးမကို ငါကိုယ်တိုင် အမှောင်ကမ္ဘာထဲ ပြန်ပို့မလို့ လုပ်နေတာ၊ ဒါကို နင်တွေ့သွားပြီဆိုတော့ . ."

ဒေါက်တာဆလိုင်း ဒီလောက်သာပြောပြီး ရှယ်လီပါးစပ်ကို အသံမထွက်နိုင်အောင် အဝတ်စတစ်စဖြင့် စည်းလိုက်လေတော့၏။

ထိုအချိန်မှာပဲ ဆွိတီတစ်ယောက် သတိပြန်ရလာလေတော့သည်။ ဆလိုင်းကို မျက်ထောင့်နီနီကြီးဖြင့် ကြည့်ကာ –

"နင် . . ဘာလုပ်နေလဲ၊ နင့်ကိုယ်နင် သိလား"ဟု မေးလိုက်ရာ –

"သိပ်သိတာပေါ့ မကောင်းဆိုးဝါးမရယ် . . ငါလုပ်နေတာတွေက နင့်ကို ငရဲပြန်ပို့ဖို့ပဲဟ"

ဆိုပြီး ဆလိုင်း ဒေါသကြီးစွာဖြင့် အော်ပြောလိုက်လေသည်။ ဆလိုင်းရဲ့ပုံစံက တကယ့်ကို စိတ္တဇလူသားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အသွင် ပေါ်လွင်နေလေ၏။

ဆွိတီက ရှယ်လီ့ဘက် မျက်နှာလှည့်ပြီး သနားစရာကောင်းသည့် မျက်နှာထားလေးနှင့် –

"မမအဖြစ်ကို ငါ့ညီမ မြင် . . မြင်ပါပြီနော်။ သူ . . သူလေ မမကို သိပ်ရက်စက်တာပဲ"ဟု ပြောလေရာ –

"ရှယ်လီ အဲဒီ မကောင်းဆိုးဝါးမ ပြောတာ နင် မယုံနဲ့ . . သူက နင့်ကို အယုံသွင်းနေတာ"

ဟု ဆလိုင်း စိတ်တိုစွာဖြင့် ပြောကာ လက်ထဲမှ ပေါက်ပြားတွေကိုချကာ ဆွိတီပါးကို 'ဖောင်း'ခနဲ မြည်အောင် ရိုက်ချပစ်လိုက်တော့သည်။

"ဟား . . ဟား . . ဟား နင် . . နင် ငါ့ကိုလုပ်လည်း နင့်အတွက် ဘာမှ မထူးဘူး'

"ဒီလောက်တောင် လျှာရှည်တဲ့ မကောင်းဆိုးဝါးမ၊ ကဲဟာ . ."

"ဖြန်း! . ."

"ဖြန်း! . ."

ပါးကို နှစ်ချက်ဆင့် ရိုက်လိုက်ပြန်သည်။

ဆလိုင်း အတော်လေး စိတ်တိုနေလေ၏။ ဆွိတီခန္ဓာကိုယ်ကို မ,ချီလိုက်ပြီး သူတူးထားသည့် ကျင်းထဲ ပစ်ချလိုက်ကာ အပေါ်မှ နေ မြေကို စတင်ဖို့လေပြီ။ ထိုစဉ်–

"ဒေါက်တာဆလိုင်း . . ခင်ဗျားလက်ထဲက အရာတွေကို ချလိုက်ပါ။ ခင်ဗျားကို ကျုပ်တို့ ဝိုင်းထားပြီ"



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

ဟု အသံနှင့်အတူ ဆလိုင်းကို သေနတ်များဖြင့် ချိန်ထားကြသူများက ရဲများ။

"အု . . အု . . အု . . အု"

ပါးစပ်မှာ အဝတ်စည်းပြီး ကြိုးတုပ်ခံထားရသည့် ရှယ်လီက ရဲတွေကိုမြင်တော့ အကူအညီ တောင်းခံလေသည်။ ဒါကို ဆလိုင်းက ရှယ်လီ ဂုတ်ပေါ် ပေါက်ပြားကိုတင်လိုက်ပြီး –

"ခင် . . ခင်ဗျားတို့ ရှေ့ . . ရှေ့တိုးမလာကြနဲ့၊ ကျုပ် . . ကျုပ် သူ့ကို သတ်မှာနော်"ဟု ခြိမ်းခြောက်လေတော့သည်။

'ကယ်ကြပါဦးရှင် . . ကယ်ကြပါဦး"

တွင်းထဲမှ ဆွိတီရဲ့အသံက ပေါ်ထွက်လာသည်။

"ပြဿနာတစ်ခုကို အေးအေးဆေးဆေး ဖြေရှင်းရအောင် ဒေါက်တာဆလိုင်း"

ရဲမှူးက ဆလိုင်းကို ဖျောင်းဖျသည်။ ဒါကို ဆလိုင်းက လုံးဝ လက်မခံ။

"ကျုပ် . . ကျုပ် အခုလုပ်နေတာတွေက မကောင်းဆိုးဝါးမကို အ . . အမှောင်ကမ္ဘာထဲ ပြန် . . ပြန်ပို့နေတာပါ။ ဒါ . . ဒါတွေကလည်း ကျုပ် . . ကျုပ်လုပ်ခဲ့တဲ့ အပြစ်တွေကြောင့်ပါ"

သူ့စကားတွေက ကြားသိရသူများအဖို့ နားလည်ရခက်စေသည်။ ထို့ကြောင့် သူ့ကို ရူးနေပြီဖြစ်သည့် လူတစ်ယောက်အဖြစ် အားလုံးက သတ်မှတ်လိုက်ကြပြီ။ လက်ထဲမှာလည်း ပေါက်ပြားကြီးဖြင့် ရှယ်လီကို သတ်ရန်ဟန်ပြင်ထားတာကိုး။

ထိုစကားဆိုပြီး ဆလိုင်း၏ တစ်ခဏတာ သတိပေါက်လွတ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားမှုကို ရှယ်လီက သူ့ခန္ဓာကိုယ်နှင့် တွန်းထုတ်ပြီး အခွင့်အရေး ယူလိုက်သောအခါ –

"ဒိုင်း! . ."

"ဒိုင်း! . ."

မဖြစ်မနေ ရဲတွေပစ်လိုက်ရသည့် သေနတ်ကျည်ဆံများက ဆလိုင်းကို ထိမှန်ပြီး ကျင်းထဲသို့ ပြုတ်ကျသွားလေတော့သည်။

⌘ ⌘ ⌘



www.burmeseclassic.com

www.burmeseclassic.com



အရာအားလုံး ပြီးဆုံးသွားခဲ့လေပြီ။

ရဲတွေက ရှယ်လီကို ကြိုးဖြည်ပေးပြီး ကျင်းထဲမှ ဆွိတ်တီကို ကယ်ထုတ်ရန် ကြိုးစားလိုက်သောအခါ သေနတ်မှန်ပြီး လဲကျနေသည့် ဆလိုင်း၏ခန္ဓာကိုယ်ကြီးသည် သူ့မိန်းမ ဆွိတ်တီအရှေ့မှာ မှောက်ခုံကြီးလဲကျနေလျက်သား။

သို့သော် ဒေါက်တာဆလိုင်း မသေခဲ့ပါ။ ရဲတွေ ပစ်လိုက်သည့် ကျည်ဆံများက ဒေါက်တာဆလိုင်း ခန္ဓာကိုယ်တွေကို ရှပ်ထိရုံပဲ ရှပ်ထိသွားခဲ့လေတော့ . .။



www.burmeseclassic.com

www.burmeseclassic.com

# ကဝေနဲ့ တစ္ဆေ

ယခုဆိုလျှင် ဆေးရုံမှာ လက်ထိပ်ခတ်ကြီးနှင့် ဆေးကုသမှု ခံယူနေရလေ၏။ ဆေးရုံကဆိုင်းလျှင် ဒေါက်တာဆလိုင်း သွားရမည့်နေရာကား စိတ်ကျန်းမာရေးဆေးရုံပင်တည်း။

ရဲစခန်းမှာ မျက်မြင်သက်သေအဖြစ် သူနာပြုဆရာမလေး ရှယ်လီက ဒေါက်တာဆလိုင်းနှင့် ပတ်သက်ပြီး မိန်းမဖြစ်သူအပေါ် လုပ်ကြံမှု၊ သတ်ရန်ကြံစည်မှုတို့ကို အမှန်အတိုင်း ထွက်ဆိုလေ၏။ ထို့ကြောင့် ဤအမှုမှာ တရားခံဖြစ်သူက ဒေါက်တာဆလိုင်းမှလွဲ၍ တခြားသူ မဖြစ်နိုင်။

"မမ . . ညီမလေးကို အရမ်း ကျေးဇူးတင်တာပဲကွယ်"ဟု ပြောလိုက်သူက ဆွိတီ။

"ရပါတယ် . . မမရယ်။ မမအသက်အန္တရာယ် ဘာမှ မဖြစ်တာကိုက ကံကြမ္မာကို ကျေးဇူးတင်ရမှာ"

သူနာပြုဆရာမလေး ရှယ်လီက ဆွိတီဒဏ်ရာတွေကို အိမ်အထိ ကိုယ်တိုင်ကိုယ်ကျ လာကြည့်ပြီး ဆေးထည့်ပေးလေ၏။ တစ်ယောက်တည်း အားကိုးမရှိတော့သည့် ဆွိတီကို ဆရာမလေးရှယ်လီ သနားမိနေ၏ ။

"ခဏနော် . . ရှယ်လီ၊ မမ ရှယ်လီအတွက် အအေးလေး သွားဖျော်လိုက်ဦးမယ်"

"ဟုတ်ကဲ့ မမ"

ဆွိတီလည်း ရှယ်လီကို ဧည့်ခံရန် မီးဖိုချောင်ထဲ ဝင်လာလိုက်သည်။ ရှယ်လီအတွက် အအေးဖျော်တိုက်ရန် ဖြစ်သည်။

ဒါပေမယ့် . . ဆွိတီတစ်ယောက် အအေးဖျော်နေသည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ မကောင်းဆိုးရွား မူလဘူတ သန္ဓေ မပျောက်ဘဲ ကြွက် တစ်ကောင်ကိုဖမ်းပြီး သွေးစုပ်နေသည်ကို ရှယ်လီသာ မြင်သွားခဲ့ မည်ဆိုပါက . .။

ပြီးပါပြီ။

စေတန်

✍ ✍ ✍



www.burmeseclassic.com

www.burmeseclassic.com

# ကလေး သရဲ



www.burmeseclassic.com





# CHAPTER (1)

နယ်မြို့လေး တစ်မြို့။

ရန်ကုန်– မန္တလေးရထားလမ်းနဲ့ ကားလမ်းတွေ မျဉ်းပြိုင်ပုံစံ၊ မြို့လယ်ကို ဖောက်သွားတဲ့မြို့။

ဒီမြို့လေးရဲ့ ဘူတာဝင်းအနီး သံလမ်းဘေးမှာ တဲအိမ်လေးတွေ အစီအရီဆောက်ထား၏။ ဘူတာနဲ့ပတ်သက်သော ကုန်တင်ကုန်ချ အလုပ်သမားမိသားစုတွေ အနေများကြ၏။

ဒီဘူတာမှာ ကုန်တင်ကုန်ချလုပ်သလို အလုပ်ပါးလျှင် ဆိုက်ကားနင်း၊ ကြုံရာဂျပန်း အလုပ်တွေ လိုက်လုပ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲသားရပ်ကွက်ဆိုပေမယ့် ပန်းရုံဆရာဖိုးလှကြီးက မီတာ ဝယ်ဆင်နိုင်၍ မီးကြိုးတွေ သွယ်တန်းပေးထားသဖြင့် တဲစုလေးတွေ မီးရနေပြီ။ ဈေးပေါသော တယ်လီဗေးရှင်းလေးတွေ ကိုယ်စီနဲ့ပေါ့။

အဲ့ဒီမိသားစုတွေထဲမှ စိန်မောင်ကြီးနဲ့ မိလုံးကြီးတို့ လင်မယားက ကလေးသူဌေးတွေ။ မိလုံးကြီးက သားမွေးကောင်း၏။ တစ်နှစ် တစ်သားကျအောင် မွေးနိုင်၏။ အိမ်ထောင်သက် (၁၅) နှစ်မှာ သားသမီး ဘုစုခရု ရှစ်ယောက်မျှ မွေးထားနိုင်၏။ သားဦးကလေး ကြားထဲမှာ ပျက်ကျခဲ့တာတွေလည်း ရှိသေး၏။

အကြီးဆုံးသမီးမှ (၁၀)နှစ်ခန့်သာ ရှိသေး၏။ သူ့အပေါ်က ကလေးတွေ အဖတ်မတင်။ (၅)နှစ်သက်တမ်းကြာမှ သမီးဦးမိန်းကလေး အဖတ်တင်၏။ ကိုယ်လက်အင်္ဂါစုံပေမယ့် ကျပ်မပြည့်ရှာ။ ဒီကောင်မလေး မွေးနိုင်အောင်လည်း ဆရာတစ်ယောက်က ဆေးစီရင် ပေးထားနိုင်ခဲ့၍ ဖြစ်သည်။

လုံးကြီးမက အသားဖြူဖြူ လုံးကြီးပေါက်လှကြီး၊ မျှစ်စို့ပေါက်ကြီးပေါ့။ ရုပ်ရည်လေးက မဆိုးလှ။ အပေါက်တော့ တစ်ခါတရံဆိုးတတ်၏။ အားအားရှိ နှာခေါင်းထဲ လက်နှိုက်နေတတ်၏။

"လုံးကြီးမက ကြောင်စုန်းဝင်စားတာ . . ကြောင်စုန်းဆိုတာ မွေးသမျှကြောင်တွေ အဖတ်မတင်ဘူး။ မိခင်ကြောင်မကြီးက သူ့ကလေးတွေကို ပြန်ပြန်ကိုက်စားတာပဲ၊ ကျိန်စာမိထားတဲ့ ကြောင်မျိုးပေါ့ . ."

"ဆရာကြီး . . ကျွန်တော့်မိန်းမကတော့ သူမွေးဖွားတဲ့ကလေးတွေ ပြန်ကိုက်မစားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

# ဒေါတန်

"လခွီး . . မင်းတော်တော်တုံးတဲ့ စိန်မောင်ကြီးပဲကွ ငါက သဘောပြောတာ အဖတ်မတင်တာ ပြန်စားပစ်သလိုပဲပေါ့ကွ ဒီတစ်ခါ မင်းမိန်းမ မီးမဖွားခင် . . ငါ စီရင်ပေးမယ်။ ဒီတစ်ကြိမ် မွေးတဲ့ကလေး မသေစေရဘူး"

"လုပ်စမ်းပါဦး ဆရာကြီး . . ကျွန်တော့်မိန်းမ ဗိုက်ကြီး နေပါပြီ။ ကျွန်တော် ဖားကန့်ကို မြေစာသွားကျုံးပြီး ပြန်လာတော့ သူ ဗိုက်ကြီးနေတာပဲ . . သူကတော့ ကျွန်တော့်ဗိုက်လို့ ပြောနေ တာပဲ"

"မင်းမိန်းမကို မယုံသင်္ကာ ဖြစ်နေတာလား"

"ဒီကောင်မက ပြောလို့ရတာမဟုတ်ဘူး။ ကျုပ်ကတော့ ကလေးရရင် ပြီးတာပါပဲ . . ကျုပ်ကို လူတွေက အဖတ်မတင်တဲ့ ကောင်လို့ ပြောပြောနေတာ မခံချင်ဘူး"

"အေး . . လုပ်ပေးတာပေါ့ကွာ၊ ငါ့ကို ဘာကန်တော့မလဲ ပြောစမ်း"

"ကျုပ်စုထားတာ ငွေတစ်သောင်းရှိပါတယ်၊ အကုန်ပေး မယ်ဗျာ"

"အေး . . ဟုတ်ပါပြီ။ ဒါပေသိ မင်းမိန်းမ . . ငါနဲ့ တစ်ည အိပ်ရမယ်။ ခြင်ထောင်ထဲမှာ ငါစီရင်မှာ"

"ဟင်! . . ဒါ . . ဒါကျတော့"

"မင်းက ဘေးမှာအိပ် . . မင်းမိန်းမကို ဗိုက်ပူအောင် လုပ်ပေးမှာ ကျန်တာ ဘာမှမလုပ်ဘူး"

"ဗျာ! . ."



www.burmeseclassic.com

www.burmeseclassic.com



"ဆေးနဲ့ စီရင်ပေးမှာ ပြောတာကွ . . ခွေးမသား စိန်မောင်တုံးအကြီးရ၊ မင်းက ငါ့ကို မင်းနဲ့ပေါင်းတဲ့ စောဖူးတို့ စက်သူခိုးသိန်းတို့၊ ထွန်းနိုင်တို့၊ ကြက်ချီးထွန်းတို့လို ကောင်မျိုးများ မှတ်နေသလား"

"မ . . မထင်ရဲပါဘူး . . ဆရာကြီး ကြိုက်သလိုလုပ်ပါ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# ဒေဝတန်

အဲ့ဒီလို စီရင်ပေးလိုက်မှုကြောင့် သမီးကြီးကို မွေးပါလေ ရော။ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်လောက်ကြာမှ ကလေးက သိပ် ကျ မပြည့်ကြောင်း သိလာကြတယ်။ ဒါပေသိ . . နောက်ဆက်တွဲ နှ ယောက်ကလည်း မွေးလာပြီမို့ အကြောင်းမဟုတ်တော့။

အဲ့ဒီလိုနဲ့ ကလေး(၈)ယောက်မြောက် ရောက်ပါလေရော အဲ့ဒီအထဲကမှ အငယ်ဆုံးကလေး၊ နို့စို့သားရဲ့ အထက်၊ နို့ညှာ ကောင်လေး၊ (၆)နှစ်သမီး အမြွှာ၊ (၈)နှစ်သား အမြွှာနှစ်စုံရဲ့အောက် (၄)နှစ်သား ကောင်လေးအမည်က ချစ်ဆူးငယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

# ကလေးသရဲ



'ချစ်ဆူးငယ်'ဆိုတာ ပဒေသာကပွဲသဘင်တစ်ခုရဲ့ အမည်ကိုယူပြီး မှည့်ခေါ်ထားတာ။ ဒီမြို့လေးမှာ အဲ့ဒီဇာတ်ပွဲ လာကတုန်းက မွေးထားတာမို့ အဲ့ဒီနာမည်ပေးထားတာ။

ချစ်ဆူးငယ်ပုံစံက နဖူးမောက်၊ နောက်စေ့ထွက်၊ ပါးဖောင်းဖောင်း နှပ်ရည်ရွှဲ၊ ပေတလူး၊ ပေစုတ်စုတ်လေး။ အမြဲတမ်း အနံ့ထွက်နေတဲ့ ကလေးမျိုး။ မိဘတွေက အမြဲ မကြည့်နိုင်ဘူးလေ။ တစ်ခါတလေ ရေချိုးပေးပြီး သနပ်ခါးလိမ်းထားရင်တော့ ရုပ်လေး ဘာလေး ထွက်ပါတယ်။

'ဒါပေသိ . . နှပ်ရည်ကတော့ အမြဲထွက်နေတာပဲ။ ရှူ့လိုက်၊ သွင်းလိုက်၊ ပြန်ကျလာလိုက်နဲ့ပေါ့။ အဝတ်အစားကတော့ အသိအကျွမ်း၊ စေတနာရှင်တွေကပေးတဲ့ အင်္ကျီပေါင်းစုံကို ကောက်ဝတ်ထားတာပဲ။

စွပ်ကျယ်ဆိုလည်း ဒူးဖုံးတဲ့အထိ ကြီးတယ်။ ချစ်ဆူးငယ်က အင်္ကျီအပွကြီးတွေပဲ ဝတ်လေ့ရှိတယ်။ တစ်ခါတလေ အဝတ်အစားတွေ မလျှော်ရသေးရင် သူ့အစ်မတွေရဲ့ မိန်းမအင်္ကျီတွေလည်း ကောက်ဝတ်ချင် ဝတ်ထားတာပဲ။

ဝတုတ် တိုချင်ပေမယ့် ပြောလောက်အောင်ကြီးလည်း မဝပြန်ဘူး။ ဗိုက်ပူ၊ ချက်ဆူကလေး။ ဒီကလေးက အဆော့မက်တယ်။ အစားလည်း ကြီးတယ်။

စားစရာဆို ရှုံ့ရှာစရာ ဖြစ်နေပါစေ၊ သူဆာရင် စားတာပဲ။ ဒီကလေးတွေက သံဇလုံထဲ ဟင်းပုံပေးလိုက်ရင် လမ်းထွက်ပြီး လွတ်လွတ်လပ်လပ် စားကြတာ။


www.burmeseclassic.com

www.burmeseclassic.com



# ဓေတန်

သူတို့တွေမှာ အိမ်သာမရှိဘူး။ သံလမ်းဘေးမှာတင် အပေါ့ အလေး သွားကြတယ်။ သူတို့ရှေ့မှာ နှစ်ချို့ကုက္ကိုပင်ကြီး သုံးပင် ရှိတယ်။ နှစ်ပင်ကို ခုတ်ပစ်လိုက်ပြီ။

အစောင့်ကြီးလွန်းလို့ ဘယ်သူမှ မလှဲရဲဘူး။

အစိုးရအမိန့်ပြန်တမ်းနဲ့ လှဲမှပဲ ရတော့တယ်။ အဲ့ဒါတောင် ရုံပိုင်ကတော်ကို အိပ်မက်ပေးပြီး နေရာတောင်းတယ်။ ဆန်ဂိုဒေါင် ကြီးဘက်က ချုံတောထူထူထဲက ဇီးပင်မှာ နေရာပေးလိုက်လို့ ငြိမ် သွားတာပေါ့။

လှဲထားတဲ့ ကုက္ကိုငုတ်ကြီးက အခြောက်အလှန့် မရှိပေ မယ့် သူ့နားမှာ မထီမဲ့မြင်လာလုပ်တဲ့ အရက်သမားတွေကို ကောင်း ကောင်း ဆုံးမတတ်တယ်။

အရက်သမား ထွန်းခိုင်နဲ့ ငသိန်းတို့ဆို ခံစားထားရပြီးပြီ။ အရက်နဲ့ မြည်းဖို့ဝယ်လာတဲ့ အမဲသားတုံးကို သစ်ငုတ်ပေါ်တင်ပြီး ပေါက်ကရ ပြောတယ်လေ။ အပေါ့သွားနေရင်းနဲ့ပေါ့။

"ဆရာကြီးလုပ်ပြီး မလဲချင်လည်း နောက်ဆုံး လှဲချတော့ လဲရတာပဲ မဟုတ်လား။ ငါ့အမဲကြော်ထုပ် လာမဆွဲသွားနဲ့နော် .. သေသွားမယ်၊ ငါက ဘယ်သရဲမှ မကြောက်ဘူး။ သောက်ဂရုလည်း မစိုက်ဘူး"

အဲ့ဒါမျိုးပြောပြီး သူ့တဲအိမ်ပေါ် ပြန်အိပ်တာ .. ညသန်း ခေါင်ရောက်တော့ အမွှေးအမျှင်ထူလပျစ်နဲ့ မည်းမည်းအကောင် ကြီးက ထွန်းနိုင်ခြေထောက်ကို အတင်းဆွဲချ၊ ထွန်းနိုင်က လန့် အော်တော့ အတင်းနဘမ်းလုံးတော့တာပဲ။



www.burmeseclassic.com

www.burmeseclassic.com

# ကလေးသရဲ



တဲအိမ်ပေါ်မှာ ဝုန်းဒိုင်းကျဲ သတ်နေတယ်။ ထွန်းနိုင်အမေ မုဆိုးမဒေါ်ပိန်က မရိုးဘူးဆိုတာသိလို့ ဘုရားသောက်တော်ရေနဲ့ ပက်ထုတ်လိုက်မှ ထွန်းနိုင် သက်သာရာရသွားတာပေါ့။

ထွန်းနိုင်လည်း အဲ့ဒီကတည်းက ကြောက်စတွန့် သွားတော့တာပဲ။ နောက်တစ်ယောက် ငသိန်းက ထွန်းနိုင်ခံရတဲ့ကိစ္စကို မကျေနပ်ဘူး။ ပုလင်းတူဘူးဆို့ ဘော်ဒါတွေကိုး . . မူးပြဲအောင် သောက်၊ ပုဆိုးကွင်းသိုင်းပြီး –

"ဘာသရဲလဲ . . သောက်ဂရုမစိုက်ဘူးကွာ။ ထွန်းနိုင်ကို လုပ်လိုက်တဲ့သရဲ သတ္တိရှိရင်ထွက်ခဲ့စမ်း . . တစ်ယောက်ချင်း ချမယ်။ နဘမ်းလုံးမယ်၊ လာလေကွာ . . လာခဲ့ . . ရီးပဲထင်တယ်"

ငသိန်းပြောနေဆဲမှာပင် မျက်နှာကို –

"ဖြန်း! . ."

"အား! . .'

မျက်နှာကို သဲနဲ့ဆုပ်ပြီး ရိုက်ပက်လိုက်သလိုပင်။ သဲတွေ ဖွာကျဲသွားသော်လည်း သဲတစ်မှုန်မျှ ခန္ဓာကိုယ်မှာ ပေကျံခြင်းမရှိ။ မျက်နှာစပ်ဖျဉ်းပြီး မျက်လုံးတွေ ပြာဝေသွား၏။ နောက်တစ်ကြိမ်–

"ဖြောင်း! . ."

ဘေးနားမှာ ဘယ်သူမှမရှိ။ နားအုံကို ပိတ်ရိုက်ခံလိုက်ရပြန်သည်။ ငသိန်းလန့်ပြီး သစ်ငုတ်တိုကြီးဘေးက ဝရန်းသုန်းကား ထွက်ပြေးခဲ့ရ၏။ လန့်ပြီးဖျားတာ တစ်ပတ်လောက် ကြာသွား၏။ နောက်နေခင် . . ညဘက်တွေဆို အပင်ကြီးနားက ကပ်ပြီးတော့ဝင် မဖြတ်သွားရဲတော့။ မှတ်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

စိန်မောင်ကြီးလည်း အပင်ကြီးနားမှာ ပုဆိုးလှန်ပြီး သေးပန်းဖူးရာ သုံးရက်လောက် ဆီးမသွားနိုင်။ ဆီးကြောပိတ်နေတော့၏။ ဆရာညိုကြီးနဲ့ ပြကြည့်ပြီး အရက်နဲ့ဝက်သားဟင်း သွားကျွေးပြီး တောင်းပန်မှ ဆီးပြန်သွား၍ ရခဲ့၏။

အဲ့ဒီအပင်ကြီးက ကလေးတွေကြတော့ ဘာမှမလုပ်။ ချစ်ဆူးငယ်က အပင်ငုတ်တိုပေါ်မှာ မကြာခဏ ဝမ်းသွားတတ်၏။ ဘေးလူတွေကတားလည်း ဒီကလေးက မရ။

ချစ်ဆူးငယ်က ဗီဒီယိုတွေ၊ ဖုန်းတွေထဲက အပြာကားတွေ မကြာခဏ ကြည့်ရတတ်၏။ ကြက်ချီးငထွန်းက လစာလေးထုတ်ပြီး ဖုန်းဝယ်ထား၏။ အဲ့ဒီကားတွေကို ချစ်ဆူးငယ်ကိုပြ၏။

ချစ်ဆူးငယ် လိင်တံလေးတောင့်မာနေလျှင် လက်ညှိုးနှင့် လိုက်တောက်ပြီး စနောက်တတ်၏။

ချစ်ဆူးငယ်က အိမ်နီးနားချင်းမိန်းကလေး သူ့အရွယ်တွေနှင့် ကစားလျှင် လင်မယားလုပ်တမ်း ကစားတတ်၏။ အတုမြင် အတတ်သင်ပြီး လူမနေတဲ့အိမ်လွတ်မှာသွားပြီး ကမြင်းကြောထတတ်၏။ ဘေးက ကလေးတွေက လူကြီးမိဘတွေသွားတိုင်။

မိန်းကလေးရဲ့မိဘတွေက စိတ်ဆိုးပြီး ဆဲဆိုကာ ချစ်ဆူးငယ်ကို ပြဿနာရှာကြ၏။ ချစ်ဆူးငယ်ရဲ့ မိဘနှစ်ပါးကလည်း သူတို့သားကို အထိမခံ၊ ကြွေပန်းကန်လို ဖူးဖူးမှုတ်ထားတာမို့ ပြန်ရန်တွေ့လိုက်တာမှ ကက်ကက်ကိုလန်ရော။

ချစ်ဆူးငယ်ကြောင့် မိဘနှစ်ပါးမှာ ရန်ပွဲ မကြာခဏနွှဲကြရ၏။ ချစ်ဆူးငယ်နဲ့ဆိုရင် မိန်းကလေးရှင်ရဲ့ မိဘတွေက ပေးမဆော့



www.burmeseclassic.com

www.burmeseclassic.com



တော့။ ချစ်ဆူးငယ်လည်း ယောက်ျားလေးတွေနဲ့ ဆော့ရပြီပေါ့။

စောဖူးဆိုတဲ့ စိန်မောင်ကြီးသူငယ်ချင်းက အရက်သောက်လို့ ပိုသွားရင် မိဘတွေအလစ်မှာ ချစ်ဆူးငယ်ကို အရက်တိုက်၏။ ချစ်ဆူးငယ်လည်း နည်းနည်းသောက်ရင်း သောက်ရင်းနဲ့ . . အရက်ကြိုက်ချင်နေပြီ။ ချစ်ဆူးငယ်က အမြည်းစားချင်တော့ –

"ဦး . . သားကို အမြည်းကျွေး"

"မင်း အမြည်းစားချင်ရင် . . ဒါလေး နည်းနည်းသောက်လိုက်"

အဲ့ဒီလိုနဲ့ပဲ သောက်ဖြစ်သွားခြင်းပင်။

ချစ်ဆူးငယ်က ကလေးဆိုပေမယ့် အရက်သောက်တာ . .၊ လိင်ပိုင်းဆိုင်ရာ ပြစ်မှားတာ . .၊ သူများပစ္စည်းတွေကို ခိုးယူတာ (ကလေးတွေအရုပ်ကို အိမ်သယ်လာတာ၊ ဖိနပ်တွေ အိမ်သယ်လာတာမျိုးတွေပေါ့) ကလေးချင်းဆော့ရင်လည်း ဝစီနှုတ်ကြမ်းပြီး အဆဲအဆိုလည်း အရမ်းကြမ်းတယ်။ ကလေးဆိုတော့ မသိနားမလည်တော့ ထပ်ကာ၊ ထပ်ကာ လွန်ကျူးမိနေတယ်။

အဲ့ဒီလိုမသိတဲ့ ကလေးငယ်ဟာ တစ်နေ့မှာတော့ ကြမ္မာဆိုး ဝင်လာပါလေရော။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (2)

မိလုံးကြီး ကလေးချော့သိပ်နေ၍ မအား။ ညစာအတွက် ဟင်းမချက်နိုင်။ ကလေးကလည်း နေမကောင်းချင်၍ အီနေ၏။ ယောကျ်ားဖြစ်သူ စိန်မောင်ကြီးကလည်း ဆိုက်ကားထွက်နင်းနေ၏။

“အလတ်ကောင် . . ဟင်းသွားဝယ်စမ်း”

“အမေကလည်း မှောင်တော့မယ်။ သစ်ငုတ်ကြီးနားက ဖြတ်ပြီး ပြန်မလာရဲဘူး”

“ယောကျ်ားလေးဖြစ်ပြီး ကြောက်လိုက်တာ . . အဖော်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သွား၊ အကြီးမတွေ အကြီးကောင်တွေရော . .”

“ဘူတာပေါ်မှာ သွားဆော့နေတယ်”

“အဖော်ခေါ်သွားပြီး ဟင်းဝယ်လာခဲ့ . . နင်တို့ မျိုးဆို့ဖို့ ဝယ်ခိုင်းနေတာ၊ ထမင်းပဲ နေ့ခင်းက ချက်ထားတယ်။ ဟင်းဝယ်မှ နင်တို့ စားရမှာ”

အလတ်ကောင် နိုင်ထွန်းလည်း ဟင်းဝယ်ဖို့ ပိုက်ဆံယူပြီး ဆောင့်အောင့်ထွက်သွားတော့၏။

“ကားလမ်းကို ကြည့်ကူးနော် . .၊ အဝေးပြေးလမ်းမကြီးမှာ ကားတွေ၊ ဆိုင်ကယ်တွေက တဝီဝီနဲ့ . . ဟဲ့ . . ငါပြောတာ ကြားရဲ့လား နိုင်ထွန်း”

“ကြားတယ် . . ကြားတယ်ဗျ၊ ဘာကြီးမှန်းလဲမသိဘူး။ သူ့ အမေဆိုပြီး သိပ်အနိုင်ကျင့်တာပဲ . . ဟွန့်”

နိုင်ထွန်း မကြားတကြားပြောပြီး ဘူတာရောက်သွား၏။ လမ်းမှာ သစ်ငုတ်တိုကြီးကို ဘုကြည့်ကြည့်ခဲ့မိသေး၏။ အလင်းရောင်ရှိနေသေး၍ သိပ်ကြောက်စရာ မကောင်းသေး။

ဘူတာပေါ်မှာ တခြားကလေးတွေနဲ့ ကစားနေကြသော မောင်နှမတွေကို မြင်၏။ လိုက်ခေါ်ကြည့်၏။ ဘယ်သူမှ အဖော်အဖြစ် မလိုက်ကြ။

ချစ်ဆုံးငယ်က ဆော့နေရာကနေ –

“သားလိုက်မယ် . . မုန့်ဝယ်ကျွေး”

“အေး . . မင်းက သစ်ငုတ်တိုကြီးသရဲကို မကြောက်တဲ့ကောင် . . လိုက်ခဲ့ . . ငါ ဟင်းသွားဝယ်ဦးမယ်။ မင်း ဒီဘူတာကနေ



www.burmeseclassic.com

www.burmeseclassic.com

# ဒေါတန်

စောင့်နေ၊ အိမ်ပြန်ဟင်းပို့တော့မှ ဝင်ခေါ်မယ်''

''ဟာ . . မရဘူး။ သား လိုက်ခဲ့ချင်လို့ . . သားကို မခေါ်ရင် သစ်ငုတ်တိုကြီးဘေးက ပြန်တဲ့အခါ လိုက်မပေးတော့ဘူး''

''ဟင်း . . ဒါဆိုလည်း လိုက်ခဲ့ . . ခွေးသားလေးရေ . . အမေက တစ်မျိုး၊ မင်းက တစ်မျိုး . . မင်းကို ငါးဆယ်ဖိုးပဲ ဝယ်ကျွေးနိုင်မယ်နော်၊ အမေ့ဟင်းဖိုး ပိုတဲ့ငွေထဲက ဝယ်ပေးရမှာ''

''ဟုတ်ကဲ့''

ချစ်ဆူးငယ်က စကား မပီချင်သေး။ ဗိုက်ပူလေး ရှေ့ပစ်ပြီး နှုတ်ခမ်းစူထော်ထော်၊ မျက်လုံးဝိုင်းဝိုင်း စင်းစင်းလေးနှင့် လိုက်သွား၏။ တီရှပ်ကြီး ဒူးခေါင်းဖုံးတဲ့အထိ ဆွဲချဝတ်ထား၏။

ရထားလမ်းကို ကျော်၊ ကိုက်ငါးဆယ်ခန့်ခြားတဲ့ လူသွားဖြတ်လမ်းကနေ အဝေးပြေးကားလမ်းမကြီးကို ရောက်လာကြ၏။ ခရီးသွားတွေ ကားဂိတ်မှာ ရှုပ်ထွေးနေ၏။

''ချစ်ဆူးငယ် . . မြန်မြန်လာကွ၊ ဟင်းဆိုင်က ဟိုးနားမှာ''

အဝေးပြေးကားလမ်းကို ဖြတ်ကူးရပြီး အကြီးကောင်က ချစ်ဆူးငယ်ကို လက်ဆွဲပြီး ဖြတ်ကူး၏။ ကားလမ်း အလယ်ရောက်တော့ လက်တွဲဖြုတ်လိုက်ပြီး အကြီးကောင်နိုင်ထွန်းက အရင် ဖြတ်ကူးသွား၏။

ဆိုင်ကယ်ကလည်း အရှိန်နှင့်လာနေပြီ။ တစ်ဘက်က လာနေတာကလည်း အရှိန်မြှင့်မောင်းလာတဲ့ ကုန်တင်ကားကြီး။ ချီတုံချတုံနဲ့ ချစ်ဆူးငယ် သူ့အစ်ကိုလိုလွတ်အောင် ကူးနိုင်မယ် ထင်ပြီး ဖြတ်ပြေးကူး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝေါ! . ."

"ဘုန်း! . ."

"ဝုန်း! . ."

"ဟာ! . ."

"ဟယ်! . ."

"အမလေး! . . ကလေးလေး လွင့်ထွက်သွားတာမဲ့"

"ဆိုင်ကယ်နဲ့ တိုက်မိတာဟ . . ဆိုင်ကယ်ပါ လဲသွားပြီ"

ချစ်ဆူးငယ်ကို အရှိန်နဲ့ပစ်တိုက်လိုက်တာ ရှေ့ဆယ့်ငါး ပေလောက် လွင့်ထွက်ပြီး ဒလိမ့်ခေါက်ကွေး ပစ်ကျသွား၏။

"ဘယ်သူ့ ကလေးလဲဟဲ့ . . လုပ်ကြပါဦး"

"ဘူတာပိုင်းက မဟုတ်လား"

"အဲတော့! . . လုံးကြီးမရဲ့ သားလေး ချစ်ဆူးငယ်ပါလား . . ကလေးတော့ သွားပါပြီ"

ဝိုင်းအုံ ရောက်လာကြ၏။ ဆိုင်ကယ်သမားကလည်း အရှိန် မထိန်းနိုင်။ ပစ်တိုက်မိတာကြောင့် လဲပြိုသွားသော်လည်း ဘာမှ ကြီးကြီးကျယ်ကျယ် ဒဏ်ရာမရ။ အနားရောက်မှ ဆတ်ခနဲ ကွေ့ ရှောင်ရင်လည်း ဆိုင်ကယ်မှောက်ပြီး ဆိုက်ကယ်သမား နေရာတင် ဝင် ပွဲချင်းပြီးသွားနိုင်၏။

တချို့က ဒေါကန်ပြီး ဒီလောက်တောင် အမောင်းကြမ်းတဲ့ ဆိုင်ကယ်သမားကို ဝိုင်းဆော်ချင်နေ၏ ။ တချို့က ကလေးဆီ ပြေး သွားပြီး ကောက်ပွေ့ကာ အော်ဟစ် လှုပ်နှိုးကြည့်နေကြ၏။

"ချစ်ဆူးငယ် . . ချစ်ဆူးငယ်"



www.burmeseclassic.com

www.burmeseclassic.com

# ဓေတန်

“မေ . . မေမေ . . အမေ”

ချစ်ဆူးငယ် အဲ့ဒါလေးသာ တမ်းတ ညည်းတွားပြီး ငြိမ်ကျသွား၏။ ဆိုင်ကယ်ဝင်တိုက်သူကလည်း သွေးရူးသွေးတန်း လာရောက်ကြည့်ရှု၏။

“တမင်တိုက်တာ မဟုတ်ပါဘူးဗျာ . . တောင်ငူကို အရေးတကြီးနဲ့ ရောက်အောင် မောင်းလာမိတာပါ။ တောင်းပန်ပါတယ်၊ ကလေးကို ဆေးကုပေးပါ့မယ် . . ဆေးရုံပို့ပေးပါ့မယ်”

ဘေးလူတွေ အုတ်အော်သောင်းနင်း ဖြစ်ကုန်ကြ၏။

ဆိုက်ကားနှင့် ကလေးကိုပွေ့ချီပြီး ဆေးရုံကို အမြန်နင်းကြ၏။ မိလုံးကြီးနဲ့ စိန်မောင်ကြီးကိုလည်း ပြေး အကြောင်းကြားကြ၏။ ဒီတော့မှ မိဘနှစ်ပါးခမျာ အရူးမီးဝိုင်းဖြစ်ပြီး ဆေးရုံကို ကဆုန်ပေါက် ရောက်လာကုန်ကြ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# ကလေးသရဲ



ဆေးရုံက မြို့နယ်ဆေးရုံကို လွှဲပေး၏။

အရေးပေါ်လူနာတင်ကားကို စေတနာရှင်အဖွဲ့အစည်းတွေ က လာရောက်ကူညီကြ၏။ ကလေးက မြို့နယ်ဆေးရုံရောက်ခါနီး မှာ သူ့ကို ပွေ့ချီထားသော မိခင်ငိုယိုနေတာကို မျက်ဖြူလေးလှန် ကြည့်ပြီး ငြိမ်သက်သွား၏။

ဆေးရုံက ဆရာဝန်တွေ စစ်ဆေးကြည့်တော့ အသက်မရှိ တော့။ မိလုံးကြီး အော်ငိုလိုက်တာ ဝက်ဝက်ကွဲ။ စိန်မောင်ကြီးငို တာလည်း ကျူကျူကိုပါလို့။



www.burmeseclassic.com

www.burmeseclassic.com



# ဓေတန်

ကလေးက ရှင်မပြုရသေး။ အရပ်ကူပါ လူဝိုင်းပါနဲ့။ ကလေး အသုဘကို ရှင်ပြုသလို ချကြဖို့ ပြင်ဆင်ပေးကြ၏။ ပန်းရံ ဆရာက ငွေစိုက်ထုတ်ပေး၏။ နောက်မှ ပြန်ရှင်းပေါ့။

မိလုံးကြီးနဲ့ စိန်မောင်ကြီးတို့က ကလေး အသုဘချတဲ့နေ့ အထိ အပူလုံးကြွပြီး ယူကျုံးမရဖြစ်အောင် ငိုကြ၏။ ကလေး အသု ဘကို ရှင်လောင်းလှည့်သလိုချပြီး မြေချပြီးသောအခါ မိဘနှစ်ပါး ကို ဆိုင်ကယ်တိုက်သည့်လူက လျော်ကြေး သိန်း(၂၀)ပေး၍ ဝမ်း နည်း ဝမ်းသာကြီးတွေ ဖြစ်ကြပြန်၏။

သိန်း(၂၀)ဆိုတာ သူတို့ဘဝမှာ အိပ်မက်တောင် မမက်ခဲ့ ဘူးတဲ့ ငွေကြေး။ ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် မသိ။ ညဘက်ကြ တော့လည်း ဖဲဝိုင်းက လူစည်လွန်းလှ၏။ နဂိုကတည်းက လင် မယားနှစ်ယောက်လုံးက ဖဲရိုက်ဝါသနာပါတော့ ဘေးကထိုင်ပြီး အကောက်ကောက်နေရာက ဝင်ကြဲကြပြီပေါ့။

စိန်မောင်ကြီးက အရက်ကြမ်းလောက် သောက်တဲ့ကောင်။ အခုဆိုရင်တော့ မြန်မာဘီယာ၊ ရှမ်းဘူးရှည်၊ ဘူးတိုတွေ ထည်လဲထပ် အောင် သောက်နေနိုင်ပြီလေ။ ဘေးနားမှာ ကပ်မြှောင်တွေကလည်း အများသား။

ချစ်ဆူးငယ် အသက်နဲ့ရင်းပြီး လုပ်ကျွေးသွားတဲ့ ပိုက်ဆံ သိန်း(၂၀) လက်ထဲရောက်တော့ အကြွေးရှင်တွေက လာတောင်း တာနဲ့ (၂)သိန်းလောက် ဆပ်လိုက်ရ၏။ စိန်မောင်ကြီးက ကိုယ်ပိုင် ဆိုက်ကားအသစ် ဝယ်လိုက်၏။ ဘေးလူတွေက ခြံဝယ်ထားဖို့ ဝိုင်း ပြောကြ၏။





www.burmeseclassic.com

www.burmeseclassic.com

## ကလေးသရဲ

"မီးရထားကျူးကျော်မြေဆိုတာ စိတ်ချရတာ မဟုတ်ဘူး။ သူတို့ဖယ်ခိုင်းရင် ဖယ်ပေးရမှာ . . ကိုယ် ခြံဝယ်ထားတော့ ခြံထဲမှာ တင် ဝါးအိမ်လေး အခုလိုဆောက်နေလည်း ဖြစ်တာပဲ"

ဒါကို စိန်မောင်ကြီးက လက်မခံ။

"ဖယ်ခိုင်းရင် နေရာပေးရမှာပဲ . . ကျုပ်တို့က နိုင်ငံသားတွေပဲ . . ဘာလို့ နေစရာမပေးရမှာလဲ . . ဘာခြံမှ မဝယ်ဘူး။ အပေါစက်၊ အောက်စက်၊ ဘောက်(စ်)နဲ့ မိုက်ခရိုဖုန်း ဝယ်မယ်"

"စိတ်ညစ်တာတွေ ပြေပျောက်သွားအောင် လင်မယား နှစ်ယောက်ဖက်ပြီး ကာရာအိုကေဆိုမယ် . . ဒါပဲ"

ချစ်ဆူးငယ်လေးကို ရက်လည်ဆွမ်းသွတ်ပြီးတာနဲ့ စိန်မောင်ကြီးတို့လင်မယား လက်ထဲ ငွေယားကလေးနဲ့ ပျော်နေကြပြန်တယ်။ ချစ်ဆူးငယ်လေးက သူ့အမေသွားရာ တကောက်ကောက် လိုက်နေတယ်။ လုံးကြီးမက မမြင်ဘူး။ ဘေးလူတွေက မြင်နေရတယ်။ ကံနိမ့်နေတဲ့ လူတွေပေါ့ . .။

အထူးသဖြင့် ညဘက်တွေမှာပေါ့ . .။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (၃)

ကြက်ချီးငထွန်း အရက်သောက်နေတဲ့ရှေ့ကနေ လုံးကြီးမ ဖြတ်လျှောက်သွားတယ်။

"ဟာ! . . ဟဲ့! . . လုံးကြီးမ၊ နင့်နောက်မှာ လိုက်နေတာ ချစ် . . ဆူးငယ် မဟုတ်လား"

"ဦးထွန်း . . ကျွန်မကို မစနဲ့နော် . ."

"ငါ . . ငါ တကယ်ပြောတာ . . ပြောကာမှ အမှောင်ရိပ်ထဲ ဝင်သွားပြီ။ ပျောက်သွားပြီ"

"ရှင် ရူးကြောင်မူးကြောင်နဲ့ . . လာမခြောက်နဲ့၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



သားက ကောင်းကောင်းသင်္ဂြိုဟ်လိုက်လို့ ကောင်းရာ သုဂတိ လားသွားပြီရှင့်”

လုံးကြီးမ ပြောသာ ပြောရတယ်။ သူ့အိမ်တဲလေးမှာလည်း ထူးဆန်းတာတွေ ဖြစ်နေတာ သူ အသိဆုံး။ ပန်းကန်ခွက်ယောက် တွေ လှုန်လှောသံ၊ ညသန်းခေါင်ယံ တဲဘေးပတ်လည် လမ်းလျှောက် သံ။ ခွေးတစီစီနဲ့ ည(၁၀)နာရီလောက် ရောက်လာပြီး မနက်(၄) နာရီလောက်မှ ပြန်ထွက်သွားတတ်၏ ။

အိမ်ရှေ့က မာလာကာကိုင်းမှာ ပိုက်ပုခက် တပ်ထားတာ ကိုလည်း တက်စီးနေသံ။ ဒီပုခက်က ချစ်ဆူးငယ် သိပ်နှစ်သက်တဲ့ ပုခက်။ ဘယ်ကလေးမှ ထိုင်တာ မကြိုက်။

တစ်ခါတလေကြရင် နားထဲမှာ –

“အမေ . . အမေကြီးရေ . .”လို့ ခေါ်လိုက်သံ။

ရိပ်ခနဲ ရိပ်ခနဲ အိမ်ရှေ့က ဖြတ်သွားဖြတ်လာ မြင်ရတာ တွေ ရှိ၏။ စိန်မောင်ကြီးကတော့ ဘီယာမူးပြီး အိပ်ပျော်နေတာ များ၏။ ပြောပြလျှင်လည်း မယုံ။

“ငါ့သားက ကောင်းရာရောက်မှာပါ . .၊ သူများတွေ ပြော တာ ယုံမနေနဲ့ . .”

စိန်မောင်ကြီးက သူ့မှာ သားသမီးတွေများလွန်းလို့ သိပ် ပြီး ရင်ထဲမှာ သောကမထား။ ဒီကလေးသေရင် နောက်ကလေး မွေးလို့ ရတယ်လို့ သဘောထားတဲ့ ဖခင်မျိုး။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (4)

ချစ်ဆူးငယ်လေး ဆိုင်ကယ်တိုက်သေတဲ့နားမှာ ကားတိုက်တာ၊ မှောက်တာ အရင်က ရှိခဲ့ဖူး၏။

ခြောက်လလောက်သာ ကြာသေး၏။ အဲဒီတုန်းကလည်း ကားလမ်းပေါ်မှာ ဘာမှမရှိဘဲ 'ကယ်ပါ၊ ယူပါ'တစာစာ အော်ဟစ်သံတွေ ကြား ကြားနေခဲ့ရ၏။

ထွက်ကြည့်ရင် ဘယ်သူမှမရှိ။

ကားလမ်းဘေး စားသောက်ဆိုင်မှာ ဆိုင်ရှင် ထိပ်ပြောင်နဲ့ အရက်သမားတင်ရွှေတို့ အရက်သောက်နေကြ၏။ သူတို့ဟာ ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



# ဒေါတန်

သိမ်းပြီးမှ ဆိုင်ရှေ့က တန်းလျားမှာ ညသန်းခေါင်ကျော်သည်အထိ အမြည်းကောင်းကောင်းနဲ့ အရက်သောက်တတ်၏။

တစ်ည . .။

အမဲနှပ်၊ ဝမ်းတွင်းသားကြော်တွေနဲ့ အရက်သောက်နေကြ စဉ် ကလေးလေးတစ်ယောက် . . ကားလမ်းကို ဟိုဘက် ဖြတ်ကူး လိုက်၊ ဒီဘက် ဖြတ်ကူးလိုက် လုပ်နေ၏။ ကုန်တင်ကားတွေက လည်း မကြာခဏ ဖြတ်မောင်း သွားလာနေကြ၏။

"ထိပ်ပြောင် . . ဟိုကလေးလေး ဘာလုပ်နေတာလဲ"

"လူကြီးလည်း မပါဘူး။ ကားလမ်းကို ဟိုဘက်၊ ဒီဘက် ခေါက်တုန့်ခေါက်ပြန် ဖြတ်ကူးနေတယ်"

ထိပ်ပြောင်က လှမ်းကြည့်လိုက်၏။ မူးနေတော့ . . ဘာမှ ထွေထွေထူးထူး စဉ်းစားမနေနိုင်။

"ကိုယ့်ကိစ္စ မဟုတ်ဘူး . . သောက်မှာသာ သောက်စမ်း ပါ တင်ရွှေရာ"

"ဟိုမှာ . . ကျုပ်တို့ဆီကို လာနေပြီဗျ"

"ဘာလာလုပ်တာလဲ"

"မသိဘူးလေ"

ကလေးလေးက လေးနှစ်ကျော်အရွယ်။

ဗိုက်ပူ၊ နဖူးမောက် ကလေး။ မျက်နှာနဲ့ အသားအရေက ပြာနှမ်းပြီး မျက်ကွင်းတွေက ညိုနေ၏။ သူတို့နဲ့ မလှမ်းမကမ်းမှာ ရပ်ကြည့်ပြီး မျက်လုံးတွေ တဖြည်းဖြည်းနီလာ၏။

လက်နှစ်ဘက်ကို ဆန့်တန်းပြီး အစာတောင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com

# ကလေးသရဲ

"ဟော့ကောင်လေး . . ဘယ်ကလဲ သွား သွား . . ဘာတွေ လာတောင်းနေတာလဲ"

"ဆာလို့နဲ့တူတယ် . . ကျွေးလိုက်ပါ ထိပ်ပြောင်ရယ်"

ကလေးက လျှာနီလေး တစ်လစ်,တစ်လစ်နှင့် အနားကပ် လာ၏။ သိပ်မမူးသေးသော တင်ရွှေက ကြက်သီးတွေထပြီး ကျော ချမ်းလာ၏။

ထိပ်ပြောင်က အမဲကြော် အရွတ်တစ်တုံးကို ရွေးပြီး လှမ်း ပစ်ပေးလိုက်၏။

"ဟော့ကောင် . . စားပြီးသွားတော့ . ."

ကောင်လေးက မိမိရရဖမ်းပြီး အားရပါးရ ပလုပ်ပလောင်း စားနေ၏။ အသားစားနေပုံက အမဲသားစိမ်းကို မကောင်းဆိုးဝါး အသည်းအသန် ဝါးစားနေသလိုပင်။

ခဏအတွင်း ကုန်သွား၏။

လက်ဖြန့်တောင်းနေပြန်၏။ တင်ရွှေက လှမ်းပစ်ပေး လိုက်၏။ ထိပ်ပြောင်က သတိရလာ၏။ တင်ရွှေလည်း ပစ်ပေးပြီး မှ ဆိုင်ကယ်တိုက်လို့ သေတဲ့ကလေးကို အမှတ်ရလာ၏။ အသား ကုန်သွားတာနဲ့ နှုတ်ခမ်းကို လျှာနီကြီးနှင့်သပ်ပြီး ကြောင်မျက်ဆံ လို မျက်လုံး။ သူ့ဟာက အစိမ်း မဟုတ်။

အနီရောင်။

အဲ့ဒီအကြည့်နဲ့ တောင်းခံနေပြန်၏။

"တင်. . တင်ရွှေ"

"ဟေ . . ဘာ . . ဘာလဲ . . ထိပ်ပြောင်"



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

“ဒါ . . ဒီ . . ဒီကောင်လေးဟာ . . ဟိုတစ်ပတ်ကျော်က ဆိုင် . . ဆိုင်ကယ်တိုက် သေ . . သေသွားတဲ့ က . . ကလေး လေး လား”

“ဟင်! . . ငါ . . ငါလည်း ထင် . . ထင်တယ်”

“ဒါ . . ဒါဆို . . ငါ . . ငါတို့ . .”

“သ . . သရဲ . . အမယ်လေး! . . သရဲ”

ယောကျ်ားရင့်မာကြီး နှစ်ယောက်သား ဝုန်းခနဲ ထခုန်ပြီး ဆိုင်ထဲကို အလုအယက် ပြေးဝင်၊ တံခါးတွေ အမြန် ပိတ်ပစ်လိုက်ကြ၏။ အထဲရောက်မှ ကြောက်လိုက်တဲ့ဖြစ်ခြင်း။ အပြင်ဘက်မှာတော့ ခွေးတစ်ကောင်က အမဲသားဟင်းတွေကို စားနေတဲ့ အသံဗလံမျိုးတွေ ကြားနေရ၏။

ကိုယ်ကြောက်တာ ဘေးလူတွေ သိမှာလည်း စိုးသေး၏။ ဘေးဆိုင်ခန်းတွေက လူတွေ အိပ်တာမဟုတ်။ ကားလမ်းတစ်ဘက်ခြမ်းက အိမ်တွေကလည်း သူ့အိမ်ခြံဝင်းနဲ့ တံခါးအလုံပိတ်ပြီး အိပ်ကုန်ကြပြီ။

နှစ်ယောက်သား ဆိုင်ထဲက မီးကို အမှောင်ချပြီး ငြိမ်ကုပ်နေမိကြ၏။

“ဘယ် . . ဘယ်လိုလုပ်မလဲ၊ မောင်း . . မောင်းထုတ်လို့ရမလား”

“မင်း . . ထွက်မောင်းရဲလား”

“လေးခွနဲ့ ခဲပစ်ယူပြီး နှစ်ယောက်လုံး ထွက်ကြမယ်လေ တို့က နှစ်ယောက် . . လူကြီးတွေ . . သူက သရဲပေမယ့် ကလေးသရဲ

www.burmeseclassic.com



လေးပဲဟာ"

"အေး . . ထွက် မောင်းထုတ်မယ်"

နှစ်ယောက်သား ဆိုင်ထဲမှာ တစ်ယောက် ဝီစကီနှစ်ပတ် စီချကာ ရဲဆေးတင်ပြီး ဆိုင်ပြင်ကို ဝုန်းဒိုင်းကျဲ ထွက်လာလိုက်၏။ ခင်းထားသော စားပွဲပေါ်ကို လေးသီးတွေနဲ့ ပစ်ထုတ်ပစ်၏။

ဘယ်သူမှ မရှိ။ ကားလမ်းပေါ်မှာလည်း ရှင်းနေ၏။ အမဲသားကြော်တွေကတော့ ပြောင်တလင်းခါနေပြီ။ အရက်တချို့လည်း လျော့နေပြီ။

လမ်းမပေါ်ကနေ ခွေးတစ်ကောင် အူသံကြားလိုက်ရ၏။ ဘတ်(စ်)ကားဂိတ်လေးကနေ သံလမ်းဘူတာ ရှိရာဘက်ကိုသွားသော မြေလမ်းလေးဘက်မှာ။

"ကလေးသရဲလေး . . တို့ဆီက စားပြီး သူ့မိဘအိမ်ဘက်ကို သွားပြီကွ"

"အေး . . ကြောက်လိုက်တာကွာ . . မူးတာမူးတာပဲ၊ ခွီး တယ်မှ . . မသာလေး မကျွတ်ဘူးကွ"

"ဘယ်လိုကျွတ်မှာလဲ . . သာဓုခေါ်ရင် ဘာဖြစ်မယ်ဆိုတာတောင် နားလည်သေးတဲ့ အရွယ်မှမဟုတ်တာ"

"နောက်ည ထွက်မသောက်ရဲတော့ဘူး"

"အေးကွာ . . ထပ်ခြောက်ခံနေရလိမ့်မယ်။ မင်းလည်း အိမ်မပြန်ရဲတော့ဘူးမဟုတ်လား၊ ဆိုင်ထဲမှာပဲ အိပ်လိုက်တော့"

"အေး"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (5)

လမ်းမပေါ်မှာ 'ကလေးသရဲ'ခြောက်ခံရသည့် သတင်းက တစ်စထက်တစ်စ ပျံ့နှံ့လာ၏။ ဘူတာအလုပ်သမားဝန်ထမ်း၊ သံလမ်းလုပ်သားတွေနေသော အခန်းတွဲမှာ ဖိုးခွားဆိုသော ကောင်လေးမှာ မိဘတွေနှင့် နေထိုင်၏။

ဖိုးခွားက ချစ်ဆူးငယ်ထက် လပိုင်းကြီး၏။ သူငယ်တန်းဝင် တက်နေပြီ။ ချစ်ဆူးငယ်နဲ့ မတည့်အတူနေ သူငယ်ချင်း၊ ဆော့ဖော် ဆော့ဖက်တွေပေါ့။ အတူဆော့လိုက်၊ ရန်ဖြစ်လိုက် ပြန်တည့်လိုက်နှင့်။ ဖိုးခွားနဲ့ ချစ်ဆူးငယ်က အလှူဝတ်လှည့်လာရင် အတူ



www.burmeseclassic.com

www.burmeseclassic.com

## ဒေါတန်

ပြေးကြည့်ကြတဲ့ကောင်တွေ။

မျက်လုည့်ဝိုင်းရှိရှိ၊ လူစည်ကားတဲ့ လှည့်လည်ပွဲ၊ ဘာပဲရှိရှိ ပြေးကြည့်ကြသူတွေ။ ချစ်ဆူးငယ်ရဲ့ အခင်ဆုံးသူငယ်ချင်း ဖိုးသားလေး နေဝင်ရီတရောမှာ သံလမ်းဘက် ထွက်ဆော့ရင်း အော်ဟစ်ပြီး လိုင်းခန်းတွဲပေါ် ပြေးတက်လာ၏။

"အမေ . . အမေရေ . . ကယ်ပါဦး . . ကယ်ပါဦး"

"ဟဲ့ . . ဖိုးချွား ဘာဖြစ်လာတာလဲ၊ အလန့်တကြားနဲ့ . . ငါ့နှယ်ဟယ်"

ဖိုးချွားက သူ့မိခင် ဇင်မာထွန်းကို ပြေးဖက်ပြီး –

"အီး ဟီး ဟီး . . ချစ် . . ချစ်ဆူးငယ် . . ချစ်ဆူးငယ် . . သားကို လျှာအရှည်ကြီးထုတ်ပြပြီး လက်ပြလှမ်းခေါ်နေတယ်"

"ဟင်! . . ဘယ်မှာလဲ ချစ်ဆူးငယ်က သေတာ တစ်လပဲ ရှိတော့မယ် အမေ့ကိုပြစမ်း . ."

"ဟင့်အင်း . . သားကြောက်တယ်။ ဟော . . ဟိုမှာ စည်းရိုးဝင်ပေါက်မှာ ရပ်နေတယ်။ သားကို လှမ်းကြည့်ပြီး ခေါ်နေပြန်ပြီ။ သား ကြောက်တယ်"

"ဟဲ့ . . ငါကြည့်တာ ဘာမှမရှိပါဘူး"

ဖခင်ဖြစ်သူက ကလေးကို အိမ်ထဲခေါ်သွင်းပြီး ဘုရားစင်က ရေမန်းတွေတိုက်၊ ရေမန်းတွေပက်ပေးလိုက်မှ ဖိုးချွားလေး အငိုတိတ်ပြီး အကြောက်ပြေသွားတော့၏။ ဘေးအခန်းတွေလည်း တအံ့တဩနဲ့ပေါ့။

ကလေးတွေကို မမှောင်ခင် အိမ်ထဲသွင်းကုန်ကြပြီလေ။



www.burmeseclassic.com

www.burmeseclassic.com

# ကလေးသရဲ

သံလမ်းဘေးအတိုင်း ဘူတာသွားပြီး ဈေးဝယ်၊ မြို့လေးထဲသွားရတဲ့ ရပ်ကွက်တဲစုထဲကလူတွေ ညဘက်ဆို အပြင်မထွက်ရဲတော့ဘူး။

'အောင်နိုင်စိုး'ဆိုတဲ့ နှစ်ဆယ်ကျော် လူငယ်တစ်ယောက် ရည်းစားနဲ့ချိန်းတွေ့ပြီး ည(၉)နာရီလောက် ပြန်လာရော။ ဘူတာ ရပ်ကွက်က လမ်းမီးမရှိတော့ မှောင်နေပြီ။

ခွေးတွေကလည်း အူ ..တစ်ယောက်ထဲ ပြန်လာတုန်း သံလမ်းဘေးမှာ ငုတ်တုတ်လေးထိုင်နေတဲ့ ကလေးတစ်ယောက်ကို တွေ့တယ်။ အနီးအနားက တဲက ကလေးတစ်ယောက် အလေးသွား နေတာလို့ ထင်တာပေါ့။

အနားရောက်မှ ထောင်းခနဲ အပုပ်နံ့ရသွားတယ်။ ကြက်သီး တွေ ထောင်ထပြီး ကျောတွေ ချမ်းထွက်သွားတယ်။ ကလေးပုံစံက ချစ်ဆူးငယ်ပုံစံမျိုးလေး .. အောင်နိုင်စိုး သေချာကြည့်နေတယ်။ လှဲထားတဲ့ ကုက္ကိုငုတ်ကြီးကို အောင်နိုင်စိုး ညဘက် သွားလာနေ ကြမို့ သိပ်မကြောက်တော့ဘူး။

"ဟင်! .."

"ဟာ! .."

ကလေးက ကြည့်နေရင်းက ပျောက်သွားတယ်။ အောင်နိုင် စိုး ခေါင်းနပမ်းကြီးပြီး တဲအိမ်ရောက်အောင် တန်းပြေးတော့တာ ပေါ့။ ချစ်ဆူးငယ် ခြောက်လှန့်တဲ့သတင်းက ပိုပြီး အသံထွက်လာ ပြီ။

"အရင်က .. သစ်ငုတ်တိုသရဲကြီး ကြောက်ရတယ်။ အခု ကလေးသရဲ ချစ်ဆူးငယ်ပါထပ်တိုးတော့ ပိုဆိုးကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



# ဒေဝတန်

"ဟုတ်တယ် . . ညဘက်တာဝန်ကျတဲ့ ဘူတာက ဂျမဒါတွေတောင် အခြောက်ခံရလို့ သံလမ်းအတိုင်း အလံချိုးတဲ့နေရာကို မသွားကြတော့ဘူး။ ကားလမ်းဘက်က စက်ဘီးနဲ့ပတ်ပြီးတော့ပဲ သွားရဲကြတော့တယ်"

ဒီအသံတွေ စိန်မောင်ကြီးနားထဲကို လျှံလာတော့ စိန်မောင်ကြီး ပေါက်ကွဲပြီပေါ့။ အရက်မူးအောင်သောက် ဝါးရင်းတုတ်ကြီးကိုင်ပြီး လူမိုက်စတိုင်နဲ့ ဘေးပတ်ဝန်းကျင်ရော၊ ဘူတာနားမှာပါ အော်ဟစ်ဆဲဆို ကြိမ်းမောင်းတော့တာပါပဲ။

"ငါ့သားကို သရဲလို့ပြောတာ . . ဘယ်ကောင်တွေ၊ ဘယ်ကောင်မတွေလဲ . . ကြိုက်တဲ့ကောင် ထွက်လိုက်၊ သူသေ ကိုယ်သေချမယ်။ ငါ့သားကဖြင့် လူဝင်စားပြန်ဖြစ်ပြီး အေးဆေးဖြစ်နေပြီ။ ဘာသရဲ ဖြစ်နေရမှာလဲ"

"ဒီသံလမ်းမှာ ရထားကြိတ် သေထားတာလည်း အများကြီး၊ တခြားသရဲ ခြောက်ချင်ခြောက်မှာပေါ့ . . အားအားရှိ ငါ့သားကိုပဲ လွှဲချနေတယ်။ နောက်နေ့ ပြောသံ ကြားကြည့်၊ ငါနဲ့ တွေ့မယ် . . အကုန်ရိုက်သတ်ပစ်မယ်"

စိန်မောင်ကြီး ပွဲကြမ်းထားတော့ ဘယ်သူမှ မပြောရဲဘူး။

တစ်ညမှာ စိန်မောင်ကြီး မူးပြီး ပြန်လာတယ်။ သံလမ်းပေါ်မှာ ပက်လက်ကြီး အိပ်နေတယ်။ ရထားက အရံလမ်းဆိုပေမယ့် အမြန်ရထားတွေ ရှောင်တဲ့အခါ ဒီအရံလမ်းကို ကုန်ရထားတွေ ဝင်ဝင်လာတတ်တယ်။ ဒီည ကုန်ရထား ဝင်လာတယ်။

"အဖေ . . အဖေ . . ထ . . ထ . . ရထားလာပြီ၊ ရထား



www.burmeseclassic.com

www.burmeseclassic.com



လာနေပြီလို့"

"ဟင်! . . ဟုတ်လား . . အေး . . အေး . . ထပြီ၊ မင်း ဘယ်သူလဲ"

"ချစ်ဆူးငယ်"

"ငယ်ငယ်လား . . ငါ့သားလေးပဲ၊ ဘာလို့ သံလမ်းမှာ ရောက်နေတာလဲ၊ လာ . . အဖေနဲ့ အိမ်ပေါ်မှာ သွားအိပ်မယ် . . လာ"

စိန်မောင်ကြီးက မူးပြဲပြဲနဲ့ တဲအိမ်ရောက်အောင် ခေါ်လာ၏။

"မိန်းမရေ . . အော့ . . ဟော့ . . မိန်းမ . . လုံးကြီးမရေ . . ထစမ်း . . ထစမ်း"

"မသာ . . ခွေးမသောက်တဲ့ သောက်ရည် သောက်လာပြီး ရင် ကိုယ့်ဘာသာ သေပါတော့လား ဒီမှာ ကလေးလန့်နိုးတော့မှာပဲ"

"ဟာ! . . ဒီကောင်မကလည်း နင် သားထိန်း ညံ့လှချည့် လားဟော့ . . ဒီမှာ ငါ့သားလေး ချစ်ဆူးငယ် ပါလာတယ်၊ သံလမ်း ရောက်နေတယ်။ ငါ သံလမ်းမှာ အိပ်ပျော်နေတာ ကံကောင်းလို့ ရထားကြိတ် မခံရတယ်။ ငါ့သားလေး လာနှိုးလို့ပေါ့ . . သားကို ခြင်ထောင်ထဲ ထည့်သိပ်လိုက် . . ငါ အပေါ့သွားလိုက်ဦးမယ်"

"စိန်မောင် . . နင် ဘာတွေပြောနေတာလဲ၊ ကျန်တဲ့ သား သမီးတွေ လန့်ဖျန့်ကုန်လိမ့်မယ်။ ချစ်ဆူးငယ်က သေသွားပြီလေ"

"ဟေ! . ."

စိန်မောင်ကြီး အပေါ့သွားနေရာက လုံးကြီးမက ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှ သတိပြန်ရသွားတော့၏။ ချက်ချင်းလှည့်ပတ်ပြီး လိုက်ရှာတော့ ချစ်ဆူးငယ်ကို အရိပ်အယောင်ပင် မတွေ့ရတော့။ စိန်မောင်ကြီး လန့်ပြီး အိမ်ပေါ် ကမန်းကတန်း တက်ပြေး၏။

"မိန်းမ . . ငါ တကယ်တွေ့ခဲ့တာ လက်ဆွဲပြီးတော့တောင် ခေါ်ခဲ့သေးတယ်။ ငါ့သားလေး လက်က အေးစက်နေတာပဲ။ သံလမ်းက လေတိုက်လို့ အေးနေတာ ထင်နေတာ . ."

"တော်တော့ ခက်နေပြီ။ ကလေးငယ်လေးနဲ့ ဖွီးဟဲ့ . . ဖွက်ဟဲ့လည်း မလုပ်လာဘူး"

BURMESE CLASSIC

"အေး . . အေး . . ဖွီးဟဲ့ ဖက်ဟဲ့ . . ငါ့သားလေးကို ချစ်ပေမယ့် . . သူက ဘေးလူတွေပြောသလို ကလေးသရဲဖြစ်နေတော့ ကြောက်စရာပေါ့ . ."

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (6)

လင်မယားနှစ်ယောက် ကြောက်ကြောက်လန့်လန့်ဖြင့် ခြင်ထောင်ထဲ ပူးကပ်ပြီးနေရာ အိပ်ပျော်နေသော ကလေးက စူးစူး ဝါးဝါး ထငို၏။ ငိုတာမှ ဆွဲဆိတ်ခံနေရတဲ့အတိုင်းပင်။

ဘယ်လိုမှ ချော့မရ။ ဘေးအိမ်တွေလည်း နိုးကုန်ကြပြီ။ ခေါင်းရင်းအိမ်က ဒေါ်အိမ်ကျယ်ကြီးရောက်လာပြီး ကလေးကို ရေမန်းတိုက်ပြီး ဂါထာရွတ်ဖတ်ကာ ပြန်ချော့သိပ်လိုက်၏။ ပြန် အိပ်ဖြစ်တော့ မနက်သုံးနာရီ။

လင်မယားနှစ်ယောက် အိပ်မပျော်။ ငိုသံကြားနေရ၏။

www.burmeseclassic.com

## ဧဝတန်

"ဖေ . . ဖေကြီးရေ . . မေ . . မေကြီးရေ"

ဆိုတဲ့ ငိုသံ။

"ဒါ . . ဒါ ငါ့သား ချစ်ဆူးငယ် ငိုသံပဲ၊ သူပဲ အဲ့လို အော်ငိုတတ်တာ"

"ဟုတ်တယ်၊ ကျုပ်သားလေးပဲ . . သူ့ခမျာ သရဲဘဝ လျှောက်သွားလိုက်၊ ကျုပ်တို့အိမ်ကို လာလိုက်နဲ့ ကလေးဆိုတော့ စွဲမိစွဲရာစွဲပြီး မကျွတ်တာ၊ ကျုပ်တို့ မိဘနှစ်ပါးကိုစွဲနေတာ . . ကျုပ်တို့မိဘတွေပဲ ထွက်တွေ့ရအောင်"

BURMESE CLASSIC

"အေး . . ငါ့သားလေးပဲ ဘာကြောက်စရာလိုလဲ . . လာ"

လင်မယားနှစ်ယောက် တဲအပြင်ထွက်လိုက်၏။ လခြမ်းကွေးနဲ့ ကြယ်ရောင်အလင်းတွေ သာနေ၍ ပတ်ဝန်းကျင်ကို အနည်းငယ် လင်းပျပျ မြင်နေရ၏။

"သား . . သားလေး ချစ်ဆူးငယ်"

"အဖေ့ရဲ့သားလေး . . ငယ်ငယ် မင်း ဘယ်မှာလဲ၊ အဖေနဲ့ အမေလာပြီလေ . . သားလေး ထွက်တွေ့ပါ။ အဖေနဲ့ အမေနဲ့ . . မင်းကို အဲ့ဒီလို ပစ်မထားနိုင်ဘူး"

ကုက္ကိုပင်ကြီးအောက်မှာ ရိပ်ခနဲ လှုပ်ရှားသွား၏။ လင်မယားနှစ်ယောက် ဘေးက တဲတွေကြားရင် အရှုးတွေထင်မှာ စိုး၍ လေသံအုပ်အုပ်နဲ့ခေါ်ရင်း ကုက္ကိုပင်ကြီးအောက် ရောက်သွား၏။

နှစ်တစ်ရာမက သက်တမ်းရင့် ကုက္ကိုပင်ကြီးက လူကြီး လေး၊ ငါးဦးဖက်စာခန့် ရှိ၏။ ခပ်လှမ်းလှမ်းမှာ ဒီအပင် အရွယ် အစားလောက်ရှိသော သစ်ငုတ်တိုကြီး ရှိ၏။ သစ်ငုတ်တိုပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



လုံးတုံးတုံးလေး ထိုင်နေ၏။

“ဟာ! . . ဟိုမှာ . . သား . . ငယ်ငယ် ချစ်ဆူးငယ်”

“စိန်မောင် . . လာ . . လာ . . တို့သားကို သွားခေါ်ကြယ်”

“နေဦးဟ . . ဟော . . ဟော . . ကြည့် . . ကြည့်”

“အဲ . . ဟုတ်ပါရဲ့ . . ဘယ့်နှယ် . . သေးသေးလေးက အမလေး . . ကြီး . . ကြီး . . ကြီးလာလိုက်တာ”

“အာ! . . နည်းတဲ့အကောင်ကြီး မဟုတ်ဘူး။ ဝက်ဝံကြီး လား . . လူဝံကြီးလား”

BURMESE CLASSIC

“အား! . . လာ . . ပြန် . . ပြန်မယ်”

“အမလေး! . . သရဲကြီး . . သရဲကြီး”

လင်မယားနှစ်ယောက် သည်းတုန်အူလှိုက် အော်ဟစ်ပြီး တဲရောက်အောင် ပြန်ပြေးလာကြ၏။ သစ်ငုတ်တိုပေါ် ထိုင်နေတဲ့ ကလေးက ကြည့်နေရင်းက တဖြည်းဖြည်း ကြီးလာလိုက်တာ ဧရာမ ဝက်ဝံလိုလို လူဝံကြီးလိုလိုနှင့်။

“ဂူး . . အူး . . အူး”

“ဝု ဝုတ် ဂူး . . အူး . . အူး”

ဒီအနားဝန်းကျင်က ခွေးတွေလည်း အနားမကပ်ရဲ။ အဝေးကကြည့်ပြီး တရစပ်ဟောင်ကြ။ အဆက်မပြတ် အူကြနဲ့ . . တုံးအောင်းခေါက်သံကြားမှ အသံတွေ ပြန်လည် တိတ်ဆိတ်သွားတော့၏။

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (7)

မနက်လင်းတော့ စိန်မောင်ကြီးတို့လင်မယား ကြော
ဖျားတွေ တက်လို့။ ပယောဂကုတတ်တဲ့ ဆရာညိုကြီးက ဆေးလ
တိုက်ရတယ်။

"နင်တို့သား မကျွတ်ဘူးဆိုတာ နင်တို့ လက်ခံလိုက် ..
ကလေး ကျွတ်လွတ်အောင် ငါလည်း လုပ်ပေးချင်တယ်။ ဒီ နေ့လ
(၁၂)နာရီရထားနဲ့ ငါလည်း ခရီးထွက်ရမှာ"

"ပညာကျင့်စဉ်တက်ဖို့ ဂန္ဓာရီခရီးကို မဖြစ်မနေ ထွက်ရမှ
မင်းတို့တတွေ သံဃာတော်တွေ ပင့်ဖိတ်ပြီး (၁)လပြည့် ဆွမ်းကပ်ပြီ



www.burmeseclassic.com

www.burmeseclassic.com



အမျှဝေပေးလိုက်"

"သရဲကြီးရင် တစ္ဆေ၊ တစ္ဆေကြီးရင် သဘက်၊ သဘက်ကြီးရင် ဘီလူးဖြစ်သွားတတ်တယ်။ ဒီကလေး မှင်စာဖြစ်သွားရင် မလွယ်ဘူး။ မိဘဆိုတဲ့အသိကို မိစ္ဆာအသိက လွှမ်းမိုးသွားရင် အနီးအနားဝန်းကျင်က လူတွေအတွက် သိပ်အန္တရာယ်ကြီးတယ်"

ဆရာညိုကြီးစကားကို နားထောင်လိုက်ကြ၏။

ဆရာညိုကြီး မရှိတော့။ ခရီးထွက်သွားပြီ။ (၁)လပြည့်ဆွမ်းသွပ်ပြီး အမျှဝေပေးမိ၏။ ညကျတော့ –

"ဒီလောက်ဆို တို့သားလေး သာဓုခေါ်ပြီး ကောင်းရာ သုဂတိလားပါပြီ မိလုံးရ . ."

"အမျှဝေတိုင်း သူတို့ရကြလို့လား"

"မရဘဲ နေမလား . . နင်ကလည်း ဘာစကားတွေ လာပြောနေမှန်း မသိဘူး"

လင်မယားနှစ်ယောက် ည(၁၀)နာရီလောက်ကြီး ထိုင်စကားပြောနေတုန်း တဲရှေ့မာလကာပင်ပေါ်က ဗာဒံသီးတွေ ပြုတ်ကျ၏။ ငှက်တွေ ချီလာတာလို့ သဘောထားလိုက်သေး၏။ သဲတွေ အပေါ်က ကျလာပြန်၏။ ကျလာတာမှ တဖျောဖျောရယ်။

"ဘာတွေလဲဟ . . ဘာတွေ ဖြစ်နေတာလဲ"

"သဲတွေ ထင်တာပဲ . . ဘာမှလည်း သဲရှိ မနေပြန်ဘူး"

"မဟုတ်သေးပါဘူး"

တဲအိမ်ကို ခဲသေးသေးလေးတွေနှင့် ဆုပ်ပြီး ပေါက်လိုက်သလိုပင်။ ခဲလုံးသေး ထိမှန်သံတွေ ပြန့်ကျဲ ညံဝေသွား၏။



www.burmeseclassic.com

www.burmeseclassic.com



# ဓေတန်

"ဘယ်သူ လာနောက်နေတာလဲ၊ ခေါက်ဆွဲပေးစမ်း . . လေးခွ နဲ့ လေးသီးအိတ်ပါပေး၊ နဖူးစည်းခေါက်ဆွဲပါ ယူပေးစမ်း မိလုံး"

"တော် ရမ်းသမ်းမပစ်နဲ့နော် . . ကျုပ်တော့ ကြက်သီးထပြီး ကျောချမ်းနေပြီ"

"တိတ်စမ်း နင့်အပေါက် . . ပေး . . လေးခွ"

စိန်မောင်ကြီးက နဖူးစည်းခေါက်ဆွဲနဲ့ လေးခွလောက်စာ အိမ်ထဲ လေးသီးထည့်ပြီး ဆွဲပစ်လို့လွယ်အောင် အသင့်အနေအထား ပြင်ပြီး လိုက်ပတ်ရှာကြည့်၏။ ဘယ်သူ့ကိုမှ မတွေ့ရ။

"ဝုန်း! . . ဒုန်း! . . ဝုန်း! . ."

လန့်တုန်ကုန်၏။ သူတို့ လင်မယား ကျောပေးထားသော တဲအိမ်ပေါ်မှာ ဝါးကြမ်းခင်းတွေကို ကဆုန်ပေါက်နေသည့် အသံ ကြီးကို ကြားလိုက်ရ၏။

ခေါက်ဆွဲနဲ့ ထိုးကြည့်လိုက်တော့ နိုင်ထွန်း ငုတ်တုတ်ကြီး မျက်လုံးတွေက မှုမမှန်။ ခန္ဓာကိုယ်ကလည်း တုန်ဆတ်နေ၏။

"ခွေးမသား နိုင်ထွန်း . . ဘာထဖြစ်တာလဲ"

စိန်မောင်ကြီး ဒေါကန်ပြီး ထဆဲမိ၏။ လုံးကြီးမက–

"အိပ်စမ်း . . ဘာထဖြစ်တာလဲ"

"မုန့်စားချင်တယ်၊ ထမင်းစားချင်တယ် . . ဗိုက်ဆာတယ်"

"ငါ တက်ရိုက်လိုက်မယ် . . ဘာမှမရှိဘူး . . မကျွေးဘူး"

"သား နိုင်ထွန်း ဟုတ်ဘူး၊ ချစ် . . ဆူး . . ငယ်"

"ဟင်! . ."

"ဟယ်! . ."



www.burmeseclassic.com

www.burmeseclassic.com

# ကလေးသရဲ



"သား ဗိုက်ဆာတယ်၊ သား ကျွတ်ဘူး။ သားကို သစ်ငုတ်တိုက ဘကြီးက သနားလို့တဲ့ မွေးစားထားတယ်။ သူ့မှာလည်း စားရော မရှိဘူး . . ကုန်နေတယ် သားကို လာတောင်းစားခိုင်းတယ်၊ ကျွေးပါ . . ဖေကြီးနဲ့ မေကြီးရယ်"

အသံက နိုင်ထွန်းသံမဟုတ်။ ချစ်ဆူးငယ် လေသံပေါက်သွား၏။ လုံးကြီးမက ထမင်းကျန်၊ ဟင်းကျန်လေး အမြန် နယ်ပြီး ချကျွေး၏။ စားလိုက်တာများ . . စိန်မောင်ကြီးက ဘာဆက်လုပ်ရမယ်မှန်းမသိ။

"သား . . သားလေး မင်း ဘယ်မှာနေတာလဲ"

"သစ်ငုတ်ကြီးမှာ . . သား လျှောက်သွားနေတာ၊ မေကြီးနဲ့ဖေကြီးက သားအော်ငိုပြီး ခေါ်လည်း လှည့်မကြည့်ဘူး။ မေကြီးနောက် သားလိုက်နေတာ မေကြီးက မသိဘူး"

"ဖေကြီးနောက်လည်း သားလိုက်တယ်။ ဖေကြီးတို့ အရက်ဝိုင်းက အရိုးတွေ လွှင့်ပစ်တာတွေ သား လိုက်ကောက် စားရတယ်။ သားထက်ကြီးတဲ့ကောင်တွေ ရောက်လာရင် သားကို လိုက်ရိုက်၊ လိုက်ကိုက်လွှတ်တယ်"

"သား . . ကြောက်တယ်။ ဒီသံလမ်းမှာတော့ ဘကြီးကိုကြောက်လို့ ရထားကြိတ်သေထားတဲ့ အစိမ်းသရဲတွေက သားကိုထိရဲကြဘူး။ ကားလမ်းဖက်ခြမ်းထိ ဘကြီးကို ကြောက်ကြတယ်"

"သား . . ဆိုင်ကယ်တိုက်တဲ့နေရာမှာ အစားလဲပြီး စောင့်နေမှာ . . ဘကြီးကြောင့် မစောင့်ရတာ၊ ဘကြီးက . . သီတင်းကျွတ်သမှာ ကျွတ်လွှတ်တော့မှာ သားကို သစ်ငုတ်တိုမှာ စောင့်ခိုင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တယ်"

စိန်မောင်ကြီးတို့ လင်မယားလည်း . . ယုံရအခက်၊ မယုံရ
အခက်တွေ ဖြစ်ကုန်ကြ၏။

"သား . . သားလေး . . အဖေတို့ကို မခြောက်ပါနဲ့"

"သားလုပ်တာ ဟုတ်ဘူး၊ သားအရင် AIDS နဲ့ သေသွားတ
မဌေးသန်းကြီး မကျွတ်ဘဲ ခြောက်နေတာ၊ သူက ပန်းရံဆရာတ
အိမ်ရှေ့ သဖန်းပင်ကြီးမှာနေတယ်"

"ဌေးသန်းကို မခြောက်အောင် သားပြောလို့ မရဘူးလား"

"ရဘူး. သူက သားကိုတွေ့ရင် အတင်းလိုက်ရိုက်၊ လိုက်
ကိုက်တယ်။ သစ်ငုတ်တိုက ဘကြီးတွေ့သွားရင် သူ့ကို ခြေထောက်
က ကိုင်ပြီး ဗိုးခနဲ အဝေးကြီး လွှင့်ပစ်တယ်"

"သားလေး . . အမေ မသိလို့မေးပါဦးမယ်။ ဘကြီး
နေရာမှာ သားစောင့်တော့ ဘေးလူတွေ သဘောတူရဲ့လား"

"သား သိဘူး။ ဘကြီးခေါ်နေပြီ . . သား သွားတော့မယ်"

နိုင်ထွန်းပြောရင်း နောက်ပက်လက်လန်သလိုဖြစ်က
ဝါးခနဲ သမ်းဝေပြီး ကြောင်တောင်တောင်ကြီး ထိုင်နေ၏။ စိန်မောင်
ကြီးတို့ သားနိုင်ထွန်းကို မေးကြည့်တော့ -

"သား . . အိပ်နေတာပါ။ ငယ်ငယ်လာတယ် . . သားကို
လက်ယပ်ပြီး ခေါ်တယ်။ သား သူ့ဆီသွားတယ် အဲ့ဒါပဲ မှတ်မိတယ်"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (8)

စောမူးကျုံးနဲ့ နော်လာထားတို့လင်မယား ရန်တွေဖြစ်ပြီး သစ်ငုတ်တိုကြီးနားမှာ နဘမ်းတွေလုံးကြ၏။

“ဖန်း! . . ဖောင်း! . . ဖြောင်း! . . ဖြောင်း! . .”

“အောင်မလေးဗျ! . .”

“အမလေးတော့! . .”

နှစ်ယောက်လုံးကို အမှောင်ထဲက ဘယ်သူ နရင်းအုပ် သွား း မသိ။ လင်ရောမယားပါ လန့်ပြေးကုန်၏။ ဘူတာမှာ ရထားစီး ည့် ခရီးသွားတွေ သစ်ငုတ်တိုကြီးအကြောင်း မသိသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com

# ဒေါတန်

အိမ်သာမရှိသဖြင့် အဲ့ဒီနားမှာ အပေါ့သွားမိကြ၏။

ဝဝတုတ်တုတ် မိန်းမကြီးနှစ်ယောက်၊ ခပ်ပိန်ပိန်နှစ်ယောက် အညာသူတွေ . . အောက်အရပ်မှာ ကောက်လာစိုက်ပြီး လယ်သိမ်း ချိန် အညာ ပြန်ကြခြင်းဖြစ်သည်။

"ဟဲ့ . . ဟဲ့ကောင်မ . . သောက်ကျင့် မယုတ်နဲ့နော်"

"အိုတော်! . . ဘာလဲအေ့ . . ကျုပ် ဘာလုပ်မိလို့လဲ"

"ညည်း . . ဘာလို့ ကျုပ်ဟိုဒင်းကို လက်ညှိုးနဲ့ ဆွဲကုတ် ရတာလဲ . . နာတယ်တော်"

"အားအားယားယား ကုတ်ပါဘူး . . ကျုပ်ဟာနဲ့ ကျု ဆီးကျန်နေလို့ မနည်း ညှစ်ထုတ်နေရတာ"

"ဖြန်း! . ."

"အမလေး!"

"ဟဲ့ . . မယ်ပိန် ဘာလို့ ငါ့တင်ပါးကို ပိတ်ရိုက်ရတာလဲ"

"မရိုက်ပါဘူး"

"ဟီး ဟီး ဟီး ဟီး"

"ဟဲ့ . . ဟဲ့ . . သစ်ငုတ်တိုပေါ်မှာ ကလေးလေး တစ် ယောက်၊ မသာနှာဘူးလေး . . တို့အပေါ့အပါးသွားတာကို ထိုင် ကြည့်ပြီး ရယ်နေတယ် တော်"

"ဟဲ့ကောင်လေး . . သွားစမ်း . . သွားလို့ပြောနေတယ် လေ။ ရထားလမ်းခင်းတဲ့ ကျောက်ခဲနဲ့ ကောက်ပေါက်လိုက်ရ မလား"

"ခွီး ခွီး ခွီး ခစ် ခစ် ခစ်"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ပမာမခန့်နဲ့ . . ရယ်နေသေးတယ်၊ ငါနော် ခဲနဲ့ တကယ် ထုလိုက်ရ နာတော့မှာ . . မှာ . . အဲ . . ပျောက်သွားပြီ"

"အေး . . အေးဟဲ့ . . ဘယ်ရောက်သွားလဲ"

"ဟဲ့ . . ပလွတ်သွပ် . . ငါ့ခြေထောက်အောက်က မြွေလား"

"ကြောင်နဲ့တူတယ် . . လှည့်ပတ်နေတယ်"

"ဟဲ့ . . လုပ်ကြပါဦး"

"မောင်းကြဟဲ့ . . ကြောင်ကော ဟုတ်ရဲ့လား"

"အမြီးကြီး ထောင်နေတာပဲ"

"ဟဲ့ . . မိဆုံ . . မိဆုံ မြန်မြန်ခုန်ထွက်လိုက်၊ အဲ့ . . အဲ့ဒါ . . ကျုပ် . . ကြားဖူးနားဝရှိတဲ့ မှင် . . မှင်စာ . . (၇)ပတ် ပတ်မိရင် သေရော"

"အမလေး! . . ဘုရား ကယ်တော်မူပါ"

"ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊

ဓမ္မံသရဏံ ဂစ္ဆာမိ၊

သံဃံသရဏံ ဂစ္ဆာမိ . ."

မိဆုံက လက်ထဲဆုပ်ထားတဲ့ ခဲလုံးနဲ့ ခုန်ထွက်ရင်းက ထုချလိုက်၏။ ဖရောခနဲ . . သစ်ငုတ်ဘေးက ချုံထဲကို မည်းမည်းအကောင်ကြီး ပြေးဝင်သွား၏။

မိန်းမလေးယောက် ကြောက်ပြီး ကြောင်ကြည့်နေကြစဉ် သစ်ငုတ်ကြီးပေါ်မှာ ဧရာမ အမွေးစုတ်ဖွားနဲ့ လူကောင်လိုကြီး ထိုင်နေတာ မြင်လိုက်ရတော့ မိန်းမလေးယောက် ထမီမနိုင်၊ ဖိနပ် မပါ



www.burmeseclassic.com

www.burmeseclassic.com

## ဒေဝတနို

ဘူတာဆီ အသံကုန် အော်ဟစ်ပြီး ပြေးကုန်ကြ၏။

ရုံပိုင်ကြီး၊ ရုံပိုင်လေးနဲ့ ဂျမဒါတွေ တိုင်ပင်နေကြ၏။

"ဒီသစ်ငုတ်ကြီး တော်တော် ခြောက်လှန့် ဒုက္ခပေးနေတယ်။ ခရီးသည်တွေရော၊ ဒီအနီးဝန်းကျင်က လူတွေရော၊ ညဆို မသွား မလာရဲကြတော့ဘူး။ ဒီသစ်ငုတ်တိုကြီးကို ထင်းလိုချင်တဲ့ လူတွေ ပေါက်ယူခိုင်းလိုက်ကွာ"

"ဘယ်သူမှ မယူရဲဘူး။ လုံးကြီးမသား သရဲပေါက်စပါ အဲ့ဒီငုတ်တိုမှာ နေတယ်တဲ့ . . မီးရှို့ပစ်လိုက်မှပဲ ရမယ် ရုံပိုင်ကြီး"

"အဲ့ဒါဆိုလည်း ရှို့ကြကွာ"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# ကလေးသရဲ



ရုံပိုင်ကြီးက ရုံပိုင်လေးကို လုပ်ခိုင်း၏။ ရုံပိုင်လေးက ဂျမဒါတွေကို လုပ်ခိုင်း၏။ ဂျမဒါတွေက သံလမ်းအလုပ်သမား (လူကြမ်းမင်းသား)တွေကို ထပ်လုပ်ခိုင်းပြန်၏။ သံလမ်းအလုပ်သမားတွေက ကံဆိုးမဲ နှိုက်ကြ၏။ နှစ်ယောက်လုပ်ရမည်။

နှိုက်လိုက်တော့ –

ကြက်ချီးငထွန်းနဲ့ စိုးသိန်းထွန်းတို့ ကံဆိုးမဲ ပေါက်သွား၏။ နှစ်ယောက်သား ဓာတ်ဆီနဲ့ မီးခြစ်ယူပြီး –

“သစ်ငုတ်တိုကြီးမှာ စောင့်တဲ့သူတွေရေ . . ကလေးသရဲ

www.burmeseclassic.com



လေး . . ချစ်ဆူးငယ်ရေ . . ငါတို့ အထက်က ခိုင်းလို့ လုပ်ရတာပါ။ ငါတို့ မလုပ်ချင်ပါဘူး"

"အမိန့်အရ တာဝန်ပေးလာလို့ လုပ်ရတာပါ . . မင်းတို့ စိတ်ဆိုးပြီး အရေးယူချင်ရင် အထက်က တာဝန်ပေးသူတွေသာ အရေးယူပေးပါ။ တို့နဲ့ မဆိုင်ဘူး"

သစ်ငုတ်တိုကို ခတ်ဆီလောင်းပြီး နေ့ခင်းကြောင်တောင် နေပူရှိန်းရှိန်းအောက်မှာပင် မီးရှို့လိုက်ကြ၏။ ဟုန်းခနဲ! . . တောက်လောင်နေပြီ။

"ကဲ . . တာဝန်ပြီးပြီ၊ သူ့ဘာသာ လောင်ပါစေတော့ . . ငါ ပြန်သောက်ပြီး နပ်တော့မယ်"

"ဘာ! . . မီး ကူးစက်လောင်ကုန်ရင် ဘယ်လိုလုပ်မလဲ၊ ကြက်ချီးရဲ့"

"မင်းဘာသာ စောင့်ကြည့်ပြီး မကူးအောင်လုပ်တော့ . . စိုးသိန်းထွဋ်ရေ"

ညနေမှောင်ခါနီးထိ မီးကျီခဲ တရဲရဲနှင့် ဖြစ်နေ၍ စိုးသိန်းထွဋ်လည်း ရေဖျန်းပြီး မီးသတ်ထားရ၏။ သစ်မြစ်ဆုံကြီးက တငွေ့ငွေ့နဲ့ မီးသွေးဖုတ်ထားသလို ဖြစ်နေ၏။ သစ်ငုတ်တို မီးကျွမ်းကြီးက မကောင်းဆိုးဝါး မည်းမည်းကြီးလိုပင်။ အကြည့်ရ ဆိုးလှ၏။

ညရောက်တော့ ရုံပိုင်ကြီးအိမ်၊ ရုံပိုင်လေးအိမ်၊ ဘူတာရုံတွေ ခဲနဲ့ အပေါက်ခံရ၏။ လူပေါက်တာမှတ်ပြီး ဂျမဒါတွေရော ဘူတာ အလုပ်သမားတွေပါ ဝိုင်းရှာကြ၏။

"ဒေါင်! . . ဂလောင်! . ."



www.burmeseclassic.com

www.burmeseclassic.com

## ကလေးသရဲ

"ဒုန်း! . . ဒိုင်း! . ."

ခဲတွေက ဘယ်ကလာမှန်းမသိအောင် ပေါက်နေ၏။ သံလမ်းခင်းသည့် ကျောက်ခဲတွေ။

ဘူတာမှာ ပြောင်းဖူးပြုတ်ရောင်းနေသော ဂျပိန်မကို ဝင်ပူးပါလေရော။

"မကျေနပ်ဘူးဟေ့ . . မကျေနပ်ဘူး"

"ဟဲ့ကောင်မ . . ဒီမှာ လန့်ထိတ်နေရတဲ့အထဲ နင်က ဘာကို မကျေနပ်နေရတာလဲ"

ဈေးအတူရောင်းသည့် မဝါက ဝင်ပြော၏။

"တိတ်စမ်း . . ကောင်မ၊ နင်က ငါ့ကို ဘာကောင်ထင်နေသလဲ။ သစ်ငုတ်တိုမှာ နေတဲ့ကောင်ကွ၊ ငါ့နေရာကို မီးတိုက်ပစ်တယ်။ ငါတို့နေစရာ မရှိတော့ဘူး။ ငါတို့ကို နေစရာပေး . . ရှာပေး"

"ငါ့ကို လာမတောင်းနဲ့ . . ဘူတာခန်းထဲမှာ ရုံပိုင်ရှိတယ်၊ အဲ့ဒီကို သွားတောင်း"

ဂျပိန်မလည်း ထမီကို ပုဆိုးလို တိုတိုပြင်ဝတ်ပြီး ယောကျ်ားကြီးပုံစံနှင့် ရုံပိုင်ခန်းရှေ့မှာ သွားရပ်၏။

"ဟေ့ . . ရုံပိုင်"

"ဘာလဲ . . နင် ဘယ်သူလဲ။ ဝတ္တရားနှောင့်ယှက်မှုနဲ့ တရားစွဲလိုက်ရမလား။ ရဲကို ဖုန်းဆက်ခေါ်လိုက်ရမလား"

"နင် . . ငါ့ကို ဘာကောင်မှတ်နေသလဲ! . . ငါ့ သစ်ငုတ်ကို ဘာလို့ မီးတိုက်ရတာလဲ။ ငါ မကျေနပ်ဘူး။ ငါ နေစရာမရှိဘူး၊ ငါ့ကို နေရာပြန်ပေး၊ မပေးရင် နင် ငါ့အကြောင်းသိစေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

“နင်က ဘယ်သူလဲ”

“နင်သိရဲ့သားနဲ့ . . ငါ စိတ်တိုအောင် ထပ်မမေးနဲ့”

ရုံပိုင်လေးက ရုံပိုင်ကြီးအပါး တီးတိုး ကပ်ပြော၏။

“ရုံပိုင်ကြီးရယ် . . တစ်နေ့ရာရာ ပေးလိုက်ပါ . .၊ မမြင်ရတဲ့ ပရလောကသားတွေက အခွင့်သာတဲ့အချိန်ကို ပြန်စောင့်နေတတ်တယ်။ ရုံပိုင်ကြီး ကံနိမ့်တဲ့တစ်နေ့၊ သူတို့ပါ ဝိုင်းဆော်တာ”

“အနော်ရထာမင်းကြီးဖြစ်စဉ်ကို ထောက်ရှု ဆင်ခြင်ကြည့်ပါလား။ အနော်ရထာမင်းကြီး ကြွလာတာကို ထိန်ပင်စောင့် တစ္ဆေက ခြေတွဲလောင်းချပြီး ပမာမခန့်နဲ့ အပင်ပေါ်မှာ ထိုင်နေတယ်”

“အနော်ရထာမင်းကြီးက ကြိမ်စကြာနဲ့ ခေါ်ရိုက်တာပေါ့ . . တစ္ဆေက မှတ်တေးထားတယ်။ အနော်ရထာမင်းကြီး ဘုန်းကံနိမ့်ချိန်လည်းရောက်ရော ကျွဲယောင်ဆောင်ပြီး ခတ် သတ်ပစ်တယ်လေ။ အဲ့ဒါကြောင့် . .”

“ငါ သဘောပေါက်ပြီ။ ဂျပိန်မကို ဝင်ပူးပြီး ပြောနေတာပေါ့ . . ဒါဆို လုပ်ပေးမယ်။ ဂျပိန်မ သက်သက်ဆိုရင် ငါ့လို ရုံပိုင်ကြီးကို လာငေါက်နေလို့ ရမလား”

“ဆရာ . . ဒါ သရဲကြီး၊ ဂျပိန်မ မဟုတ်ပါဘူး။ မျက်ထောင့်နီကြီးနဲ့ လေသံက ဩဩကြီးလေ”

“အေး . . မင်းမေးလိုက်ကွာ . . ဘယ်မှာ နေချင်သလဲလို့”

“ဟုတ်ကဲ့ . . ဟေ့ . . သစ်ငုတ်တိုစောင့်ကြီး”

“ဘာတုန်း! . .”

“ဘယ်မှာနေချင်သလဲ ပြော”



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ကောင် အိမ်ထဲက သရက်ပင်မှာနေမယ်"

ရုံပိုင်ကြီးကို လက်ညှိုးထိုးပြ၏။ ရုံပိုင်ကြီး တတွင်တွင် ခေါင်းခါရင်း –

"မဖြစ်ဘူး . . ငါ့မိန်းမက သိပ်ကြောက်တယ်။ ငါ့မှာ ကလေး အငယ်တွေနဲ့ . . တခြားနေရာပြော"

"တခြားနေရာ ပြောကွာ . . အဲ့ဒီသရက်ပင်မှာ လုံးဝ နေခွင့် မပေးဘူး . . ဒါပဲ"

"တခြားနေရာတွေက ပြည့်နေတာကွ၊ ဆန်ဂိုဒေါင်ကြီးနား က ဇီးပင်မှာ နေရင်တော့ရတယ်။ ဇီးဆူးတွေနဲ့ နေရတာ မလွတ် လပ်ဘူး"

"မင်း ထပ်စဉ်းစားဦး"

"လုံးကြီးမတို့ အိမ်ရှေ့က မာလကာပင်မှာ နေမယ်။ သူ့ ကလေးရောနေမှာ . . မာလကာပင်ကို ဘယ်တော့မှ မခုတ်ခိုင်းနဲ့၊ မာလကာပင်က သေးတယ်။ မဖြစ်လို့နေပေးရတာ . . ခုတ်တဲ့ကောင် ကို သေအောင် ခြောက်လှန့်ပစ်မယ်"

"ဝေးဝေးမှာ မနေနိုင်ဘူးလား"

"မနေနိုင်ဘူး . . ငါက ကျွတ်ခါနီးပြီ။ ငါ မွေးစားထားတဲ့ ကောင်လေးအတွက် ငါတောင်းနေတာ"

"ကောင်းပြီ နေစေ . . ရုံပိုင်ကြီးရော၊ ရုံပိုင်လေးပါ ခွင့်ပြု လိုက်တယ်။ စိန်မောင်ကြီးတို့ အိမ်နေရာက တို့ရုံပိုင်တွေ ပိုင်တယ်။ တို့ခွင့်ပြုထားရင် နေလို့ရတယ်မဟုတ်လား"

"အေး"



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

"နေစေဗျာ . . နေစေ"

ဂျပိန်မ ဆိုင်ကြည့်နေရာကနေ ဆတ်ခနဲ ဆတ်ခနဲ တွန့်တုန်တက်သွားပြီး ပြန်သတိရလာ၏။

"ဟဲ့ . . ဂျပိန်မ"

"ရှင်! . ."

"နင် ခုနဘာတွေ ပြောနေတာလဲ"

"ကျွန်မ . . ဈေးရောင်းနေတာ အမွေးဗရဗျစ်နဲ့ လူကြီးရောက်လာတယ်။ ပြီးတော့ ကျွန်မ မသိတော့ဘူး။ အခု . . ဒီရှေ့မှာ ဘာလို့ ကျွန်မ ရပ်နေရတာလဲဟင်"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com





# CHAPTER (9)

စိန်မောင်ကြီးတို့ လင်မယား ကြောက်ပါတယ်ဆိုမှ အိမ်ရှေ့ မာလကာပင်ပေါ် သရဲတွေ ရောက်နေပြီ။ ဘေးအိမ်က အပျိုကြီး မပိန်ရှည်ဆိုတာ မနေရဲလို့ ဘေးအိမ်မှာ သွားအိပ်နေပြီ။

မိုင်းကြီးနဲ့ မိထွားတို့လင်မယားက ကလေးတပြုံကြီးနဲ့မို့ ပြောင်းအိပ်၍မရ၊ ပေပြီးနေရ၏။ တရားခွေ ဖွင့်၏။ ဘုရားစာ ရွတ်နေကြ၏။

စိန်မောင်ကြီးတို့တဲဘေးမှာ ဒူးရှည်၊ အောင်နိုင်စိုး၊ ဒေါ်သည်၊ မညစ်ပတ်တို့လင်မယား တဲအိမ်တွေ ပတ်လည်ရှိနေကြ၏။ စိန်



www.burmeseclassic.com

www.burmeseclassic.com

# ဒေါတန်

မောင်ကြီး အိမ်ရှေ့က ဖြတ်သွားရ၏။ မာလာကာပင်ကြီးကို ရင်တထိတ်ထိတ်နဲ့ ကြည့်ကြည့်သွားကြ၏။

"သားလေးရယ်၊ မင်းဘကြီးရယ် . . တို့မိသားစုကို မခြောက်ပါနဲ့ကွယ် တောင်းပန်ပါတယ်၊ ကြောက်လွန်းလို့ပါ။ မင်းတို့ ဖြစ်ချင်တာ အိပ်မက်ပေးပါ၊ အမေတို့ အတတ်နိုင်ဆုံး လုပ်ပေးပါ့မယ်ကွယ်"

လုံးကြီးမက ကြောက်ပြီး ချော့မော့နေ၏။ ညကြတော့ ချစ်ဆူးငယ်က အိပ်မက်ပေး၏။

"အမေ . . ဘကြီးက ကျွတ်တော့မှာ၊ ဘကြီးနဲ့သားပါ လိုက်ကျွတ်ချင်တယ်၊ အမေ ဘုန်းကြီးကျောင်းမှာ ဆွမ်းချိုင့်လှူပေးပါ။ သားနာမည်နဲ့ ထီး၊ ဖိနပ်၊ ယပ်တောင် လှူပေးပါ။ ဒီအိမ်မှာ သံဃာတော် သုံးပါးပင့်ပြီး ကပ်ပေးပါ၊ သားကြောင့်ရတဲ့ပိုက်ဆံ အမေတို့မှာ ရှိသေးတာပဲ . . လှူဒါန်းပြီးရင် အမျှဝေပေးပါ။ အဲ့ဒါဆို သားလူဝင်စား ပြန်ဖြစ်မှာ"

အဲ့ဒီအိပ်မက်ပေးပြီးတဲ့နောက် လုံးကြီးမလည်း စိန်မောင်ကြီးရော ဘေးအိမ်တွေပါ တိုင်ပင်ပြီး လိုအပ်တာတွေ ဝယ်၊ ချက်ပြုတ်စရာတွေ ချက်ပြုတ်။

သံဃာတော် သုံးပါးပင့်ပြီး ချစ်ဆူးငယ် ကပ်လှူခိုင်းသည့်အတိုင်း ကပ်လှူပေးလိုက်၏။ အမျှဝေခါနီးမှာ ရေစက်ခွက် ကိုင်ထားသော လုံးကြီးမလက်ပေါ် ဖားပျံလေးတစ်ကောင် ကပ်တွယ်နေ၏။

"ဖြုတ်မချနဲ့ . . သူရောက်လာပြီ၊ ရေစက်ချနေတာ . ."

ဘေးက လူကြီးတစ်ဦးက ပြော၏။ လုံးကြီးမဒို့ လင်မယား



www.burmeseclassic.com

www.burmeseclassic.com



ချက်ရည်တွေဝဲပြီး အမျှဝေလိုက်ကြ၏။ ညရောက်သောအခါ ချစ်ဆူးငယ် ဝတ်ကောင်းစားလှတွေနှင့် ပြုံးပျော်ရွှင်စွာ ရောက်လာပြီး လုံးကြီးမကို လက်ပြနှုတ်ဆက်၏။

"သား . . သားလေး"

"အမေ . . ဘာမှမပူနဲ့၊ အမေတို့ဝမ်းထဲကို သား ပြန်ဝင်စားမှာ"

"ဟယ်! . . တကယ်"

"သားနဲ့ ဘကြီး အတူတူ လူပြန်ဝင်စားကြမှာ၊ ခုတော့ သားတို့ သွားစရာရှိသေးတယ်"

ပြောပြီး ချစ်ဆူးငယ် ပျောက်သွား၏။

နောက်တစ်နေ့ အဲ့ဒီအိပ်မက်အကြောင်းကို ဘေးနားက လူတွေသိအောင် ပြောပြမိ၏။ စိန်မောင်ကြီးက လက်သီး လက်မောင်းတန်းပြီး စောဖူးတို့အိမ်ဘက်ကို ထွက်သွား၏။

စောဖူးက အမဲဒိုင်မှာလုပ်၍ နွားထီးဥတွေ ရထား၏။ နွားသဥကိုပြုတ်ပြီး ပါးပါးလှီးကာ ခေါက်ရည်ဆမ်းလေးကို အရက်နဲ့ လွေးလိုက်ကြ၏။

စိန်မောင်ကြီး စားကောင်းကောင်းနဲ့ တွယ်လိုက်တာ၊ အရှိန်လွန်ပြီး အိမ်ပြန်ပြေးရ၏။ လုံးကြီးမကို နေ့ခင်းကြောင်တောင် ခြင်ထောင်ထောင် ခိုင်းရသည်အထိ။

နှစ်လလောက်အကြာမှာ လုံးကြီးမ ဗိုက်ထွက်လာ၏။ ရောမဗိုက်ကြီးက လစေ့လေ ပိုကြီးလေပင်။ ဆယ်လပြည့်၍ ဖွားသောအခါ အမြွှာပူး ဖြစ်နေ၏။ ယောကျ်ားလေးတွေ။



www.burmeseclassic.com

www.burmeseclassic.com

# ခေတာန်

တစ်ကောင်က သိသိသာသာ ကြီးထွားပြီး တစ်ကောင်က ထင်ထင်ရှားရှားကို သေးကွေး ပိန်လှီလွန်းလှ၏။ သိလိုက်ကြပြီလေ။ သစ်ငုတ်တိုစောင့် သရဲကြီးနဲ့ ချစ်ဆူးငယ်တို့ပဲဆိုတာ။ သရဲရန်ဘေး ကင်းစင်ဝေး သွားကြပြီပေါ့။

◆ ◆ ◆

နှစ်ပတ်လောက်အကြာမှာ မွေးကင်းစ ကလေးလေးကို မအေဖြစ်သူက သံလမ်းပေါ်ချထားပြီး ချုံထဲ တောထိုင်နေတာ. . ကလေးကို အမြန်ရထား ဖြတ်ကြိတ်သွားပါလေရော။

မအေလည်း ရူးသွားတယ်။ ကလေးလေးကလည်း ညတိုင်း ညတိုင်း အူဝဲအူဝဲ ငိုသံပေးပြီး ခြောက်လှန့်တယ်။ အမြန်ရထားကြီး တဝေါဝေါ ဖြတ်မောင်းသွားရင် တိတ်သွားပြန်ရော။

နောက်ညတွေမှာ ဆက်ငိုတယ်။ ရထားမောင်းသွားရင် တိတ်တယ်။ အဲ့ဒီနားက လူတွေလည်း ညဆို တံခါးပိတ်၊ မီးမှိတ်၊ ကြောက်လိုက်ရတာမှ ရင်တွေ အသည်းတွေ ထိတ်ထိတ်တုန်လို့။

အခုဆိုရင် ချစ်ရင်ထူးလေးထက် ပိုငယ်တဲ့ 'ကလေးသရဲ' အသစ်လေး ထပ်ရောက်လာပြန်ပြီပေါ့။

ပြီးပါပြီ။

ခေတာန်

www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပူမ သရဲ



www.burmeseclassic.com

www.burmeseclassic.com





# STAGE (1)

ဤအဖြစ်အပျက်သည် ၁၉၉၅ နှင့် ၁၉၉၆ ဝန်းကျင်ကာလမှ အဖြစ်အပျက်များ ဖြစ်ပါသည်။

ဗိုက်ပူမအလောင်းကို မီးရှို့ခဲ့သော အနောက်ရိုးမသို့သွားသည့်ကားလမ်းဘေးမှာ နေ့ခင်းကြောင်တောင်ပင် သရဲအခြောက်ခံရသည်အထိ သောင်းကျန်းခဲ့ဖူးလေ၏ ။

အနောက်ရိုးမ တောင်တန်းကြီးရဲ့အရှေ့ဘက် ကွင်းပြင်တပြန့်တပြောမှာ ရွာပေါင်းများစွာရှိတဲ့အထဲက သရက်ချောင်းရွာနဲ့ ဆင်ခေါင်းရွာ၊ ရွာနှစ်ရွာကြားက ငါးကန်စောင့် တဲအိမ်လေးမှာ သရဲ



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်း စဖြစ်ခဲ့တာပါ။

လက်တွေ့ဘဝလေးရဲ့ ခမ်းနားကြီးကျယ်တဲ့ တောမင်္ဂလာဆောင်ကြီးတစ်ခုကနေ စတင်ရေးပြချင်ပါတယ်။

❁ ❁ ❁

ဆင်ခေါင်းရွာက လူကုံထံ၊ ကြေးရတတ်၊ အိမ်ကြီးရခိုင် လယ်ဧက တစ်ရာ၊ နွားအကောင်ရှစ်ဆယ်၊ ငှက်ပျောခြံ၊ ဓနိတောနှင့် ငါးကန်ကြီး လေးကန်ပိုင်ဆိုင်သော ဦးဆန်းနှင့် ဒေါ်နွဲ့တင်တို့ရဲ့ တစ်ဦးတည်းသော သား B.A ဘွဲ့ရ ပညာတတ်ကလေး နေလင်းထွန်းနှင့် –

သရက်ချောင်းရွာက လယ်ဧက တစ်ရာကျော်၊ နွားကောင်ရေ တစ်ရာကျော်၊ ဓနိတော၊ တောင်ပေါ်ငှက်ပျောခြံ၊ မီးသွေးဖုတ်၊ သစ်ခွဲစက်ပိုင်၊ အနီးအပါး တိုက်နယ်မြို့လေးပေါ်မှာလည်း တိုက်အိမ်ကြီး တစ်လုံးပိုင် ဦးငွေမြိုင်နှင့်ဒေါ်ညိုချောတို့ရဲ့ တစ်ဦးတည်းသော ချစ်သမီးလေး ချောစုလှိုင်တို့ရဲ့ မိဘသဘောတူ၊ လူငယ်ချင်း ချစ်ကြည်ဖြူသည့် မင်္ဂလာပွဲကို –

သရက်ချောင်းရွာက . . သတို့သမီးအိမ်မှာ တိုက်မဏ္ဍပ်ကြီး ထိုးပြီး ပြောင်ပြောင်လက်လက်တွေ တန်ဆာအလှဆင်လို့ . .။

ဘောက်စက်ကြီးတွေအပြင် ရပ်လေးပြင်၊ ရပ်ရှစ်ခွင် ကြားရအောင် ကုက္ကိုပင်ကြီး သုံး၊ လေးပင်မှာ ဟွန်း (လော်စပီကာကြီး)တွေ လေး၊ ငါး၊ ခြောက်လုံးလည်း တပ်ဆင်ပြီး မင်္ဂလာသီချင်းတွေ ပွက်လောညံအောင် ဖွင့်ထားသေး၏။



www.burmeseclassic.com

www.burmeseclassic.com

## စေတန်

ရွာနီးချုပ်စပ်တွေအားလုံး အချိန်မဖြုန်းဘဲ တစ်အိမ်လုံး ကြ ခဲ့ဖို့ ဖိတ်စာထဲမှာထည့်ရိုက် ဖိတ်ထားလိုက်၏။ မနက်ခင်းကို မုန့် ဟင်းခါး အချိန်ငါးဆယ် ချက်ကျွေး ဧည့်ခံမည်။

နေ့လယ်ပိုင်းကို ဝက် ဆယ့်ငါးကောင်၊ ကြက်အကောင် ငါးဆယ်၊ ငါးသလောက် အချိန်နှစ်ဆယ်နှင့် ထမင်းဆန် ဆယ့်ငါး တင်း ချက်ကျွေးဦးမှာ ဖြစ်သည်။ နှစ်ဘက်ဆွေမျိုးစုတွေ ပူးပေါင်း ပြီး လူပေါင်းတစ်ရာလောက်နှင့် လုပ်ကိုင်ကူညီပေးနေရ၏။

ထမင်းချက်ပြီးရင် ယိုင်ပတ်ကြီးနဲ့ စပါးပုတ်ခွဲကြီးတွေထဲ ငှက်ပျောဖက်တွေ အောက်ခံထားပြီး ထမ်းတောင်းကြီးတွေနှင့် သွန်သွန် ထည့်နှပ်ထားနေရ၏။

ဒီနယ်တကြောမှာ ဒီလောက် ကြီးကျယ်ခမ်းနား ကျွေးမွေး ခဲ့တာ . . ဒီမင်္ဂလာဆောင်တစ်ခုပဲ ရှိတယ်လို့ နောင်လာနောင်သား တွေအထိ ပြောစမှတ်တွင်အောင် . . ငွေတွေ နှစ်ဘက်မိဘသွန်အော ပြီး သုံးစွဲနေကြခြင်းပင်။

မင်္ဂလာဆောင်ကို တစ်ပတ်လောက်ကတည်းက ကြိုတင် စီမံ ထားခဲ့ကြခြင်းပင်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပူမ သရဲ

ဒီနေ့ မင်္ဂလာဆောင်နေ့ . .။

သရက်ချောင်းရွာထဲမှာ ကြက်ပျံမကျ စည်ကားနေ၏။ လာလိုက်တဲ့လူတွေ သောက်သောက်လဲ။ ရောမ မဏ္ဍပ်ကြီးလည်း မဆံ့။

သတို့သားနဲ့ သတို့သမီးကို မြင်ရဖို့အရေးပင် တိုးဝှေ့ကြည့်နေရ၏။ နှစ်ဘက်မိဘတွေလည်း ပျော်တပြုံးပြုံး မော်မဆုံးကြ။

သတို့သားက ချောချောခန့်ခန့်။ သတို့သမီးကလည်း လှလှပပ။ လိုက်ဖက်ညီလှတဲ့ စုံတွဲဆိုတာ ဧည့်သည်ပရိသတ်တွေ ချီးမွမ်းမဆုံးနိုင်ကြ။



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

သတို့သားနဲ့ သတို့သမီးကလည်း မြန်မာဆန်ဆန်၊ လုပ ကျော့ရှင်းသားနား သပ်ရပ်စွာ ဝတ်စားထားကြ၏။

သတို့သားက မောင့်ကျက်သရေ ခေါင်းပေါင်းနဲ့၊ သတို့သမီးကလည်း ခေတ်မီဆံထုံးနဲ့။ အဖြူရောင် တူညီဝတ်စုံ၊ တိုက်ပုံ၊ ရင်ဖုံး၊ ကြိုးကြီးချိတ်တွေနှင့် ဖိတ်ဖိတ်လက်လက်။

အဲဒီအချိန်မှာ သတို့သမီးဖြစ်သူဟာ –

ရုတ်တရက်ကြီး ဝက်ရူးပြန်သလို တွန့်လိမ်ကွေးကောက်ပြီး ပါးစပ်က အမြှုပ်တစီစီ စဖြစ်လေသည်။ သတို့သားက အမြန်ပွေ့ဖက်ထိန်း၏။

"အား! . . အား! . . နာတယ်"

"အမေနဲ့ အဖေ . . ယောက္ခထီးနဲ့ ယောက္ခမ လုပ်ကြပါဦး။ ချောစု ဘာဖြစ်တာလဲ မသိဘူး . . အော်နေတယ်"

"ဟော့! . . အော်မကြား၊ ပြောမကြားနဲ့ . . စက်တွေကို အသံပိတ်ခိုင်းစမ်း . . မြန်မြန်ပိတ်"

စက်သံတွေ ပိတ်လိုက်တော့မှ ရုတ်ရုတ်သဲသဲ ဖြစ်နေသည့် သတို့သား၊ သတို့သမီးနေရာက မချိမဆံ့အော်သံ။

သတို့သမီး အော်သံကြီးကို ကြားလိုက်ရ၏။

"ဟာ! . . ချောစု . . ချော . . ဗိုက် . . ဗိုက်ကြီးပူ"

သတို့သားက အလန့်တကြားအော်ဟစ်ပြီး ချောစုကို သူ့မိဘရင်ထဲ တွန်းပို့လိုက်၏။

"အမလေး! . . ဟုတ်ပါရဲ့ . . ချောစု ဘယ့်နှယ် ဗိုက်ကြီးပူလာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပူမ သရဲ



"ကိုယ်ဝန်ဆောင်တွေရဲ့ ဗိုက်မျိုးကြီးဟ"

"အဲ့တော် . . ချောစုဟာက ဘယ့်နှယ်ဖြစ်ရတာလဲ၊ ခုနလေးတင် ဗိုက်ကလေးကို ပြားချပ်လို့"

"အား! . . နာတယ်၊ အဖေနဲ့ အမေတို့ရေ . . ကယ်ပါဦး"

"ဟ! . . အိမ်ပေါ်ခေါ်သွားကြရအောင်ဟ"

"ဟဲ့ . . ဟဲ့ . . ဘေးလူတွေ မမြင်စေနဲ့၊ ဘကြီးပုရေ . . ပွဲမပျက်အောင် ထိန်းထားပါဦး"

"မရတော့ဘူး . . ဟိုမှာ စုပြုံ တိုးဝှေ့ကြည့်ပြီး အံ့သြဘနန်း တွေ ဖြစ်ကုန်ပြီ"

"ဟောတော့ . . အရှက် ဟက်တက်ကွဲပါပြီ"

"ဩော် . . ဒီမိန်းမကလည်း အရေးထဲကွာ . . သမီးက အရေးကြီးတယ်"

ချောစုရဲ့ဆွေမျိုးတွေက ချောစုကို အိမ်ပေါ် ဝိုင်းပွေ့ခေါ်သွားကြ၏။ နေလင်းထွန်းခမျာ အံ့သြလွန်းလို့ ဘာပြောရမှန်း မသိသလို ကြောင်နေ၏။ မိခင်ဖြစ်သူက –

"အမလေး!. . ဗိုက်ထွက်တော့လည်း ချက်ချင်းကြီးပါလား၊ ဒီကလေးမ မရိုးဘူး။ တို့သားကို လှည်းကျိုးထမ်းခိုင်းလို့ မဖြစ်ဘူး။ လာ . . သား စံမြင့်ကို လှည်းကောက်ခိုင်းပြီး ကိုယ့်ရွာကိုယ် ပြန်ကြမယ်။ ရှက်လိုက်တာနော် . . တကယ့် လူပုံအလယ်ကြမှ ဒါမျိုးကြီး ထဖြစ်ရတယ်လို့"

ဦးဆန်းက နဖူးက ချွေးတွေ လက်ကိုင်ပုဝါနှင့်သုတ်ရင်း –

"တိုးတိုးသက်သာ ပြောပါကွာ . . သမီးရှင်ဘက်က ကြား



www.burmeseclassic.com

www.burmeseclassic.com



သွားရင် မကောင်းဘူး။ မနေ့ကနေ . . ဒီမနက်ရော ချောစုကို တို့ မြင်နေတာပဲ၊ ဘာ ဗိုက်ထွက်လို့လဲ"

"အခုဟာက တို့ကြည့်နေတုန်း . . သူ့ဗိုက်ကြီးက ပူဖောင်း မှုတ်လိုက်သလို ပူဖောင်းလာတာ၊ ဒါ . . သွေးရိုးသားရိုးကိစ္စ မဖြစ် နိုင်ဘူး"

"တော်က နေခဲ့ချင်သေးလို့လား"

"အေး . . မင်းတို့လည်း နေခဲ့ရမယ်။ လာ . . အိမ်ပေါ်ကို လိုက်သွားကြည့်ကြမယ်"

ဘကြီးပုကတော့ သူတို့တွေကိုကြည့်ပြီး တစ်စုံတရာကို သဘောပေါက်သလို၊ ခေါင်းတညိတ်ညိတ် လုပ်လိုက်၊ ခေါင်း တခါခါ လုပ်လိုက်နှင့် ညှော်ပရိသတ်ကြီးကတော့ ထူးဆန်းတဲ့အဖြစ်။

သတို့သမီးချောစု မင်္ဂလာဆောင်နေရင်း ကိုယ်ဝန်ဆောင် ဗိုက်ကြီး ချက်ချင်း ဆူထွက်လာတာကို တအံ့တသြနဲ့ ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေရပြီလေ။ နှစ်ဘက်ဆွေမျိုးတွေက ညှော် ပရိ သတ်ကို ထိန်းသိမ်းကျွေးမွေးကြ၏။

နောက်ရောက်လာတဲ့ ပရိသတ်တွေကို အံ့သြတကြီး ပြောပြ ကြ၏။ နောက်ရောက်လာတဲ့ ပရိသတ်တွေလည်း မယုံချင်ကြ။ လူပြော၊ သူပြောများ၍ ကိုယ်တိုင်မြင်ဖူးအောင် သွားကြည့်မည်ပေါ့။ အိမ်ပေါ်ထပ်တက်တဲ့ လှေကားမှာ လူတွေ စုပြုံတိုးကြိတ်နေ၏။

အပေါ်ထပ်ကလည်း တံခါးပိတ်ပြီး မင်းတုပ်နှစ်ထပ်ချ ထားလိုက်ရတော့၏။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





# STAGE (2)

ဦးငွေမြိုင်က တောက် တခေါက်ခေါက်နဲ့။

"ဒါ သွေးရိုးသားရိုးကိစ္စ မဟုတ်ဘူး . . ပယောဂပါတယ်။ ဒီလို လူပုံအလယ်မှာ လုပ်ပြရဲတာကိုသာ ကြည့်"

"ခင်ဗျားတို့ . . အထင်လွဲသွားပြီလား ကိုဆန်း"

"မလွဲပါဘူးဗျ . ."

"မင်္ဂလာပွဲကို ဖျက်ချင် ဖျက်လိုက်ပါ . . အဲ့ဒီ သမီးကိစ္စ အရင်ရှင်းရတော့မယ်။ ဌေးမြိုင် . . ဟေ့ . . ဌေးမြိုင်"

"ဗျာ . . အစ်ကိုကြီး လာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

## စေတန်

"ပယောဂကုတဲ့ ဆရာသန်းကြီး အင်းကြီးရွာမှာ ရောက်နေတယ် . . သတင်းကြားတယ်။ လှည်းယာဉ်ကောက်ပြီး ချက်ချင်းသွားပင့်စမ်း . . မင်းတူမ ဒီလိုဖြစ်နေတာ မင်းကြည့်ရက်သလား"

"မကြည့်ရက်ပါဘူး အစ်ကိုကြီး၊ အခုလည်း အခန်းထဲမှာ မီးနေသည် မီးမဖွားနိုင်သလိုမျိုး မချိမဆံ့အော်ဟစ်နေတယ်"

"အေး . . မြန်မြန်သွားပင့်၊ အဖော်အဖြစ် သာဂိကို ခေါ်သွား . . မလိုက်ဘူးဆိုရင် ငွေလမ်းခင်းပြီး ပေးမယ်ဆိုပြီးခေါ်ကွာ၊ ဒီမှာ သေရေး၊ ရှင်ရေးလောက် အရေးကြီးတယ် ကြားလား"

ဒွေးမြိုင် . . ကသုတ်ကရက် ထွက်သွား၏။ ဒေါ်နွဲ့တင်တို့ သားအမိက မျက်လုံးလေးတွေ ကလယ်ကလယ်နဲ့ အခြေအနေကို စောင့်ကြည့်နေကြ၏။

အပျိုစင်သတို့သမီးက မင်္ဂလာဆောင်နေ့မှာ ချက်ချင်းကြီး ဗိုက်ပူလာပြီး ချက်ချင်းကြီးပဲ . . အခန်းထဲမှာ ကလေးမီးဖွားသလို အံကြိတ်ပြီး ငယ်သံပါအောင် အော်ဟစ်နေပြီလေ"

"အား! . . အမေရေ . . နာတယ် . . နာတယ်"

"စိတ်ထိန်းထား သမီး၊ ဟဲ့ . . လက်သည် ဒေါ်ညွှန့်ကို သွားခေါ်စမ်း . . ဘာမွေးလာမလဲ ကြည့်ချင်လို့ . . သောက်ရှက်ခွဲတဲ့ ကိုယ်ဝန် အပြင်ထွက်လာလို့ကတော့ တွေ့မယ်၊ မိသိန်းကြည် ငါ့ကို နှားရိုက်တဲ့ကြိမ်လုံး ငါ့ဘေးနား ချထားပေးစမ်း"

"ဟုတ်ကဲ့ . . မမ"

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပူမ သရဲ

ဆရာသန်းကြီး ရောက်လာတာနှင့် ဗိုက်နာနေသော ချောစု တစ်ယောက် ကျူကျူပါအောင် ငိုပါလေရော။ ဘယ်လိုမှ ချော့လို့ မရ။

ဆရာသန်းကြီးက ချက်ချင်း ဘုရားပွဲပြင်ခိုင်း၏။ သူ့ ဆေးလွယ်အိတ်ကြီးထဲက ပစ္စည်းမျိုးစုံထုတ်ပြီး ဘေးစားပွဲပေါ် တင်ထား၏။ ဘုရားကို ငါးမိနစ်လောက် ကန်တော့ပြီးသည်နှင့်–

"လူနာကို ခေါ်လာခဲ့ဟော့ . ."

အခန်းထဲက ဝရုန်းသုန်းကားအသံတွေ ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

ဦးငွေမြိုင်က ထသွားပြီး –

"ဘာဖြစ်နေတာလဲ"

"မလိုက်ဘူးတဲ့ . . လက်ဆွဲတဲ့ သူ့အစ်မဝမ်းကွဲ မိသိုင်းနဲ့ မိတိုး တို့ကို ဖြတ်ရိုက်ပစ်တယ်။ သူ့ညီမဝမ်းကွဲ မိသက်ရဲ့လက်ကို လည်း လိုက်ကိုက်သေးတယ်။ မိသက်လည်း မဆွဲရဲတော့ဘူး"

"သမီး . . ချောစု . . လာစမ်း၊ အဖေနဲ့ လိုက်ခဲ့"

"မ လိုက် ဘူး"

အသံဝင်ချင်နေသလို အသံမျိုးကြီးနှင့် ပြန်အော်၏။ သတို့သမီးဝတ်စုံရော၊ ဆွဲကြိုးတွေ၊ ပုလဲပုတီးတွေကို ဆွဲဖြုတ်ထား၏။ ဆံထုံးတုပြုတ်ကျပြီး ဆံပင်ဖားလျားနှင့် ဆံပင်က ကျောလည်ခန့်ရှည်၏။ မျက်ကွင်းကြီးတွေ ညိုနေ၏။

"ငါ့သမီး . . ဘာဖြစ်နေတာလဲကွယ်၊ အဖေ့ကို ယုံစမ်းပါ . . ငါ့သမီးရောဂါကို ဆရာနဲ့ပြပေးမှာ၊ ဟော့ . . မောင်နေလင်းထွန်း လာခေါ်စမ်းပါကွာ"

နေလင်းထွန်းလည်း လာချော့ခေါ်၏။

လုံးဝမရ။

နေလင်းထွန်းကိုသာ ရီဝေကြေကွဲသော မျက်လုံးကြီးတွေနှင့် စိုက်ကြည့်နေ၏။ ဒေါ်နွဲ့တင်က ဗိုက်ကြီးပူနေသော ချောစုကို ကြည့်ကာ –

"သမီး . . ဘာကို မကျေနပ်နေတာလဲ . . ဒီဗိုက်ရဲ့အဖေ အရင်း သမီးရည်းစားဟောင်း ရှိလို့လား။ အန်တီတို့ နေရာဆုတ်ပေးမယ်။ အဲ့ဒီသူငယ်နဲ့သာ ယူလိုက်"



www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပူမ သရဲ

သတို့သားလောင်း၏မိခင်က သူ့သားကို လှည်းကြိုးထမ်းခိုင်းမှာစိုး၍ ဘောလီဘောပုတ်ထုတ်နေ၏ ။

“အရူးမကြီး . . ငါမကျေနပ်တာ နင့်ကို . .”

“ဟောတော့ . . သမီးပဲကျေနပ်လို့ . . သားနဲ့လည်း မေတ္တာမျှလို့ လူကြီးချင်း သေချာစေ့စပ်ပြီးမှ ပေးစားတာလေ။ အခုမှ အန်တီကို ဘာ မကျေမနပ်ဖြစ်ရတာလဲ”

“နင် . . နင် ငါတို့ ချစ်နေတာကို ခွဲတယ်။ နင်ခွဲလို့ ငါတို့ ကွဲရတာ . . နင့်ကို ငါသတ်ချင်တယ်”

လက်ညှိုးကြီးထိုးပြီး ဆံပင်ဖားလျားကြီးနဲ့ ဆတ်ခနဲ . . ခုန်ထလာ၍ ဦးငွေမြိုင်နှင့် နေလင်းထွန်းတို့ ဝိုင်းဆွဲထားကြရ၏။

ဦးငွေမြိုင်ကို တွန်းထုတ်ပြီး နေလင်းထွန်းလက်ကို ဆုပ်ကိုင်ကာ ငေးစိုက်ကြည့်နေ၏။

“ချော . . ချောစု”

“ဟင်! . . နင်လည်း မကောင်းဘူး။ လူလိမ်လူညာ သစ္စာဖောက်ကောင် . . သွား”

“အား! . . သေပါပြီ၊ သေပါပြီဗျာ . . လုပ်ကြပါဦး။ ကျွန်တော့်လက်ကို လှန်ချိုးထားတယ် လက်ကျိုးတော့မယ် . . အား! . . အား! . .”

ဦးငွေမြိုင်က ချောစုရဲ့နားအုံကို ပိတ်ရိုက်ပစ်လိုက်၏။

“ဖောင်း! . .”

ချောစု မျက်နှာလည်ထွက်သွားပြီး နေလင်းထွန်းကို ချုပ်ထားသောလက် ပြုတ်ထွက်သွား၏။ နေလင်းထွန်း ရှုံ့မဲ့ နာကျင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

နောက်ဆုတ်သွားစဉ် ဒေါ်နွဲ့တင်က သားဖြစ်သူကို အခန်းအပြင် ဆွဲထုတ်သွား၏။

"မိုက်လိုက်တဲ့သမီး . . ငါ အဖေကို စော်ကားတယ်။ နင် မြေမျိုသွားမယ် ဘာမှတ်နေသလဲ"

((( ဟား ဟား ဟား ဟား )))

((( ဟီး ဟီး ဟီး ဟီး )))

"ဘာရယ်တာလဲ ငါထပ်လုပ်လိုက်ရ . ."

ချောစုရဲ့မိခင် ဒေါ်ညိုချောက ကြားဝင်ရင်း –

"တော်လွန်မယ် . . သမီးက အပမှီနေတာလေ၊ သူ ဘာသိမှာတဲ့လဲ။ ကျွန်မတို့အပေါ် ဒီသမီးလေးက ရှိသေပြီးသား၊ ဒီလို တွန်းဖို့ မပြောနဲ့ . . စေ့စေ့တောင် ခံကြည့်ဖူးတာမဟုတ်ဘူး"

ဦးငွေမြိုင်လည်း ဒီတော့မှ သတိဝင်သွားပြီး အခန်းထဲကနေ ခြေလှမ်းကျဲကြီးတွေနှင့် ထွက်သွား၏။

သိပ်မကြာ . .။

သန်မာသော သူရင်းငှား လေး၊ ငါးယောက်နှင့် ချောစုကို အတင်းလာချုပ်ပြီး ဆရာသန်းကြီးရှေ့ကို မ,ခေါ်သွား၏။

ချောစုခမျာ ကော့လန်ကော့ထိုး အော်ဟစ်ရင်း ဆရာသန်းကြီးရှေ့ ရောက်သွား၏။

"ထိုင်စမ်း . . ကလေးမ"

ချောစု ထိုင်ချလိုက်၏။

"အဲ့ဒီလို လိမ္မာမှပေါ့၊ ကဲ . . ဘုရားကို ဦးသုံးကြိမ် တိုက်လိုက်"



www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပူမ သရဲ



ချောစုက တခြားပယောဂတွေလို မတိုက်ချင်၊ တိုက်ချင်နဲ့ တိုက်တာမဟုတ်။ ဘုရားရုပ်ပွားတော်ကို မျက်လုံးလေး အသာလှန်ကြည့်လိုက်ပြီး လေးလေးနက်နက် အာရုံပြုကာ ရှိရှိသေသေ ရှိခိုးလိုက်၏။

"သိပ် လိမ္မာတာပဲ . . ဆရာရှေ့ရောက်လာရင် ကျားရှေ့ရောက်တဲ့ကြောင်၊ ကြောင်ရှေ့ရောက်တဲ့ ကြွက်လို အပိုးကျိုးပြီး လိမ္မာသွားမယ်။ ဆရာက မကြမ်းချင်ဘူးနော်။ ဆရာမေးသမျှကို ကောင်းကောင်းဖြေပါ"

"မင်း ဘာလိုအပ်သလဲဆိုတာ ဆရာသိရရင် မင်းလိုအပ်တာ တတ်နိုင်သလောက် ဆရာဖြည့်ဆည်းပေးမယ် . . ဟုတ်ပလား"

ချောစုက တစ်စုံတရာဝင်ပူးနေသော မျက်နှာမျိုးဖြင့် ဆရာသန်းကြီးကို စိုက်ကြည့်နေ၏။

"မင်း ဘယ်သူလဲ"

"မပြောဘူး"

"ဘာ! . . မင်းက မတောက်တခေါက်ပညာလေးနဲ့ ငါ့ကို အာခံတာလား . . ပြောစမ်း"

"ဟင်း ဟင်း ဟင်း ဟင်း"

"အောင်မာ . . ပမာမခန့်နဲ့၊ ဟေ့ . . အထက်ဆရာကြီးရဲ့ အာဏာ၊ ငါဆရာရဲ့အမိန့် . . ဆင်နဲ့နင်း၊ အစွယ်နဲ့ ထိုးပစ်စမ်း"

ချောစုက မျက်မှောင်ကြီးကြုတ်ပြီး တင်းတောင့်ခံနေ၏။

"ဟင်! . . တော်တော် အကြောမာတဲ့ ပယောဂ၊ ကြိမ်လုံးပေးစမ်း"



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

"ဆရာကြီး . . ကျွန်မသမီးလေးကို ကြိမ်လုံးနဲ့ မရိုက်ပါနဲ့"

"မပူနဲ့ . . ပယောဂကို ရိုက်မှာ၊ ပယောဂထွက်သွားရင် အဲ့ဒီဒဏ်ရာတွေ အကုန်ပျောက်သွားလိမ့်မယ်။ နင့်သမီး မိမွေးတိုင်း ဖမွေးတိုင်း ကျန်နေလိမ့်မယ် . . ငါ အာမခံတယ်ဟေ့"

ဦးငွေမြိုင်က မဝံ့မရဲဖြင့် –

"ဆရာကြီး . . ဒီပြင် အနုနည်းနဲ့ ကုသလို့ မရနိုင်ဘူးလား"

"ဒီမှာကြည့်လေ . . ခေါင်းကြောမာနေတာ အနုနည်းနဲ့ မရဘူး။ အကြမ်းနည်းနဲ့ ကုမှရမယ်။ ပေးစမ်း . . ကြိမ်လုံး"

ဦးငွေမြိုင်က သူ့ညီကို မျက်ရိပ်မျက်ကဲပြလိုက်တော့ သူ့ညီက ချက်ချင်းပဲ သွားယူလာပေး၏။ ဆရာကြီးက ကြိမ်လုံးကို လက်နှင့်သပ်ပြီး ဂါထာရွတ်ကာ ဆေးကြိမ်လုံးဖြစ်အောင် အသက်သွင်းနေ၏။

ထိုစဉ် ချောစုက ဝုန်းခနဲ မတ်တပ်ရပ်လိုက်၏။

"ဘာလုပ်တာလဲ ထိုင်စမ်း"

"မထိုင်ဘူး . . ရိုက်ရဲ ရိုက်ကြည့်စမ်း"

"ဘာ! . ."

ဆရာသန်းကြီး ထရပ်မည်ပြုစဉ်မှာပင် ချောစုက လက်ဖဝါးနှင့် ဖြတ်ရိုက်ချလိုက်၏။

"ဖြောင်း! . ."

"အား! . ."

"ဆရာတု၊ ဆရာယောင်၊ တတ်ယောင်ကားနဲ့ မိန်းကလေးတွေ . . သူ့ဘာသာ မမွှတာသွေးမမှန်လို့ ဂယောင်ချောက်ချား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာကို ပယောဂဆိုပြီး ကြိမ်လုံးနဲ့လိုမ့်ရိုက်ပြီး မိန်းကလေးတွေ အနာတရဖြစ်၊ သူက အခကြေးငွေယူပြီး ပြန် . . နင့်လို ဆရာတုကို ဆုံးမဖို့ အချိန်တန်ပြီ”

ပက်လက်လဲနေသော ဆရာသန်းကြီးအပေါ် ချောစု တက်ဖိထိုင်ပြီး ပါးကို ဘယ်ပြန်ညာပြန် ရိုက်တော့၏။

“ဖြန်း! . .”

“အား! . .”

“ဖြန်း! . .”

“သေပါပြီဟ! . . ငါ့ကို ကယ်ကြပါဦး”

ဦးငွေမြိုင်နဲ့ သူ့တပည့်တွေ ဝိုင်းဆွဲ ချုပ်ထားရ၏။ ဆရာသန်းကြီးဆိုတာ မျက်နှာတွေရောင်ကိုင်းပြီး ပုဆိုးမနိုင်၊ ပုဝါမနိုင်နှင့်။ ကုန်းရုန်းပြီး ထလစ်ပြေးတော့၏။

အိမ်ပေါ်အပြည့် လာကြည့်နေသော လူတွေဆိုတာ ငိုရအခက်၊ ရယ်ရအခက်။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# STAGE (3)

မင်္ဂလာပွဲကြီး ရက်ရွှေ့လိုက်ပြီဆိုပြီး ဧည့်ပရိသတ်တွေကို မိုက်နဲ့အော်ပြီး ပြန်လွှတ်တာတောင် မပြန်ချင်ကြ။ ဆရာသန်းကြီးတောင် ထွက်ပြေးရတဲ့ ပယောဂအကြောင်းကို စောင့်ကြည့်ရင်း အံ့သြဘနန်း ပြောနေကြကုန်၏။

ချောစုကို အပျိုခန်းထဲ ပြန်ထည့်လိုက်၏။ ချောစု တစ်ယောက် အပျိုခန်းထဲရောက်တော့ ဗိုက်တွေ လှိမ့်နာပြန်၏။ လက်သည်လည်း ရောက်လာပြီမို့ အတင်း ညှစ်ချခိုင်းနေ၏။

ပေါင်နှစ်လုံးဖြဲထား၊ ဒူးထောင်ထားတုန်းမှာ အထဲက



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

သွေးတွေ ပန်းထွက်လာ၏။ လက်သည်ကော မီးဖွားရာ၌ လိုက်ကူညီနေသော ဒေါ်ရင်မယ်ကြီးနဲ့ ဒေါ်ဝိုင်းစိန်တို့ပါ သွေးတွေ ပေကျံကုန်၏။

"ငါ့သမီးအပျိုလေး ဗိုက်ကြီးတန်းပူပြီး တန်းမွေးတာ .. အမလေး! .. မိခင်အရင်းဖြစ်တဲ့ ငါတောင် ဘယ်လိုယုံရမှန်း မသိဘူး"

ဒေါ်ညိုချော အော်ပြောနေစဉ် လက်သည်ကြီးက –

"ဟဲ့ .. ဟိုမှာ .. အို! .. ပြူတစ်၊ ပြူတစ်နဲ့ ထွက်လာပြီ။ ညှစ်ထား ချောစုရေ .. အားတင်းထား၊ ဟော! .. ထွက်လာပြီ"

"ဟဲ့ .. ဟယ် ကလေး နီတာရဲလေး၊ ဟော! .. လေးဘက်ကုန်းကြီး ထွက်လာပြီတော်၊ ဟော .. ဟော အမလေး! .."

"အို! .. အချင်းကြိုးကို သူ့ပါးစပ်နဲ့ ကိုက်ဖြတ်နေတယ်"

"လက်သည်ကြီး .. ကလေးကို ဖမ်းချီလိုက်လေ"

"မချီရဲဘူး .. ငါမွေးလာတာများပြီ၊ ဒါမျိုး မတွေ့ဖူးဘူး။ ဒါ .. ဒါ မှင် .. မှင်စာကလေး ဖြစ်မယ်"

"အမလေးတော်! .."

လက်သည်ကြီး လန့်တုန်ပြီး ဝုန်းခနဲ! .. ထပြေးတော့ ကျန်တဲ့လူတွေလည်း ဝေးခနဲ လိုက်ပြေးကြပြီပေါ့။ မိခင်အရင်းခေါက်ခေါက် ဒေါ်ညိုချောသာ ကြောက်တွန့်လန့်ပြီး နံရံကပ်ကျန်ခဲ့၏။

အပေါက်ဝမှာဆိုင်ပြီး တစ်နေကြသေး၏။ ထွက်လာသော ကလေးနီတာရဲလေးက ဒေါ်ညိုချောကို လေးဘက်ကုန်းကာနေ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



လေး လည်ကြည့်၏။ ပြုံးပြလာသည်။ အစွယ်လေးနှင့် သွေးတွေ ပေကျံနေသော ခန္ဓာကိုယ်မျက်နှာနှင့် ဒေါ်ညိုချော လန့်အော်ပြီး ပြတင်းပေါက်က ခုန်ချပစ်လိုက်၏။ ဗူးစင်ကြီး ခံနေလို့သာပေါ့။ နို့မို့ အကျိုးနဲ့ အသေ တစ်ခုခုပဲ။

ဆူညံပွက်လောရိုက်ကုန်၍ ဦးငွေမြိုင်၊ ဦးစန်း၊ နေလင်းထွန်းတို့ အခန်းထဲ ပြေးဝင်ကြည့်ကြ၏။ ချောစုတစ်ယောက်တည်း မောပန်းပြီး အိပ်ပျော်နေ၏။ ကျန်တာ ဘယ်သူမှ မရှိ။ ပြတင်းပေါက်ကို ဦးငွေမြိုင်ပြေးပြီး အောက်ကို ငုံ့ကြည့်လိုက်၏။

"ဟာ! . . ဟ! . . လုပ်ကြပါဦး၊ ငါ့မိန်းမ ဘယ့်နှယ်ဖြစ်ပြီး ပြတင်းပေါက်က အောက်ကို ခုန်ချရတာလဲ လုပ်ကြပါဦးဟ"

အားလုံး ပြာယာခတ်ကုန်၏။ ဒေါ်နွဲ့တင်က ကြောက်လွန်းလို့ တုန်နေပြီ။ နေလင်းထွန်းက ချောစုအနား အသာကပ်သွား၏။

ပကတိ ချောစုလေးပါပဲ။

"ဟင်! . ."

ချောစုရဲ့ပူနေတဲ့ ဗိုက်ကြီး ပိန်သွားပြီ။ ဗိုက်လုပ်ကြည့်တော့ ပြားချပ်ချပ်၊ အပျိုဗိုက်ကလေးကို ပြန်တွေ့ရ၏။

နေလင်းထွန်း ဝမ်းသာသွား၏။ သူ့အဖေကိုလည်း ပြ၏။ သူ့အဖေလည်း အံ့သြလွန်း၍ ဘာပြောရမှန်းမသိ။ နေလင်းထွန်းက သူ့အမေကို လာကြည့်ဖို့ အော်ခေါ်၏။ ဒေါ်နွဲ့တင် မရဲတရဲ လာကြည့်၏။ အံ့သြပြီး မတ်တပ်ကြီး မေ့လို့။ အောက်ထပ်မှာတော့ ဦးငွေမြိုင်တို့လူစု ဒေါ်ညိုချောကို မနည်း နှာနှပ်ယူနေရတော့၏။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





# STAGE (4)

ချောစု တစ်ရေးနိုးလာတော့ ဘာတွေဖြစ်လို့ ဖြစ်ပျက်မှန်း မသိ။ မင်္ဂလာပွဲပျက်သွားရသည့်အကြောင်းကို ပြောပြသည့်တိုင် ချောစု မယုံနိုင်။ ရွာခံတွေသာ ကျန်တော့၏။ ဧည့်သည်တွေက ပြန် ကုန်ပြီ။

ဒေါ်ညိုချောပြောတာကို ဦးငွေမြိုင်တို့ အစောပိုင်းက မယုံ ကြည်။ လက်သည်ဒေါ်ညွန့်၊ ဒေါ်ရင်မယ်၊ ဒေါ်ဝိုင်းစိန်နဲ့ ဒေါ်ညိုချော ရဲ့တူမတွေ၊ ဆွေမျိုးမိန်းမတွေ ဝိုင်းပြောမှ ဦးငွေမြိုင်တို့လည်း မယုံတယုံ ဖြစ်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပူမ သရဲ



"ငါနဲ့ ကိုဆန်း၊ နေလင်းထွန်းတို့ရော၊ သူရင်းငှားတွေရော သွားကြည့်တာ . . ငါ့သမီးက ပက်လက်ကလေး အိပ်ပျော်နေတာပဲ တွေ့ရတယ်"

"မှင်စာလေးကို မတွေ့လိုက်ဘူးလား။ ကျုပ်ကို သွေးရဲရဲ၊ သံရဲရဲနဲ့ ပြုံးသွားတာ အစွယ်နှစ်ချောင်းနဲ့ . . အချင်းကြိုးတန်းလန်းကို သူ့ပါးစပ်နဲ့ ကိုက်ဖြတ်သွားတာလေ"

"ဟုတ်ပါ့တော် . . အထဲကနေ လေးဘက်ထောက်လေး ထွက်လာတာ၊ ကျုပ်တစ်သက် ဒါမျိုးမတွေ့ဖူးလို့ ထလန့်ပြေးမိတာပါ"

"ကျုပ်တို့လည်း မြင်တယ်။ ဒါသွေးရိုးသားရိုးမှ မဟုတ်တာ"

"အဲ့တာတွေ တော်ပါတော့ . . ဘယ်လို ဆက်လုပ်ကြမလဲ ဆိုတာ စဉ်းစား၊ ချောစုနဲ့ သားကို မင်္ဂလာဆောင် ပြန်မလုပ်ရသေးခင် အတူသိပ်လို့လည်း မဖြစ်ဘူးလေ"

ဒေါ်နွဲ့တင်အပြောကြောင့် ဦးငွေမြိုင်က စဉ်းစားသွား၏။

"ခင်ဗျားတို့ သဘောပဲလေ။ ကျုပ်တို့ကလည်း ဘယ်လာသိပ်လိမ့်မတုန်း၊ သမီးရှင်ဗျ . . သမီးရှင်"

"ကျုပ်မိန်းမ စကားပြော မတတ်သွားတာ ကျုပ် တောင်းပန်ပါတယ်။ ဒီမှာ သုံး၊ လေးရက်နေပြီး စောင့်ကြည့် . . ငြိမ်သွားရင် မင်္ဂလာပွဲကို ဆက်ကျင်းပကြတာပေါ့၊ သားကို ချောစုကို စောင့်ရှောက်ဖို့ ထားခဲ့မယ်"

"ကျုပ်တို့လင်မယား ဆင်ခေါင်းရွာ ပြန်နေကြမယ်။ အရေးအကြောင်းရှိရင် လူလွှတ်ခေါ်လိုက်ပေါ့။ ကိုဇော်ကြီးအိမ်မှာမြင်း



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

မွေးထားတာပဲ . . ခင်ဗျားညီ ငွေးမြိုင်လည်း မြင်းစီးကျွမ်းတာပဲ ဥစ္စာ

ဦးငွေမြိုင်တို့ လက်ခံကြ၏။ ဦးဆန်းတို့လင်မယားနဲ့ အမျိုးတွေ လှည်းကောက်ပြီး ပြန်သွားကြ၏။ မနက်ပိုင်းတောင် ဒီလောက်ဖြစ်သွားတာ၊ ညဘက်ကြတော့ ကာလသားတွေ အိမ်မှာ ခေါ်သိပ်ရတော့၏။

ရွာထဲက အိမ်တွေလည်း မအိပ်ရဲ။ အိမ်သာ မသွားရဲ။ ညရောက်တာနဲ့ မီးခွက်မှုတ်ပြီး ခြင်ထောင်ထဲမှာ ငြိမ်ကုပ်နေကြရ၏။

ညဘက်ဆို . . ပန်းနာရင်ကြပ် ချောင်း အမြဲထဆိုးသော ဒေါ်စိန်ညွန့်ကြီးတောင် ချောင်းမဆိုးရဲရှာ။ အဝတ်ကြီးပါးစပ်ဆို့ပြီး 'အဟု . . အဟု'နဲ့ ဆိုးနေရရှာ၏။ ချောစုနဲ့ အဖော်လုပ်ပြီး ဘယ်သူမှ မအိပ်ရဲ။

ဒေါ်ညိုချောက တူမတွေကို မုန့်ဖိုးပေးပြီး ချော့ခေါ်ထားရ၏။ ဒါမှ ကာလသားတွေက စောင့်ပျော်မှာကိုး။ ကာလသားတွေအတွက် လက်ဖက်သုပ်၊ ကြံသကာ၊ ရေနွေးအပြင် သူတို့တောင်းဆို၍ ကြက်သားကာလသားချက်ပါ ချက်ကျွေးနေရသေး၏။

ဦးငွေမြိုင်နဲ့ ဒေါ်ညိုချောတို့ ဘုရားကန်တော့ပြီး ခြင်ထောင်ထဲ ဝင်အိပ်နေကြပြီ။ ဒေါ်ညိုချောရဲ့ညီမ ဒေါ်စန်းကြည်က သူ့သမီးတွေကို အဖော်လုပ်ပေးနေ၏။ နေလင်းထွန်းနဲ့ ကာလသားတွေက အိမ်အောက်ထပ်မှာ စကားထိုင်ပြောနေကြ၏။

တွေးခေါ်စဉ်းစားတတ်သော သရက်ချောင်းရွာရဲ့ ကာလသားခေါင်း မိုက်ပူက–



www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပူမ သရဲ

"အင်း . . မနက်ခင်းက ပယောဂက ကျုပ်ထင်တာပြော ရရင် အင်း . . နေလင်းထွန်းနဲ့သက်ဆိုင်နေတော့ ပြောရမှာ ခက် နေတယ်"

"ဗျာ . . ဘယ်လိုသက်ဆိုင်တာလဲ၊ ပြောစမ်းပါ ကိုဗိုက်ပူ ရာ . . ခင်ဗျားလည်း ကျုပ်ငါးကန်မှာ လာစောင့်ပေးဖူးတာပဲ"

"အဲ့ဒီ ငါးကန်နဲ့လည်း ဆက်စပ်နေတယ်လေကွာ၊ မင်း စိတ်မဆိုးဘူးဆိုရင်တော့ ငါပြောမယ်"

"ပြော . . မဆိုးဘူး"

"မင်း ငါးကန်မှာ အစောင့်ထားတဲ့ ဦးသန်းခင်တို့သား အဖလေ . . သူ့သမီးက ချိုသဲ အသားဖြူစပ်စပ်၊ လုံးကြီးပေါက် လှလေ . . မင်း သိပါတယ် နေလင်းထွန်း"

"သိပါတယ် . . ခင်ဗျားတို့လည်း သိနေတာပဲ"

"အခု သူတို့သားအဖ ဘယ်ရောက်နေလဲသိလား"

"တိုက်နယ်မြို့ပေါ် ပြန်သွားတာပဲ"

"ဘာကြောင့်ပြန်တာလဲ"

"သူတို့သဘောလေ"

"မင်းကြောင့်ပါကွာ . . မင်းအမေက နှင်ထုတ်လိုက်တာ၊ မင်းနဲ့ ချိုသဲနဲ့ ငြိနေတာ မင်းအမေသိသွားတယ်။ သိသွားလို့ ငွေ ပေးပြီး နှင်ထုတ်လိုက်တာ . . မင်းလည်း သိမှာပါ"

"မတားဘူးလေ . . မင်းက ချိုသဲကို ကြောရရုံ ကြံခဲ့တာကိုး။ ချိုသဲရဲ့အဆီကိုစားပြီး အသားကို မြိုချခဲ့တာလေ၊ ချိုသဲ ဗိုက်ထွက် လာမှ မင်းရှောင်သွားတာ . . မင်းအိမ်က ပေးစားမယ့် ရှော့စုနဲ့

www.burmeseclassic.com



မင်း သဘောတူလိုက်တာ၊ ကဲ . . မင်းဘာငြင်းမလဲ"

တခြားကာလသားတွေက ဝိုင်းကြည့်နေ၏။ နေလင်းထွန်း ရေနွေးကြမ်းခွက်ကို စိုက်ကြည့်နေရင်း –

"မင်း ယောက်ျားပါ နေလင်းထွန်းရာ . . ဝန်ခံရဲရမှာပေါ့"

"ဟုတ်တယ် ကျုပ်ဝန်ခံတယ်"

"မင်း လူမဆန်ဘဲ ရက်စက်လိုက်တာကို ချိုသဲ ခံစားသွားရတယ်။ ချိုသဲက မင်းကို တကယ်ချစ်တာ . . မင်းအတွက် ဘာမဆို ပေးဆပ်ရဲတဲ့ ကောင်မလေးပါ . . မင်းဆီက ဘာမှမျှော်လင့်တာ မဟုတ်ဘူး"

"မင်းက ဗိုက်မထွက်ခင်ထိ အားရအောင် ခြေတော်တင်တယ်။ ဗိုက်ထွက်တာနဲ့ရှောင်ရော . . ချိုသဲခမျာ ရွာထဲလည်း လိုက်မတွေ့ရဲဘူး။ ငါးကန်ကနေ မင်းကိုပဲ ထွက်ထွက်မျှော်နေတာ၊ သူ့အဖေတဲကို ငါ ခဏ ခဏရောက်တယ်"

"သူ့အဖေက ပွင့်ပွင့်လင်းလင်း . . ဟော့ဟော့ဒိုင်းဒိုင်း သမား ဘာသာမဲ့ကြီး . . သူဖွင့်ပြောလို့ မင်းနဲ့ ချိုသဲဖြစ်ကြတာ ငါ သိရတာ၊ မင်းက ငါးကန်ကိုလာလည်ရင် ဦးသန်းခင်ကြီးကို အရက်မူးအောင် ဝယ်တိုက် . . ပြီးရင် ချိုသဲနဲ့အတူအိပ်၊ အတူနေ"

"တော်ပါတော့ . . ကိုဗိုက်ပူရာ ကျုပ်မကြားချင်ဘူး။ ဒီ အကြောင်းတွေ ချောစုတို့မိသားစုသိသွားရင် သွားပြီ"

"သိပြီးသားပါ . . ချောစုတို့မိဘတွေက မင်းရမယ့် အမွေ အနှစ်တွေကြောင့် သူ့သမီးနဲ့ သဘောတူတာ"

"မင်းနဲ့ချောစုက ပဲခူးမှာ နောက်ဆုံးနှစ်ဖြေဖို့ကျောင်းသွား



www.burmeseclassic.com

www.burmeseclassic.com

## ဗိုက်ပူမ သရဲ

နေ့တုန်း . . ချိုသဲ မီးမဖွားနိုင်လို့ သေခဲ့ရတယ်။ အိမ်ခြေ၊ ယာခြေ ရှိတဲ့ ဦးသန်းခင်က သူ့သမီးအလောင်းကို သူ့မိတ်ဆွေတစ်ယောက် အကူအညီနဲ့ စောင်ပုခက်လုပ်ပြီး ထမ်းယူလာတာ"

"ငါးကန်တဲသေးက ငါ့ယာတဲမှာ လာနေခွင့်တောင်းတယ်။ ငါလည်း သနားလို့ ခွင့်ပြုလိုက်တယ်။ သူ့သမီးရဲ့ နောက်ဆုံးဆန္ဒအရ ငါးကန်နဲ့ တာလမ်းကြား မြေကွက်လပ်မှာပဲ ငါတို့ကူညီပြီး မီးသင်္ဂြိုဟ် ပေးလိုက်ရတယ်။ ဗိုက်ပူကြီးနဲ့ ချိုသဲ သေသွားရတယ်"

"မင်းတို့စေ့စပ်ပြီးမှ စာမေးပွဲသွားဖြေတာ . . ဖြေပြီး ပြန်လာရင် မင်္ဂလာဆောင်ကြတော့မယ်ဆိုတာ ချိုသဲ သတင်း အားလုံး ကြားပြီးသား"

"ဆင်ခေါင်းရွာထဲက ချိုသဲနဲ့ ကောက်စိုက်လည်း အတူတူ၊ ကောက်သင်းကောက်လည်းအတူတူ တွဲနေကြတဲ့ ဒေါ်တင်စုကြီးက ပြန်ပြောလို့ ချိုသဲ သိနေတာကွ"

ငြိမ်နားထောင်နေသော နေလင်းထွန်းက ထွက်သွား၏။ ကိုဗိုက်ပူလည်း မတားတော့။ ဒီကောင် တစ်ခုခုတော့ ခံစားသွား ပြီပေါ့။ နေလင်းထွန်းအတွက် အိမ်ပေါ်ထပ်မှာ အခန်းလုပ်ထား၏။ အခန်းထဲဝင်ပြီး နေလင်းထွန်း အသာလှဲအိပ်လိုက်၏။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





# STAGE (5)

ပူပူနွေးနွေး အတိတ်ကို ပြန်တွေးမိ၏။

ချိုသဲ . . ချိုသဲ . . ပဲခူးကပြန်လာတော့ ချိုသဲ သေသွားပြီဆိုတဲ့ သတင်းပဲ ကြားလိုက်ရတယ်။ မိဘတွေကော၊ ဆွေမျိုးတွေပါ ပါးစပ်ပေါက် ပိတ်ထားကြ၏။ သရက်ချောင်းရွာကို သွားတာတောင် တာလမ်းက မသွား။ ရိုးချောင်းဘေးလှည်းလမ်းက ကွေ့ပတ်သွားကြမိတဲ့အဖြစ်။

နေလင်းထွန်း ကိုယ်တိုင်ကလည်း ချိုသဲကို သွေးသားဆန္ဒအရသာ အတူနေမိခြင်းပင်။ ချစ်ခြင်း မရှိ။ သံယောဇဉ်လေးတော့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မိခဲ့၏။ အစွဲအလမ်းကြီး မဟုတ်။

အတိတ်ကို ရင်တထိတ်ထိတ်နှင့် ပြန်ဆင်ခြင်ပြီး တွေးမိလိုက်သောအခါ–

"ဘာ! . . ချီသဲမှာ ကိုယ်ဝန်ရှိနေပြီ"

"ဟုတ်တယ် အစ်ကို . . အဖေ စမ်းသပ်ပေးတာ၊ အဖေက ဆေးရုံမှာ ကျန်းမာရေးဝန်ထမ်းလေ။ ကလေးမွေးတာလည်း သိတယ်။ သားဖွားဆရာမတွေ ကလေးဆွဲမထုတ်ရဲရင် အဖေပဲ ဆွဲထုတ်ပေးရတာ"

"အဖေက အရှုံးမတစ်ယောက် ပိုင်ရှင်မရှိတာကို မွေးပေးလိုက်တာ . . သေသွားလို့ အလုပ်ပြုတ်ရင်းနဲ့ . . အစ်ကိုတို့ဆီမှာ ငါးကန်စောင့် လာလုပ်တာ"

"နေဖို့၊ စားဖို့ရလို့ လာလုပ်ဖြစ်နေတာ . . အပိုဝင်ငွေကတော့ ကျွန်မ ကောက်စိုက်၊ ပေါင်းခုတ်၊ စပါးပေါ်ချိန် ကောက်သင်းကောက်လို့ရတာနဲ့ သုံးစွဲရတာပေါ့"

"ချီသဲ . . တော်တော့၊ အဲ့ဒီကိုယ်ဝန်ကို ဖျက်ချလိုက်"

"ဖျက်ချလို့ မရတော့ဘူး။ နှစ်လခွဲကျော်နေပြီတဲ့"

"ဟင်း . . မင်းအဖေက မင်းကိုဆူသေးလား"

"မဆူပါဘူး။ အစ်ကိုက သူ့ကျေးဇူးရှင်တဲ့ . . နေ့တိုင်း သူ့ကို အရက်ဖိုးပေးနေတာတဲ့ . . ကိုယ်ဝန်ရှိကြောင်း အစ်ကိုသိအောင် ပြောခိုင်းလို့ ပြောပြတာ"

"ဟူး! . . မင်း ဖျက်ချမှဖြစ်မယ်"

"မဖျက်ဘူး . . အစ်ကို့ရင်သွေးလေးကို လိမ္မာချင်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com





ယူထားတာ၊ ချိုသဲ သေချင်သေပါစေ။ ဒီကလေးကို ရအောင် မွေးမှာ”

“မဖျက်ရင် မင်းဆီ ငါမလာတော့ဘူး”

“အဲ့လိုတော့ မရက်စက်ပါနဲ့ အစ်ကိုရယ်၊ ချိုသဲက အစ်ကို့ကို လက်ထပ်ခိုင်းတာ မဟုတ်ပါဘူး။ အစ်ကို့ရဲ့ မယားငယ်ပဲဖြစ်ဖြစ် . . အစ်ကိုနဲ့ ချစ်နေရရင် ပျော်နေတာပါ။ ဒီကလေးကို ချိုသဲဘာသာ ရအောင်မွေးမှာပါ”

နေလင်းထွန်းကတော့ ပညာပါပါ ရှောင်တိမ်း ထွက်သွား၏။ ချိုသဲ အကြောင်းဆို နားပင်မထောင်တော့။

လင်ကောင်မပေါ်ဘဲ ဗိုက်ကြီးပူနေသော ချိုသဲအကြောင်းက လူအတော်များများ သိကုန်ကြပြီ။ နေလင်းထွန်းလက်ချက်ဆိုတာ သဘောပေါက်ကြ၏။ ဒေါ်နွဲ့တင် နားပေါက်သွား၏။

“ငါ့သားလေး ဗွက်မစင်အောင် ငါကြံမှပဲ၊ ဒီမှာ ငါ့သား . . မင်းနဲ့ ချောစုကို စေ့စပ်ပြီးပြီ။ စာမေးပွဲကို ချောစုနဲ့သွားဖြေ၊ နှစ်အတူတူပဲဟာ . . ချိုသဲကိစ္စ အမေ စီစဉ်ထားလိုက်မယ်။ မင်း ခေါင်းထဲ မထည့်နဲ့”

“အမေကလည်း ဘွဲ့ယူပြီးမှ ချောစုနဲ့ မင်္ဂလာဆောင်တာပေါ့။ ဒါမှဖိတ်စာထဲမှာ B.A ဘွဲ့ရဆိုတာ ထည့်ရိုက်လို့ရမှာ”

“ဒီနှစ်နောက်ဆုံးနှစ် ဖြေပြီးရင်လည်း . . ဘွဲ့ရမှာပဲလေ။ ကြိုထည့်ရိုက်လည်း ဘယ်သူက လာတရားစွဲမှာလဲ။ ချောစုမိဘတွေလည်း ဒီအကြောင်း သိနေပြီးသား . . လူငယ်ပဲ တစ်ခါတလေများတာ သူတို့ ခွင့်လွှတ်ပါတယ်။ သူတို့ကတောင် အဲ့ဒီသားအမကို ဆေးဝေးပို့လိုက်တဲ့။ မေမေ ငွေပေးပြီး သွားနှင်လိုက်မယ်”



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

"ကြည့်လုပ်နော် မေမေ . . တော်ကြာ ဦးသန်းခင်ကြီး အရက်မူးပြီး ခံစားချက်တွေ လာပေါက်နေဦးမယ်"

"သန်းခင်က တို့ထားလို့ နေနေရတာပါ။ တို့ကို မလှန်ရဲပါဘူး"

အဲ့ဒီလိုနဲ့ ဒေါ်နွဲ့တင်ကြီးက အဲ့ဒီခေတ်က ငွေတစ်သောင်း ပေးပြီး ဦးသန်းခင်တို့ သားအဖကို နှင်လိုက်တယ်။ ဦးသန်းခင်လည်း တိုက်နယ်မြို့လေးကို ပြောင်း။ မြို့စွန်မှာ တဲလေးငှားပြီးနေ။

ချိုသဲကို မီးဖွားဖို့ ဘာမှ မစုဆောင်းဖြစ်ပါဘူး။ မီးဖွားစရိတ်



www.burmeseclassic.com

www.burmeseclassic.com

## ဗိုက်ပူမ သရဲ

ါးထောင် အပိုဆောင်းပေးတာလည်း ဦးသန်းခင်က အရက်သောက်
ခ်လိုက်တယ်။ စိတ်ညစ်လို့တဲ့။

"ဘာမှမပူနဲ့ သမီး . . အဖေလည်း ဆေးရုံမှာ ယောကျ်ား
ာက်သည်လုပ်ပြီး ကလေးမွေးဖွားခဲ့တာ လေး၊ ငါး၊ ဆယ်ကြိမ် မက
ဘူး။ မွေးရခက်တဲ့ ကလေးတွေကို အတင်းနှိုက်ပြီး လက်ချောင်း
မိမိ၊ ခြေချောင်းမိမိ၊ အပြင်ရောက်အောင် ဆွဲထုတ်မွေးခဲ့တာပဲ . .
သမီးကို အဖေ မွေးပေးမယ်"

"အဟင့် . . ဟင့် . . ဟင့်"

"ဘာလို့ ငိုရတာလဲ"

"အစ်ကိုနေလင်းထွန်းကို သတိရပြီး လွမ်းလွန်းလို့ပါ . .
အဖေရယ်"

"အဲ့ဒါတော့ အဖေလည်း မတတ်နိုင်ဘူး"

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# STAGE (၆)

နေလင်းထွန်း ကြားသိခဲ့သလောက် အခြေအနေကို ပြန်တွေးနေရာက ချောစုအခန်းမှ ဂုန်းဒိုင်းကျဲနေသော အသံတွေကြောင့် အတွေးပြန်ဆွဲခေါ်ပြီး လက်ရှိဘဝ . . လှဲနေရာက မတ်တပ်ထရပ်လိုက်၏။

“ဟဲ့ သမီး . . ဘာဖြစ်တာလဲ! . . ဘာဖြစ်တာလဲ”

“သမီးလေး . . တံခါးစေ့ထားတယ်ဟ”

ဦးငွေမြိုင်နဲ့ ဒေါ်ညိုချောတို့ အောက်လင်းဓာတ်မီး ထွန်းထားသော ချောစုအခန်းထဲကို ဝင်ကြည့်ကြ၏။ မြင်လိုက်ရသည့်



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

မြင်ကွင်းက သွေးပျက်စရာ။

ချောစုတစ်ယောက် ..ပက်လက်နေရာကနေ ကြမ်းပြင်နဲ့ ကျောနဲ့ကို တဘုန်းဘုန်းရိုက်နေ၏။ ဆံပင်ဖားလျား၊ မျက်ကွင်း ညိုကြီးတွေနှင့်။

ဦးငွေမြိုင်တို့လင်မယား ကျောရိုးတွေ ကျိုးကုန်မှာစိုး၍ အတင်း ဝင်ဆွဲရ၏။ နေလင်းထွန်းလည်း ရောက်လာပြီး ခေါင်းပိုင်း ကို ဖမ်းချုပ်ထားရ၏။ အိမ်အောက်ထပ်မှာလည်း ကာလသားတွေ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်၏။

မီးအိမ်ထွန်းထားသဖြင့် မှုန်ဝါးဝါးသာ မြင်ရ၏။

"ငါ့ခြေထောက်ကို ကြောင်တိုးနေတာလားဟ . . ရစ်ပတ် နေတာပဲ၊ ဆောင့်ကန်ထုတ်လည်း မရဘူး"

"ကိုဗိုက်ပူ . . အဲ့ဒါ . . အဲ့ဒါ"

ကာလသားတစ်ယောက်က . . ဓာတ်မီးနဲ့ ထိုးကြည့်ရင်း ကြောက်လန့်လွန်း၍ အ,ထစ် အ,ထစ်နှင့် ဖြစ်နေ၏။ ကိုဗိုက်ပူရော ကျန်တဲ့ကာလသားတွေပါ ဝိုင်းကြည့်လိုက်တော့ –

"ဟာ! . . ဘာကောင်လေးလဲဟ"

"လူနဲ့ .တူတယ်"

"ဝက်ပေါက်စ နီတာရဲလေးလား . . ခုမှ မွေးပြီးကာစလေး"

"မဟုတ်ဘူး အဲ့ . . အဲ့ဒါ . . မှင် . . မှင်စာ"

"ဟင်! . ."

"ဟိုက်! . ."

"အောင်မလေးဗျ! . ."



www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပူမ သရဲ



ကာလသားတွေ လန့်ပြီး တဝုန်းဝုန်း ထပြေးကုန်၏။ ကိုဗိုက်ပူလည်း တန်းလျားပေါ်ထိုင်နေရာက ခြေထောက်ကို နွံအိုင်ထဲက မနည်းဆွဲထုတ်သလို ထုတ်ပြီး အပေါ်တင်လိုက်ရ၏။ ခြေထောက်မှာ သွားစွယ်နှင့် ခြစ်ထားသဖြင့် သွေးချင်းချင်း နီနေပြီ။

မှင်စာ(၇)ပတ်၊ လူကိုပတ်မိလျှင် – အဲ့ဒီလူသေရော . . ဟု ရှေးလူကြီးတွေ ပြောစကား အမှတ်ရပြီး ကိုဗိုက်ပူလည်း ဝေးဝေးရောက်အောင်ခုန်ချပြီး ကာလသားတွေနောက် ပြေးလိုက်သွား၏။ မှင်စာကောင်လေးက သူတို့နောက်ကို လှစ်ခနဲ . . ပြေးလိုက်သွား၏။ ကြောင်တွေထက် ပိုမြန်သေး၏။

အပေါ်ထပ်မှာလည်း ကမ္ဘာပျက်သလို ဆူပွက်နေ၏။ ချောစုက အကုန်လုံးကို ကုတ်ဆွဲ၊ ကုန်းကိုက်နေ၏။ မကုတ်မိ၊ ကိုက်မိအောင် မနည်းရှောင်နေရ၏။

ထိုစဉ် အိမ်ပေါ်ထပ်ကို လူတစ်ယောက် တက်လာ၏။ ယောဂီရောင်ဝတ်စုံကို ဝတ်ထား၏။ လူက သုံးဆယ်ကျော် အရွယ်။ ဥပဓိရုပ်ကောင်းပြီး တည်ကြည်သောအသွင်ရှိ၏။ ယောဂီရောင်လွယ်အိတ်လေး လွယ်ထား၏။

"ကဲ . . ကဲ . . တော်တော့ . . တော်လောက်ရောပေါ့၊ ဘာကြောင့် ဒီထက် ပိုကြမ်းချင်ရတာလဲ။ မိန်းကလေး ဗိုက်ပူမ သရဲမလေးရေ . . မင်းဆက်လုပ်ရင် ဆရာ ဆုံးမရတော့မယ်"

နေလင်းထွန်းနှင့် လုံးထွေးနေရာက ချောစုရပ်တန့်ပြီး အခန်းပေါက်က လူကို လှမ်းကြည့်နေ၏။ ဒီလူနဲ့ကြမှ ချောစု ငြိမ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

"ခင် . . ခင်ဗျား ဘယ်သူလဲ"

"ကျုပ်က ခုနှစ်ရက်သားသမီးတွေကို သူတော်အကျင့်ကျင့်ပြီး ကယ်တင်နေတဲ့ လူသူတော်တစ်ယောက်ပါ။ ခရီးသွားရင်း ဒီရွာမှာ ဒီလိုတွေဖြစ်နေတယ်ဆိုတာ သိလို့ ဝင်ပြီး ရှင်းပေးမလို့ တစ်ညတော့ ဒီမှာ တည်းခိုလို့ရတာပေါ့"

"အီး ဟီး ဟီး ဟီး"

ချောစု ငိုကြွေးလေပြီ။ ဦးငွေမြိုင်နဲ့ ဒေါ်ညိုချောတို့က–

"လုပ်ပါဦး ဆရာ၊ ကျွန်တော့်သမီးလေးကို ကယ်ပါဦး"

"ဟုတ်ပါတယ် . . ဆရာရယ် ညဆိုဖောက်ပြီ။ အရှက်တကွဲ အကျိုးနည်းလည်း ဖြစ်ခဲ့ပြီးပြီ ကယ်ပါဦးရှင်"

"ငါ ဘာမှ မလုပ်တော့ဘူး။ သူ့ကို ပြန်ခိုင်းလိုက် . . အဖေနဲ့ အမေ . . အဲ့လူကို ပြန်ခိုင်းလိုက်"

"မြွေမြွေချင်း ခြေမြင်ပြီးသားပါ။ မင်းရဲ့အစွမ်းကို ငါ မနိုင်ပေမယ့် တားမြစ်နိုင်စွမ်းတော့ရှိတယ် ဗိုက်ပူမလေး"

"ဆရာ . . သူ . . သူက ချိုသဲလား"

"ဝန်ခံပါလိမ့်မယ် . . မေးကြည့်ပါ"

နေလင်းထွန်းက ချောစုကို စေ့စေ့ကြည့်ပြီး –

"ပယောဂပူးကပ်နေတာ ချိုသဲရဲ့ပယောဂ မဟုတ်လား"

"အေး . . ဟုတ်တယ် . . နင်ရက်စက်ခဲ့တဲ့ ချိုသဲ၊ နင့်ကိုလည်း မထားဘူး။ ဒီကောင်မ ချောစုကိုလည်း အရှင်မထားဘူး။ ငါ လက်စားချေရမှ ကျေနပ်မယ်"

"နင် . . နင် အဲ့လိုမလုပ်နဲ့ ချိုသဲ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မယ် . . နင့်ကြောင့် ငါသေရတာ"

"ငါ နင့်ကို မသတ်ပါဘူး"

"နင့်ကလေးကိုမွေးလို့ ငါသေရတာ . . အဖေက မွေးခါ နီးမှာ ငါ့ရဲ့ဗိုက်ထဲကို လက်နှိုက်ပြီး ကလေးကို လိုက်ရှာ ဆွဲထုတ် တာ၊ ငါ့မှာ မချိမဆံ့ ခံစားရတယ်။ ကလေးကို မမိတော့ ဆွဲမိဆွဲ ရာ ဆွဲထုတ်လိုက်တာ"

"အဲ့ဒီမှာတင် ငါလည်း မေ့သွားတယ်။ ကလေးက သူ့ လက်ထဲ မပါဘူး။ ငါ့ရဲ့ အတွင်းကလီစာတွေ ဆွဲထုတ်မိတယ် . . ငါ သတိပြန်ရတော့ ယှဲ့ယှဲ့လေး ကျန်တော့တယ်"

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

“ငါမသေခင်မှာ ငါ့ကို ငါးကန်နဲ့ တာလမ်းဘေးကြားမှာ မီးသင်္ဂြိုဟ်ပေးဖို့ မှာခဲ့တယ်။ ဟင်း . . ဟင်း . . ဟင်း . . ငါတို့သားအဖကို နင့်အမေလာနှင်ထုတ်တုန်းက နောက်နေ့ ပြောင်းခါနီးမနက်မှာ တာလမ်းပေါ်က ရဟန်းတစ်ပါး တောင်ခြေဘက်ကြွနေတာမြင်လို့ အဖေက ငါ့အတွက်လုပ်ပေးထားတဲ့ ငါးရှူးကြော်နဲ့ ဆန်ပြုတ်ကို ငါ ထွက်လောင်းလိုက်မိတယ်”

“ငါဆုတောင်းမိတယ်။ တပည့်တော်မ မတရားခံရတာပါဘုရား . . တပည့်တော်မကို အနိုင်ယူသွားသူတွေကို ပြန်အနိုင်ယူ



www.burmeseclassic.com

www.burmeseclassic.com



ရပါစေ၊ တပည့်တော်မကို တားမြစ်နိုင်သောသူ မရှိရပါလို၏လို့ ဆုတောင်းခဲ့တာ ရဟန်းတော်က လိုတဲ့ဆု ပြည့်စေမယ်၊ တစ်ခုတော့ ချန်ထားမယ်၊ ဆရာစားချန်တဲ့ သဘောပေါ့ဆိုပြီး ကြွချီသွားတယ်''

"အဲ့ဒီလို အလှူပေးမှုကြောင့် ငါသေတော့ ရက်ပိုင်းလေးနဲ့ သရဲဖြစ်လာတယ်။ ကမ္မဇိဒ္ဓိအစွမ်းတွေ သူမတူအောင် ငါရခဲ့တယ်''

"ဟား ဟား ဟား နင်တို့ရှေ့ရောက်နေတဲ့ ဒီဆရာလည်း ငါ့ကိုပြိုင် မနိုင်ပါဘူး။ သူ့ပညာစက်က ငါ ရုန်းထွက်နိုင်တယ်။ သူ့ကိုနိုင်အောင် မတိုက်နိုင်ပေမယ့် ငါ့ကိုလည်း သူ့အာဏာစက်နဲ့ ချုပ်လို့ မရစေရဘူး''

"သရဲ ဗိုက်ပူမ . . နင်ပြောတာ ဟုတ်တယ်။ ဒါပေမယ့် . . နင် ဆက်လုပ်ရဲရင် လုပ်ကြည့်လေ။ ငါ့အာဏာစက်နဲ့ နင့်ကို တားဆီးနိုင်တယ်။ နင်လောင်းလှူခဲ့တဲ့ ရဟန်းဆိုတာ ငါ့ဆရာပဲ''

"တို့ဆရာတပည့်နှစ်ယောက် ဝိဇ္ဇာကျင့်စဉ်တွေ အောင်ပြီး နယ်လှည့်ပြီး ခုနှစ်ရက်သားသမီးတွေကို ကယ်တင်နေတာ၊ ငါ့ဆရာက အသက်ငါးဆယ်နားကပ်နေပြီ . . လေဖြန်းချင်သလို ဖြစ်နေပြီ''

"ရဟန်းဘဝနဲ့ပဲ တရားအားထုတ်တော့မယ်ဆိုပြီး မြို့ကျောင်းမှာ ရဟန်းဝတ် . . ဉပဇ္ဈာယ်ဆရာဆီက ကမ္မဋ္ဌာန်းတရား တောင်းပြီး တောထွက်လာရင်း နင်နဲ့တွေ့တာ၊ ရဟန်းကိစ္စ ဘာမှ မပြီးသေးဘူး''

"နင်လိုချင်တဲ့အဖြစ်ကို သူ့ရဲ့ဆရာအစွမ်းနဲ့ ဖြည့်စွမ်းပေးထားခဲ့တာ . . နင့်ကို ဆရာစားချန်တယ်ဆိုတာက အဲ့ဒီ ငါ့ဆရာပဲ . . နင့်အစွမ်းတွေ ပြန်ရုပ်သိမ်းပြီး နင့်ကို ချုပ်ငြိမ်းအောင် ဖျက်ပစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်ဆိုတာပဲ''

ချောစု ဆတ်ခနဲ တွန့်တုန်သွား၏။ ဝုန်းခနဲ . . ခုန်ထလိုက်ရာက ချောစု ခွေခနဲ လဲကျသွား၏။ နေလင်းထွန်းက ကောက်ပွေ့ထားလိုက်ရ၏။ ရွာထဲမှာလည်း ခွေးတွေ တရစပ်အူပြီး ဟောင်လိုက်၊ မာန်ဖီလိုက်ကြတာ ဝက်ဝက်ကွဲ။

"သူ ထွက်သွားပြီ။ ကလေးမကို သောက်တော်ရေတစ်ခွက်စွန့်ပြီး တိုက်လိုက်ပါ၊ သူပြန်ကောင်းလာလိမ့်မယ်"

"ဆရာလေး . . ချိုသဲ ဘယ်ရောက်သွားပြီလဲ၊ နောက်ဆုတ်သွားပြီလား"

"ချိုသဲဆိုတဲ့ ဗိုက်ပူမသရဲဟာ နောက်ဆုတ်ပြီး ကြောက်ကုပ်နေမယ်လို့ မင်းထင်နေသလား။ ထိုးမယ့်ဆင် နောက်တစ်လှမ်းဆုတ်သလို ဆုတ်သွားတာ၊ အားလုံး သတိထားပြီး နေကြပေတော့ . . ဆရာ တစ်ည တည်းခွင့်ရှိမလား"

"ဟာ . . ရပါတယ်။ တည်းခိုနိုင်ပါတယ် . . ဆရာလေးရယ်၊ ဘာမှမစားရသေးရင် ညစာကို လက်ပူတိုက်ပြီး အမြန်စီစဉ်ပေးပါ့မယ်"

'ဆရာသူတော်'ဆိုသောသူ ရောက်လာမှ ချောစုလည်း သက်သာရာရသွားတော့၏။ ဆရာသူတော်က ဘာမှမစား။ ဘုရားသာ ရှိခိုးပြီး မေတ္တာပို့နေ၏။ ရွာထဲက ခွေးအူသံ၊ ခွေးဟောင်သံတွေ ငြိမ်တိတ်သွား၏။

ချောစုကို နေလင်းထွန်းက ဖက်ထွေးထားရ၏။ ချော တုန်တက်အောင် ကြောက်နေရှာ၏။ ဦးငွေမြိုင်၊ ဒေါ်ညိုချေတို့က ဆရာ



www.burmeseclassic.com

www.burmeseclassic.com

## ဗိုက်ပူမ သရဲ

သူတော်လုပ်သမျှကို စောင့်ကြည့်နေကြ၏။ ဆရာသူတော် (၂)နာရီလောက်ကြာအောင် ဘုရားဝတ်ပြု၊ ကျင့်စဉ် ထိုင်ပြီးသွားတဲ့အခါ–

"အင်း . . မနက်ဖြန်ညတော့ ပွဲကြီးပွဲကောင်းတစ်ပွဲကို နွှဲရတော့မယ်။ ကျုပ်ဆရာကို မနေ့ာနဲ့ ဆက်သွယ်ပြီးပြီ။ သူ မနက်ဖြန်ညသန်းခေါင်ယံတောင် မလာနိုင်ဘူး။ မနက် တုံးခေါက်ချိန်လောက် ရောက်လာလိမ့်မယ်"

"ဆရာကြီးရဲ့အမည်က လူအမည် ဦးထိန်၊ ရဟန်းဘွဲ့အမည် ဦးဝါယမတဲ့ . . ဝိဇ္ဇာလမ်းစဉ်ကနေ ဝိပဿနာလမ်းစဉ် ကူးပြောင်းတော့မှာ၊ တောထဲမှာ ဆရာထိန်ချေချွတ်မှ ကျွတ်မယ့်သူတွေ အရေးက ရှိသေးတယ်"

အဲ့ဒီက ကိစ္စဝိစ္စပြီးစီးမှ ဒီကိုလာနိုင်မှာ ဒီကိုရောက်ရင် သူ စွမ်းအားပေးခဲ့တဲ့ ဗိုက်ပူမလေးကို ဆရာထိန်ပဲ ရဟန်းဘဝနဲ့ တရားပြပြီး ချေချွတ် ဆုံးမနိုင်မှာ၊ ကျုပ်ကတော့ တားဆီးရုံပဲ"

"အင်း . . မနက်ဖြန်ညပွဲကတော့ မီးကုန်၊ ယမ်းကုန် ကြဲတော့မှာပဲ။ ဘုရား၊ တရား၊ သံဃာကို ပိုပြီး ကိုးကွယ် ဆည်းကပ်ကြပေတော့"

ဦးငွေမြိုင်၊ ဒေါ်ညိုချော၊ နေလင်းထွန်းနဲ့ ချောစုတို့ တုန်လှုပ်သွားကြ၏။ ကျန်ခဲ့တာလည်း ဒီလေးယောက်ပဲကိုး။ ကျန်တဲ့ ညီမ၊ တူမတွေလည်း ကာလသားတွေပြေးတာနဲ့ ပြန် လစ်ပြေးကုန်တာ၊ အရိပ်အယောင်တောင် ရှာမရတော့ဘူးလေ။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





# STAGE (7)

"ကိုဗိုက်ပူ . . ဦးသန်းခင်ကြီး ဘယ်ရောက်သွားပြီလဲ"

"သူ့သမီး သင်္ဂြိုလ်ပြီးကတည်းက စိတ်နောက်ပြီး ထွက်သွားတာပဲ။ ချိုသဲက သေတာတောင် သရဏဂုံ မတင်လိုက်ရဘူးလေ။ ငါးကန်ထဲက တဲမှာလည်း ပြောင်းဆန်နေတာပဲ"

"တာလမ်းက နေ့ခင်းကြောင်တောင် သွားတဲ့ကောင်တွေတောင် မြေကျစ်ခဲတွေနဲ့ ပေါက်ခံရတယ်။ ပြောင်ရှင်းပြီး ဘယ်က ပေါက်မှန်း မသိဘူး"

"ဒေါ်တင်စုကြီး ကောက်သင်းလာကောက်တွေ . . အဲ့နား



www.burmeseclassic.com

www.burmeseclassic.com



မှာ တောင်းကြီး ဖွက်ထားလို့ဗျာ။ အဘွားကြီးက ပါးနပ်တယ်၊ ချိုသဲက ကွမ်းကြမ်း သိပ်ကြိုက်တာကိုး . . ကွမ်းကြမ်းကို ထုံးထူထူပွတ်၊ ဗမာဆေးများများထည့်ပြီး လက်နဲ့တင်မြှောက်လို့ –

"ချိုသဲရယ် . . ညည်းနဲ့ငါနဲ့ ကောက်သင်း ကောက်ဖော်၊ ကောက်ဖက်တွေပါ။ ငါ့တောင်းလေး မဖွက်ပါနဲ့ ပြန်ပေးပါဟယ် . . နင့်အတွက် နင့်အကြိုက် ကွမ်းယာကို ငါယာပြီး ဆက်ပါတယ်"

"အဲ့လိုလည်းပြောလိုက်ရော လက်ထဲဆက်ထားတဲ့ ကွမ်းယာ ဘယ်လိုမှန်းမသိအောင် ပျောက်သွားပြီး လေထဲကနေ တောင်းကြီး ပြုတ်ကျလာတယ် . . ကဲ"

နေ့ခင်းဘက်ကြီး ကိုဗိုက်ပူ လာပြောပြနေ၏။ ဦးငွေမြိုင်အိမ်မှာ လူစုံနေ၏။ စပါးရိတ်ပင် မထွက်ကြ။ ကာလသားတွေကို မှင်စာလေးလိုက်လို့ ပြေးရတဲ့အကြောင်း။

ဒေါ်ညိုချောညီမတွေ အိမ်ဘက်မှာ ဒီကပြန်ထွက်လာတဲ့ ချိုသဲက ထရံတွေလိုက်ပုတ်။ သစ်ပင်တွေ ကိုင်လှုပ်၊ ပုံးတွေ၊ ခွက်တွေ လွှင့်ပစ်နဲ့ . . လှည့်ပတ် သောင်းကျန်းသွားပုံတွေ စုံစီနဖာ ပြန်ပြောနေကြလေသည်။

သရက်ချောင်းတစ်ရွာလုံး ချိုသဲကို ကြောက်နေကြ၏။ ဆရာသူတော်က ရွာသူရွာသားတွေကို ပြောဆိုမှာကြား၏။

"ဗိုက်ပူမသရဲက အစွမ်းကြီးတယ်။ ရွာစောင့်နတ်၊ ခြံစောင့်နတ်တွေ၊ အိမ်စောင့်နတ်တွေတောင် တားလို့မရဘူး။ ဒီည သူ ဝင်လာမှာ ကျိန်းသေပဲ"

"အမလေး! . . အဲ့ဒါဆိုရင် ကျုပ်တို့ ဘယ်လိုလုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

"ဘယ်ရွာ ပြောင်းအိပ်ရင် လွတ်မလဲရှင်"

"ဘုန်းကြီးကျောင်း သွားအိပ်မှာပေါ့"

"ကပ္ပိယကြီးပဲ ရှိတယ်။ ကျောင်းထိုင်ဆရာတော်က ရန်ကုန်ကြွသွားတာ ကြာပြီလေ . . ဝါတွင်းဦးမှ ပြန်ကြွလာမယ်တဲ့"

"ဆင်ခေါင်းရွာက ဘုန်းကြီးကျောင်းကို သွားအိပ်မှာ ပြောတာအေ့၊ ဒီရွာမှာ လုံမှ မလုံခြုံတော့ပဲကိုး"

"ကဲ . . ကဲ . . အားလုံးပဲ . . ကျုပ်ပြောတာကို သေချာနားထောင်၊ ကျုပ်က အိမ်တိုင်းကို ဝါးချွန်နဲ့ စည်းတားပေးထားမယ်။ ည(၆)နာရီထိုးတာနဲ့ တစ်အိမ်ကို တစ်ချောင်းယူသွားကြ . . မျှင်ဝါးဝါးချွန်လေးတွေနဲ့ ကိုယ့်အိမ်ကို စည်းတား"

"စည်းတားပြီးရင် အိမ်ထဲကအိမ်ပြင် မထွက်နဲ့တော့ . . ဆီးသွား၊ အလေးသွားချင်ရင် အိမ်ထဲမှာပဲ ဒီတစ်ညတော့ ဖြစ်သလို ဖြေရှင်းကြပေါ့ . . တုတ်ချွန်တွေကို ကာလသားတွေက ရှာပေး၊ ရွာမှာ အိမ်ခြေ ဘယ်လောက်ရှိသလဲ"

"(၈၀)ကျော်မယ် ဆရာလေး"

"တုတ်ချောင်း (၈၀)ချွန်ပေး၊ အဲ့ဒီတုတ်တွေကို ကျုပ်က တစ်နာရီလောက် မန်းမှုတ်ရဦးမှာ . . စည်းပေါက်ပြီး သရဲမရော၊ မှင်စာရော အိမ်ထဲကျူးဝင်လာရင် အဲ့ဒီတုတ်နဲ့သာ လိုက်ရိုက်၊ ဒီတစ်ခါ သရဲမက နာကျည်းစိတ်နဲ့ လက်စတုံးလုပ်တော့မှာ"

ရွာသူရွာသားတွေ ထိတ်လန့်ကုန်ကြ၏။ ကာလသားတွေလည်း ဝါးတွေ သွားခုတ်ပြီး တစ်နာရီအတွင်း ဝါးချွန်(၈၀)ရအောင် လုပ်ပေးကြ၏။



www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပူမ သရဲ

ဆရာသူတော်က ဝါးချွန်တွေကို ဘုရားစင်ရှေ့ ပုံပြီး တစ်နာရီခန့် မန်းမှုတ်လိုက်၊ ဆေးရည်တွေ ပက်ဖျန်းပေးလိုက်နှင့် –

ညနေစောင်းတော့ လူတိုင်းကိုယ်စီ ဝါးချွန်တွေကိုင်ပြီး အိမ်ပြန်ကုန်ကြ၏။ ဒါပေတိ ဦးငွေမြိုင်တို့ အိမ်မှာတော့ စောင့်ပေးမယ့် လူမရှိ။

"ခင်ဗျားတို့ကို လိုရမယ်ရ လုပ်ပေးထားတာပါ။ အခိက ကတော့ ချောစုနဲ့ နေလင်းထွန်းကို သရဲသားအမိက လက်စတုံးချင်တာ . . သူတို့ကို လက်စတုံးလို့မရရင် ကြံ့ရာကို လက်စတုံးသွားမှာစိုးလို့ စီစဉ်ပေးထားရတာ"

ညမိုးချုပ်တော့ ရွာလမ်းပေါ်မှာ တစ်ယောက်မှမရှိတော့။ ဝါးချွန်တွေ ယူဆောင်သွားသော ရွာသားတွေက သူတို့မွေးထားသော ခွေးတွေပါ အိမ်အောက်မှာ ကြိုးနဲ့ချည်ပြီး စည်းဝိုင်းထဲ သွင်းထားလိုက်ကြပြီလေ။

ဦးငွေမြိုင်၊ ဒေါ်ညိုချောတို့လင်မယားကို ဆရာသူတော်ရဲ့ နောက်မှာ စည်းဝိုင်း,ဝိုင်းပေးထား၏။

ဘာကြီးပဲ ပြေးလာလာ၊ ဘာပဲလုပ်လုပ်၊ မျက်စိ စုံမှိတ်ထား။ ဘာသံကြီးကြားကြား လန့်မပြေးနဲ့၊ စည်းဖောက်ပြီး စည်းပေါက်ရင် ပေါက်တဲ့လူ လက်စတုံးခံရမှာနော်။ ကြိုပြောထားတာ ကျုပ်က ခြိမ်းခြောက်နေတာ မဟုတ်ဘူး"

"ဗိုက်ပူမသရဲက သဘက်ဘီလူးထက် ပိုကြောက်စရာကောင်းတယ်။ သူ စိတ်ဆိုးလို့ လက်စတုံးရင် အူပွင့်သေမသား၊ ကုပ်ချိုးခံရပြီး သေမလားဆိုတာ အတတ်ပြောလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

ဆရာသူတော်က အိမ်အောက်ခြေ နွားတင်းကုပ်ရှည်ကြီးနှင့် နီးသောနေရာမှာ နေလင်းထွန်းနဲ့ ချောစုကို တိုင်တစ်တိုင်စီမှာ ကြိုးနဲ့တုပ်ထားရ၏။

"မင်းတို့ စိတ်မခိုင်ဘဲ ထွက်ပြေးရင် စည်းပေါက်မှာစိုးလို့ . . မင်းတို့နှစ်ယောက်က အဓိက ပစ်မှတ်ပဲ။ ဒါကြောင့် . . ဒီလို လုပ်ထားရတာ"

"မင်းတို့အောက်ခြေမှာ ဆရာ စည်းတားပေးထားတယ်။ မင်းတို့ထွက်လာအောင် အမျိုးမျိုးခြောက်လှန့်မှာပဲ၊ အဲ့ဒီ ဒဏ်မခံနိုင်မှာစိုးလို့ သိပ်ကြောက်နေရင် –

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ ဆိုတာကိုပဲ ထပ်တလဲလဲရွတ်နေ"

"ချောစု စိတ်ကို မပျံ့လွင့်စေနဲ့ . . မင်းက လိပ်ပြာလှတော့ မင်းကို ဝင်ပူးကပ်ရလွယ်တယ်။ မင်းရဲ့ရုပ်ခန္ဓာကို ဆရာက ချုပ်ထိန်းထားပေးမယ့် မင်းရဲ့နာမ်ခန္ဓာကို ဗိုက်ပူမသရဲက ခေါ်ထုတ်ပူးကပ်လိမ့်မယ်"

"ဘုရားကို အာရုံပြု၊ ခုနပြောသလို သရဏဂုံသုံးပါးကို ကြောက်လေ ဖိရွတ်လေ ရွတ်နေပါ။ ဆရာမှာတာ မမေ့နဲ့နော်"

"ဟုတ် . . ဟုတ်ကဲ့ ဆရာ"

ဒီလိုနှင့် သူငယ်ခေါင်းချိန်ကို ရောက်လာ၏။ ကြက်တွေထတွန်၏။ စည်းဝိုင်းထဲမှာမို့ ကြက်တွေအတွက် အန္တရာယ်မရှိ။

"ဝုတ် ဝုတ် ဝေါင်း ဝေါင်း ဝုတ်"



www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပူမ သရဲ

"ဝူး အူး အူး အူး"

ရွာတောင်ဖျားဘက်က ခွေးတွေ အူပြီလေ။ ခွေးတွေကို စည်းဝိုင်းထားသော အိမ်တိုင်မှာချည်ထား၍ ခွေးတွေအဝေးက လှမ်းမြင်ပြီး ဟောင်ကြ၊ အူကြခြင်းပင်။

တောင်ဘက်ရွာဝင်လမ်းမှာ ငါးကန်ရှိသောလမ်း။ တာလမ်းကလည်း အရှေ့ဘက်မှာ၊ ရွာထဲကို ပတ်မွှေနေပုံရ၏။ တောင်ဘက်ကနေ အနောက်၊ အနောက်ကနေ အရှေ့ဘက်။ ဦးငွေမြိုင်တို့အိမ်က ရွာအလယ်ခေါင်တည့်တည့်မှာ ဘေးအိမ်က ခွေးတွေက ဟောင်ချင်နေပြီ။ သရဲမက ဒီနားကို မကပ်သေး။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





# STAGE (8)

တစ်ရွာလုံး ငြိမ်တိတ်သွားပြန်၏။ ဦးငွေမြိုင်တို့ လင်မယားရဲ့ ဘုရားစာရွတ်ဆိုသံသာ သဲ့သဲ့ကြားနေရ၏။ နေလင်းထွန်းလည်း အသံတိုးတိုးဖြင့် ရွတ်နေ၏။ ချောစုကတော့ စိတ်ထဲက ရွတ်နေသလားမသိ။

ဆရာက အမွေးတိုင် သုံးတိုင်၊ ဖယောင်းတိုင် သုံးတိုင်ကို ထွန်းညှိပြီး တရားထိုင်နေသလို မလှုပ်မယှက် ထိုင်နေ၏။ ဗိုက်ပူမတို့သားအမိအပေါ် မေတ္တာကမ္မဋ္ဌာန်း စီးဖျန်းနေခြင်း ဖြစ်သည်။

သက်ကြီးခေါင်းချချိန် ရောက်ပြီ။ ကြက်တွန်သံတွေ ပြန်



www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပူမ သရဲ

ပေါ်လာ၏။ ခွေးတွေ တစ်ရွာလုံး ပြိုင်တူဟောင်ကြ၊ ပြီးတော့ ပြိုင်တူ အူကြတော့၏။ ညကလည်း မိုက်မှောင်လွန်းလာ၏။

အောက်လင်းဓာတ်မီးကြီးကို အိမ်အောက်မှာ ထွန်းထား၏။ အပေါ်ထပ်မှာ ဘုရားမီးနဲ့အမွှေးတိုင်ကို ဒေါ်ညိုချောရဲ့ညီမသားအမိတွေက မပြတ်တမ်း ထွန်းညှိ ပူဇော်ပေးနေရ၏။

"ဘုရားမီးနဲ့ အမွှေးတိုင်သာ မပြတ်စေနဲ့ . . သရဲမရော၊ မှင်စာပါ အိမ်ပေါ်မတက်နိုင်ဘူး"

"လုပ်ပေးပါညီမရယ် . . နင့်ကို ကိစ္စဝိစ္စပြီးရင် ရွာရှေ့က ကိုင်းလုပ်တဲ့ လယ်ကွက်တစ်ကွက် ပေးပါ့မယ်"

အဲ့ဒီလို စည်းရုံးထား၍ လာနေပေးခြင်းပင်။ ခုနှစ်စင်ကြယ် အမြီးထောင်ပြီး သန်းခေါင်ညရောက်ပြီ။

တခြားနေရာတွေမှာ လေမတိုက်။ ဦးငွေမြိုင်အိမ်ထဲကို လေပြင်းတွေ သီးသန့် ဝှေ့တိုက်လာ၏။

"ဖြောင်း! . . ဖြောင်း! . . ဖြောင်း! . ."

ပဲသီးစင်တွေပေါ် လူပြေးတက်လာသံမျိုး ကြားရ၏။

ဗိုက်ပူမသရဲ ရောက်လာပြီ။ ဆရာသူတော်ရော၊ အားလုံး သိလိုက်ကြပြီလေ။

"အဟွတ် . . ဟွတ် . . အူ . . အူး . . အင်း အင်း ဟင်း ဟင်း အီး ဟီး ဟီး ဟီး"

ချောစု ထဖောက်ပြီး ခန္ဓာကိုယ်ကြီးကို ကြိုးလွတ်အောင် အတင်းရုန်းထွက်နေ၏။ ခေါင်းကလည်း ဘယ်ပြန်ညာပြန် ရိုက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

"အင်း . . ဒီကလေးမ ဘုရားစာရွတ်ခိုင်းတာ မရွတ်ဘူး။ သတိလွတ်တုန်း ပယောဂ ဖမ်းစားခံရတာပဲ"

ဆရာသူတော် ထသွားပြီး လူးခါနေသော ချောစုကို ပဌာန်းရွတ်ဆိုရင်း ရေစင်ဖြင့် တောက်ပစ်လိုက်၏။ ဒီတော့မှ ချောစုလည်း ပြန်ငြိမ်သွားတော့၏။

"ဆ . . ဆရာ သူ . . သူတော်"

"ဘာလဲ . . နေလင်းထွန်း"

"ရိပ်ခနဲ တွေ့လိုက်တယ်။ လူကောင်က နှစ်ဆကြီးတယ်။ ဆံပင်ဖားလျားနဲ့ မဲမဲကြီး အိမ်နောက်ဘက်ကို ခုန်ထွက်သွားတယ်"

"သွားပါစေ"

"ဆရာကြီး . . ကျုပ်တို့လင်မယားအနားမှာ တဝီဝီနဲ့ ဘာကောင်ကြီး ပတ်နေတာလဲ မသိဘူး။ မြန်လွန်းလို့ ရိပ်ခနဲပဲ မြင်ရတယ်"

ခြံထဲမှာ မီးအိမ်ခြောက်လုံး နေရာအနှံ့ထွန်းပြီး မီးစာမြှင့်ထား၍ အတန်အသင့် မြင်နေရ၏။

"မကြောက်နဲ့ မှင်စာလေးပါ။ အချိန်တန်ရင် ရပ်သွားလိမ့်မယ်။ စည်းအပြင်မထွက်နဲ့ . . ကျုပ်လာခဲ့ပြီ"

ဆရာသူတော် ရောက်သွားပြီး ရေစက်နှင့် လိုက်တောက်တော့မှ အရှင်းပျောက်သွားတော့၏။ တဖန် ပြန်လည်ငြိမ်သက်သွားပြန်၏။ ငြိမ်သွားတာမှ ခြကိုက်သံကိုပင် ကြားနေရမလောက်။

နွားတင်းကုပ်ထဲက နွားတွေ ဝရုန်းသုန်းကား ဖြစ်ကုန်၏။ နွားတွေ ကြိုးပြတ်ပြီး အချင်းချင်း လိုက်ခွေ့ကုန်ကြ၏။ အခွေ့ခံရ



www.burmeseclassic.com

www.burmeseclassic.com



သော နွားတွေက ကြိုးပျက်အောင်ရုန်းပြီး ခြေဦးတည့်ရာ ထွက်ပြေးကုန်ကြ၏။

“ငါ့နွားတွေ . . ငါ့နွားတွေ . . လန့်ကုန်ပြီ”

“မပူနဲ့ . . ချည်တိုင်ကို ပြန်လာလိမ့်မယ်၊ စည်း မဖောက်နဲ့”

နွားတင်းကုပ်ထဲက နွားသိုးကြီးတစ်ကောင်နှင့် နွားသိုးပေါက်တစ်ကောင် ကဆုန်ပေါက်ပြီး ပြေးထွက်လာ၏။

“ကျုပ်တို့ကို ပြေးဝှေ့တော့မယ်၊ နွားရူးစိတ်ပေါက်နေပြီ”

“စည်းအပြင်သာ မထွက်နဲ့ . .”

နွားနှစ်ကောင်က ဆရာသူတော်၊ ဦးငွေမြိုင်၊ ဒေါ်ညိုချောတို့ဆီ ဒုန်းပြေးလာ၏။ အနားရောက်မှ ကပ်ကွေ့သွားပြီး တိုင်မှာကြိုးနှင့်ချည်ထားသော နေလင်းထွန်းဆီ နွားသိုးငယ် အပြေးသွား၏။ နွားသိုးကြီးက ချောစုထံ ဒုန်းပြေး၏။

“အမလေး! . . သမီးလေး”

“ဟာ! . . ဆရာ လုပ်ပါဦး”

“ငြိမ် . .”

“ဝပ်ထရိမ်း . . ဒရော . . ဝုဒ် . . ဝပ်ထရိန်း”

နွားကြီးတွေ အနားရောက်မှ ခြေခေါက်ပြီး ဝပ်စိုက်ကျ၏။ ပြန်ထပြီး ခြံထဲမှာ လှည့်ပတ်ပြေးနေ၏။ တခြားနွားတွေက ရွာထဲတွေ ပြေးကုန်ပြီး ခွေးတွေကလည်း မဲ့မဲမြင်ရာ ထိုးဟောင်လိုက်တာမှ သဲသဲမဲမဲ။

ရွာထဲမှာလည်း ဆူညံပွက်လောရိုက်၊ ကမ္ဘာပျက်နေပေပြီ။ နွားသိုးနှစ်ကောင်က မီးအိမ်ချိတ်ထားသော တိုင်တစ်တိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်လှဲပြီး မီးအိမ်ကို ခွာနဲ့ ပေါက်ခွဲပစ်လိုက်၏။ ကျန်သော မီးအိမ်တွေကို လိုက်ခွဲဖို့ ကြိုးစားနေ၏။

မီးအိမ်တွေက မာလကာပင်မှာ ချိတ်ထား၍ မာလကာပင်ကိုပြေးပြီး ခေါင်းနဲ့ခွေ့ တိုက်ခွဲ၏။ နောက်တစ်လုံး ထပ်ကွဲပြန်၏။ လေးလုံးသာ ကျန်တော့၏။ လူတွေကို လုပ်လို့မရသောအခါ မီးအိမ်တွေကို သဲကြီးမဲကြီး လိုက်ခွဲနေ၏။

"သမီးလေး . . မကြောက်နဲ့နော်"

"ကလေးမ သရဏဂုံသုံးပါးကို ထပ်တလဲလဲ ရွတ်နေပါ"

ချောစုလည်း မျက်စိစုံမှိတ်ပြီး ရွတ်ဆိုနေ၏။ နေလင်းထွန်းက –

"ဟာ ! . . ဆရာသူတော် . . ဟိုမှာ"

"သိတယ် . . ပဲစင်မှာချိတ်ထားတဲ့ မီးအိမ်ကို ထပ်ခွဲနေပြီ။ အမှောင်ကျအောင် လုပ်နေတာ တောင့်ခံထား မကြောက်ကြနဲ့ . . စိတ်ခိုင်ခိုင်ထား"

နွားသိုးနှစ်ကောင်က လှည့်ပတ် သောင်းကျန်းနေ၏။ နောက်ဆုံး ဆရာသူတော်တို့ခေါင်းပေါ် ထုတ်တန်းမှာ ချိတ်ထားသော မီးအိမ်သာ ကျန်တော့၏။

နွားသိုးနှစ်ကောင်က ဒုန်းစိုင်းပြေးတာရပ်ပြီး နှာ တရှုံးရှုံး မှုတ်ရင်း ဆရာသူတော်တို့အနား ကပ်လာ၏။ စည်းဝိုင်းနားအရောက်မှာ တွန့်ပြီး နောက်ဆုတ်သွား၏။

နေလင်းထွန်းအနားကိုသွားပြီး ဦးချိုနဲ့ လှမ်းဆော်သေး၏။ ခတ်မရတော့ ခွာနဲ့ လှည့်ပေါက်ပြန်၏။ နွားသိုးပေါက်လေးက



www.burmeseclassic.com

www.burmeseclassic.com



ခတ်သတ်ချင်နေသော်လည်း စည်းကို ကျော်လို့မရ။

နွားသိုးကြီးက ချောစုကို အသည်းအသန် ခတ်ချင်နေ၏။ နောက်ကို ပြန်လှည့်။ ခပ်လှမ်းလှမ်းက အရှိန်ယူပြီး ဒုန်းပြေး ခတ်၏။

"ဟာ! . . "

"အမလေး! . . "

"တိတ်"

"ရှူး . . ဖရောက် . . ခလောက် . . ဝူး . . ဝုန်း . . ရှူး . . ဖရူး ဘွတ်အဲ"

စည်းဝိုင်းနားအရောက်မှာ ရှေ့ခြေထောက်တွေ ဖြတ် ရိုက် ချိုး ခံလိုက်ရသလို ပစ်လဲသွား၏။ ချက်ချင်း မာန်နှင့် ကုန်းရုန်းထ ပြီး နည်းမျိုးစုံနှင့် ခတ်ကြည့်နေ၏။ တရှူးရှူးမှုတ်ရင်း လှည့်ပတ် နေ၏။

ဆရာသူတော်က မေတ္တာသုတ်ကို ဖိရွတ်ပေးနေ၏။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com





# STAGE (၇)

(((တုံ . . တုံ . . တုံ)))

(((တုံ တုံ တုံ တုံ)))

(((တုံ တုံ တုံ တုံ တုံ တုံ)))

ကျောင်းထိုင်ဆရာတော် မရှိသော်လည်း ရွာသားတွေ လယ်ထဲဆင်းဖို့အချိန်သိစေရန် ကပ္ပိယကြီးက မနက်တိုင်း တုံးမောင်း ခေါက်ပေးနေ၏။ တုံးမောင်းခေါက်သံ ကြားသည်နှင့် နွားနှစ်ကောင်ပြေးပူးကပ်ပြီး ကြောက်ခမန်းလိလိ အသံရှည်ကြီး ဆွဲအော်ရင်း မြေပေါ်ကို နှစ်ကောင်လုံး ငြိမ်သက် တိတ်ဆိတ်သွား



www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပူမ သရဲ

၏။ နောက်ထပ် နာရီဝက်ကြာတဲ့အထိ ငြိမ်တိတ်သွား၏။

မနက် ငါးနာရီဆို တစ်ရွာလုံး နိုးပြီ။ ဆရာသူတော်က တုံးမောင်းခေါက်သံ ကြားပြီးရင် အန္တရာယ်ရန် တစ်ဝက်အေးပြီ။ ငါးနာရီထိုးရင် စည်းအပြင်ထွက်ပြီး ကိုယ်လုပ်ချင်ရာလုပ်လို့ရပြီဆိုတာနဲ့ ရွာသူရွာသားတွေ ဓာတ်မီးတဝင်းဝင်းနဲ့ ရောက်လာကုန်ကြ၏။

"ကဲ . . စည်းအပြင် ထွက်နိုင်ကြပြီ။ ကောင်လေးနဲ့ ကောင်မလေးကို ကြိုးဖြုတ်ပေးလိုက်ပါ၊ ကျုပ်လည်း ရေအိမ်တက်ချင်နေပြီ"

ဆရာသူတော် အိမ်သာဘက် ထွက်သွား၏။ နေလင်းထွန်းနဲ့ ချောစုကို ရွာသားတွေရောက်လာပြီး ဝိုင်းဝန်းကြိုးဖြည်ပေးလိုက်ကြ၏။ လဲကျနေသော နွားတွေကို ဓာတ်မီးနဲ့ သွားထိုး ကြည့်သူတွေက –

"ဟာ! . ."

"အောင်မလေး! . ."

"အလို . . ကျွတ် . . ကျွတ် . . ကျွတ်"

"ဘာဖြစ်တာလဲ"

"နွားနှစ်ကောင်လုံး ဗိုက်ပွင့်ထွက်နေပြီ။ ဒီမှာကြည့်စမ်း . . အထဲက ကလီစာတွေ မရှိတော့ဘူး"

"ဟော့ . . ဒီမှာ စွပ်ကြောင်းကြီး သွေးတွေနဲ့လူးနေတယ်"

"ဟာ! . . ဗိုက်ပူသရဲမက နွားကလီစာတွေ ဆွဲစားသွားတာလား။ ကျွတ် . . ကျွတ် . . ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



# စေတန်

"ကြောက်ဖို့ကောင်းလိုက်တဲ့ ချိုသဲရယ်"

တစ်ယောက်တစ်ပေါက် ဝေဖန်ပြောဆိုရင်း နွားသေကြီး နှစ်ကောင်ကို မစားရက်၍ ရွာပြင်ထမ်းထုတ်ပြီး မြေမြှုပ်လိုက်ကြရ၏။ အလုပ်တွေ ရှုပ်နေရာက မိုးစင်စင်လင်းသွား၏။

ဆရာတော်တစ်ပါးကြွလာ၍ နေရာထိုင်ခင်း စီစဉ်ပေးကာ ညှော်ဝတ်ပြုလိုက်ကြရ၏။ နံနက်ဘုန်းပေးဖို့ရန် မိန်းမတွေက စီစဉ်နေကြ၏။

"သူတော်"

"ဘုရား"

"ခုန..ကလေးမတို့သားအမိနဲ့ ငါ လမ်းမှာ တွေ့ခဲ့တယ်။ ငါ မြတ်ဗုဒ္ဓရဲ့တရားပြပြီး ဟောပြော နားချလိုက်တယ်..ကလဲ့စား ချေတာ ဝဋ်မလည်စေတာ ဆုံးနိုင်တော့မှာ မဟုတ်ဘူးဆိုတာ သားအမိ သဘောပေါက်သွားတယ်"

"ဒီညနေ နွားရိုင်းသွင်းချိန်လောက်မှာ သူ့ကို သင်္ဂြိုဟ်တဲ့ နေရာမှာ ငါ့ကို သင်္ကန်းကပ်လှူပေးဖို့ ဒကာနေလင်းထွန်းကို မှာသွား တယ်။ ဒါမှ သူတို့ ကျွတ်တန်းဝင်မယ်တဲ့"

"သင်္ကန်းကပ်ရင်လည်း နေလင်းထွန်းနဲ့ သူ လက်ထပ်မယ့် မိန်းကလေးရယ်၊ ငါကိုယ်တော်ရယ် ဒါပဲရှိနေစေချင်တယ်"

"နေလင်းထွန်းရဲ့ဘေးမှာ သူတို့သားအမိအတွက် နေရာ လေး လုပ်ထားပါ။ နေလင်းထွန်းတို့ဇနီးမောင်နှံ လောင်းက အမျှ ဝေရင် သာဓုခေါ်မယ်တဲ့..ဘယ်သူမှ လိုက်မလာကြစေနဲ့"

"မှန်လှပါ..သဘောပေါက်ပါပြီ ဘုရား"





www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ပူမ သရဲ



သူတော်ကပြောပြီး ရွာသားတွေက ဒီရဟန်းဟာ သူ့ဆရာထိန်ကြီးဖြစ်ကြောင်း ပြောပြပြီး နံနက်ဆွမ်း ကပ်လှူစေ၏။ ဆွမ်းစားပြီးသော် ဗိုက်ပူမသရဲသားအမိ ကျွတ်လွတ်ဖို့ သင်္ကန်းနှစ်စုံ မြို့တက်ဝယ်သူ ဝယ်ကြ၏။

တစ်နေလုံး ပြင်ဆင်လှုပ်ရှားနေကြ၏။

နေလင်းထွန်းခများတော့ ရင်တထိတ်ထိတ်။ ဗိုက်ပူမ စိတ်ဖောက်ပြီး အူတွေ ဆွဲနှုတ် စားသွားမလား။ ချောစုကလည်း အဲ့သလိုမျိုး ပူပန်နေ၏။ ဒါကို ရိပ်မိသော ဆရာသူတော်က –

“မင်းတို့ရှေ့မှာ ငါ့ဆရာတော် တစ်ယောက်လုံး ရှိတယ်။ ဘာအန္တရာယ်မှ မရှိဘူး။ ဗိုက်ပူမ သရဲမ ကျွတ်သွားမှ မင်းတို့ ရှေ့ရေးက အားလုံး အေးအေးဆေးဆေးဖြစ်သွားမှာကွ”

BURMESE CLASSIC

ဆရာတော်ကြီးက သင်္ကန်းနှစ်ထည်အလှူခံပြီး ရေစက်ချပေးနေ၏။ ချောစုဘေးမှာ နေလင်းထွန်း၊ နေလင်းထွန်းဘေးမှာ တစ်ယောက်ထိုင် ဖျာလေးနှစ်ချပ်။

နေလင်းထွန်း ကြောက်လည်း ကြောက်၊ စိတ်လည်း မကောင်း။ သူ မိုက်မှားမိလို့ သူတို့သားအမိ ဒုက္ခရောက်ရတဲ့အပေါ် ကိုယ့်ဘာသာလည်း မကျေနပ်၊ ယူကျုံးမရ။ ဖြေမဆည် မျက်ရည်နဲ့ ရေစက် အပြိုင်ချ နေမိ၏။

ဘေးနားမှာ တရားနာယူနေသော ချိုသဲနဲ့ သူ့သား ငုတ်တုပ်နီတာရဲလေးကို မျက်လုံးထောင့်က ရေးရေးလေးတွေ့နေရ၏။ ကြောက်စိတ်ကိုဖျောက်ပြီး ဂရုဏာမေတ္တာစိတ်ဖြင့် –

“ချိုသဲနဲ့ သားလေးရေ . . မင်းတို့အတွက် ဟော့ဒီလင်ဆိုး



www.burmeseclassic.com

www.burmeseclassic.com

# စေတန်

ကြီး၊ ဖေဖေလူမိုက်ကြီးက သင်္ကန်းလှူရသော ကုသိုလ် အဖို့ဘာဂကို အမျှ . . အမျှ . . အမျှပေးဝေစေပါတယ် ခေါ်ကြပါတော့ . . သာဓု . . သာဓု . . သာဓု"

သုံးကြိမ် အမျှပေးဝေလိုက်သည်နှင့် နေလင်းထွန်းကို ဘေးတိုက် ကြေကွဲ ရီဝေစွာ စိုက်ကြည့်နေသော မိုက်ပူမရဲ့ပုံရိပ်။

အူဝဲ . . အူဝဲ . . အူဝဲနဲ့ သာဓုခေါ်သွားသော သားလေးရဲ့ ပုံရိပ်နဲ့ အသံသဲ့သဲ့တွေ . . တစ်စစီကြေကွဲ၊ ကြေမွ အငွေ့ပျံပြီး လေထဲ ပျော်ဝင် ပျောက်ကွယ်သွားကြလေတော့သတည်း။

ပြီးပါပြီ။

စေတန်



www.burmeseclassic.com

www.burmeseclassic.com

ဗိုက်ပူမ သရဲ 

# ဓေတာင်

၏

## ဆဋ္ဌမမြောက် အထူးထုတ် သရဲစာအုပ်

---

# သရဲဂိမ်း

# HORROR GAME

– ချာလီ . . ချာလီ သရဲခေါ်ရာမှ နောက်ဆက်တွဲပေါ်ပေါက်လာသည့် ချောက်ချားစရာ အဖြစ်အပျက်များ၊ နိုင်ငံတကာ သရဲခေါ်နည်းများ၊ တရုတ်သရဲခေါ်နည်းတို့ကို ကစားခဲ့ကြတဲ့ လူငယ်တစ်သိုက်ရဲ့ အဖြစ်အပျက်များကို သရဲဂိမ်းအဖြစ် ပုံဖော်လိုက်သော အခါ . .

### မကြာမီ လာမည် • • မျှော်